# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ - ၂၂၁)


၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁၂ ရက်၊ ကြာသပတေးနေ့ အတွဲ (၆၅)၊ အမှတ်(၁၃၅)


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# တိုင်းရင်းသားပြည်သူအားလုံးက ပင်ကိုနိုးကြားသည့် အသိစိတ်ဖြင့် လောကပါလတရားများကို ကျင့်သုံးစောင့်ထိန်းမှသာ အေးချမ်းသာယာသောနိုင်ငံအဖြစ် ရေရှည်ရပ်တည်နိုင်မည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၂၀၂၆ ခုနှစ်၊ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ**

( ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက် )

ချစ်ကြည်လေးစားရပါသော

ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကို မောင်နှမများ ခင်ဗျား

ယနေ့ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့၊ နေ့ထူးနေ့မြတ် အခါသမယ၌ ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး ကောင်းကျိုးမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာနိုင်ငံသည် နယ်ချဲ့တို့၏လက်အောက်တွင် နှစ်ပေါင်း (၁၀၀)ကျော် နေထိုင်ခဲ့ရပြီး ၎င်းတို့၏ သွေးခွဲအုပ်ချုပ်မှုကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲခဲ့ရပါသည်။ နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အတူလက်တွဲ၍ အသက်ပေါင်းများစွာ ပေးဆပ်ပြီး တိုက်ပွဲဝင်ခဲ့ကြပါသည်။ တောင်တန်းဒေသနှင့်ပြည်မ တပေါင်းတစည်းတည်း လွတ်လပ်ရေးရယူရန် သန္နိဋ္ဌာန်ဖြင့် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် တိုင်းရင်းသားခေါင်းဆောင်ကြီးများက

စာမျက်နှာ ၃ ကော်လံ ၁ ◆

## (၁၉) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ၊ (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် (၁၃) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတို့တွင် ဆုတံဆိပ်များ ရယူဆွတ်ခူးပေးခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် တပ်မတော်သား အားကစားသမားများနှင့် ဆုတံဆိပ်များရရှိအောင် စွမ်းဆောင်ပေးခဲ့သည့် နည်းပြများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

(၁၉) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ၊ (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် (၁၃) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတို့တွင် ဆုတံဆိပ်များ ရယူဆွတ်ခူးပေးခဲ့ကြသည့် တပ်မတော်သားအားကစားသမားများနှင့် နည်းပြများအား ဂုဏ်ပြုဆုများချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာညှိနှိုင်းခန်းမဆောင်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကော်မရှင်အတွင်းရေးမှူး

စာမျက်နှာ ၄ ကော်လံ ၁ ❂



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ ပိုက်ကျော်ခြင်း (အသင်းလိုက်) ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုရရှိခဲ့သည့် အရာခံဗိုလ် သန့်ဇင်ဦးအား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်စဉ်။




# စည်းလုံးမှုသည် နိုင်ငံ့အင်အား

အေးအတူ ပူအမျှ အတူတကွ နေထိုင်ကြမည်ဟူသော သန္နိဋ္ဌာန်ဖြင့် ငါတို့အားလုံး တစည်းတလုံးတည်းဖြစ်သည်ဟူသော ပြည်ထောင်စုစိတ်ဓာတ်ကို သက်သေထူခဲ့သည့်နေ့သည် ပြည်ထောင်စုနေ့ဖြစ်သည်။ လွန်ခဲ့သော ၇၉ နှစ်က ရှမ်းပြည်နယ်တောင်ပိုင်း၊ ပင်လုံမြို့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင် ၂၃ ဦးတို့ သမိုင်းဝင် ပင်လုံစာချုပ်ကိုချုပ်ဆိုကာ တောင်တန်းနှင့်ပြည်မတို့ တလုံးတစည်းတည်း လွတ်လပ်ရေးရယူခဲ့ကြခြင်းဖြင့် သမိုင်းမော်ကွန်း တင်ခဲ့ကြသည့်နည်းတူ မိမိတို့ခေတ်တွင်လည်း တစ်သွေးတည်း တစ်သားတည်းဟူသော စည်းလုံးညီညွတ်မှုဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲစေရန် ဆက်လက်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရေးအတွက် ဤပြည်ထောင်စုနေ့တွင် သန္နိဋ္ဌာန်ပြုကြရမည်ဖြစ်သည်။

မျက်မှောက်ကာလ ကမ္ဘာ့အခင်းအကျင်းမှာ မည်သည့်အခါကနှင့်မျှမတူသော အခင်းအကျင်းသစ်ဆီသို့ တူရှုပြုလျက်ရှိသည်။ ကမ္ဘာ့အင်အားကြီးနိုင်ငံများအကြား အားပြိုင်မှု၊ အကျိုးစီးပွားကာကွယ်မှုတို့မှ ပေါ်ထွက်လာသည့် တင်းမာမှုများက ကမ္ဘာ့အရှေ့ပိုင်း၊ အလယ်ပိုင်း၊ အနောက်ပိုင်း စသည်ဖြင့် နေရာအသီးသီးတို့မှာ တည်ငြိမ်မှုပျက်ပြားလာစေသည်။ အင်အားကြီးနိုင်ငံများက ဖွံ့ဖြိုးဆဲနိုင်ငံငယ်များအပေါ် စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေးတို့အရ လွှမ်းမိုးချုပ်ကိုင်နိုင်ရန်၊ ဩဇာခံအဖြစ်ထားရှိရန် ဆောင်ရွက်မှုများကို တွေ့မြင်နိုင်သကဲ့သို့ ကမ္ဘာ့နိုင်ငံများစွာတို့မှာ မိမိတို့၏ အမျိုးသားအကျိုးစီးပွား ကာကွယ်ရေးအတွက် မိမိတို့၏ကာကွယ်ရေးစွမ်းအားခိုင်မာတောင့်တင်းစေရန် မြှင့်တင်နေကြသည်ကိုလည်း တွေ့မြင်နိုင်သည်။ ပထဝီအနေအထားနှင့် သယံဇာတထွက်ရှိမှုတို့အရ အရေးပါသည့် မိမိတို့နိုင်ငံအနေဖြင့် အင်အားကြီးနိုင်ငံတို့၏ ပြိုင်ဆိုင်မှုတွင် ကြားခံနယ်ပယ်တစ်ခုအဖြစ် အသုံးချမခံရစေရန် မိမိကိုယ်ကိုကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် ပြည်တွင်းအင်အားကို အခိုင်အမာ တည်ဆောက်ထားရန်လိုသည်။

လက်ရှိ မိမိတို့နိုင်ငံ၏ ပြည်တွင်းအခြေအနေကိုကြည့်လျှင်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့နှင့် ပြည်တွင်းပြည်ပမှ အဖျက်သမားများ၊ လက်နက်ကိုင်သောင်းကျန်းသူများက မိမိတို့နိုင်ငံအကျိုးကို မလိုလားသည့် အင်အားကြီးနိုင်ငံအချို့၏ နောက်ကွယ်မှ သွေးထိုးမြှောက်ပင့်ကူညီအားပေးမှုတို့ဖြင့် ဆူပူအကြမ်းဖက်မှုများ၊ တိုက်ခိုက်ဖျက်ဆီးမှုများ ပြုလုပ်နေကြသည်။ ၎င်းတို့၏ အကြမ်းဖက်အဖျက်လုပ်ရပ်များကြောင့် အပြစ်မဲ့ပြည်သူများစွာ သေကျေဒဏ်ရာရရှိခဲ့ကြသလို စီးပွားဥစ္စာ အိမ်ရာတိုက်တာများ ပျက်စီးဆုံးရှုံးကြရသည်။ နိုင်ငံတော်အနေဖြင့်လည်း နိုင်ငံပိုင်အဆောက်အအုံများ၊ လမ်းပန်းဆက်သွယ်ရေး အခြေခံအဆောက်အအုံများနှင့် နိုင်ငံ၏အရင်းအမြစ်များစွာတို့ ဆုံးရှုံးရသည်။

နိုင်ငံတော်ကိုဆန့်ကျင်ကာ လက်နက်ဆွဲကိုင် ဆန့်ကျင်ဆူပူသောင်းကျန်းနေကြသည့် အကြမ်းဖက်အဖျက်အုပ်စုများမှာလည်း ၎င်းတို့အချင်းချင်း သူတစ်လူ ငါတစ်မင်းဆိုသလို အကွဲကွဲအပြားပြား မင်းမူနေကြပြီး အကျိုးစီးပွားများ ကိုယ်စီရှာဖွေနေကြခြင်းဖြစ်ရာ ယင်းသို့သောအခြေအနေက ရေရှည်တွင် နိုင်ငံအတွက် များစွာအန္တရာယ်ကြီးမားသည့်အလျောက် အကြမ်းဖက်ဆူပူသောင်းကျန်းမှုများ ချုပ်ငြိမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရေးတို့အတွက် တိုင်းရင်းသား နိုင်ငံသားပြည်သူတစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှုအားဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်သည်။

တိုင်းရင်းသားလူမျိုးပေါင်း ၁၃၅ မျိုးတို့ အတူတကွ ပေါင်းစည်းနေထိုင်ကြသည့် ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့ အစွန့်ရှည်တည်တံ့ရေးအတွက် အသက်တမျှအရေးပါသည့် အမျိုးသားအကျိုးစီးပွားတို့မှာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အရေးသုံးပါးပင်ဖြစ်သည်။ နိုင်ငံတစ်ဝန်းလုံးတွင် နေထိုင်ကြသည့် နိုင်ငံသားအားလုံးက ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ကြရာတွင်လည်း ပြည်ထောင်စုစိတ်ဓာတ်က အရေးကြီးသည်။ မိမိနိုင်ငံနှင့် လူမျိုးကို အစဉ်စောင့်ရှောက်လိုသည့် စိတ်ဓာတ်၊ အမျိုးဂုဏ် ဇာတိဂုဏ်နှင့် အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းလိုသည့် စိတ်ဓာတ်တို့ကို အခြေခံကာ နိုင်ငံသူ၊ နိုင်ငံသား တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက စည်းလုံးညီညွတ်သောအင်အားဖြင့် နိုင်ငံကို ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ခြင်း၊ တစည်းတလုံးတည်း ချစ်ကြည်စွာ မိသားစုဝင်များအဖြစ် ပေါင်းစုနေထိုင်သွားကြခြင်းဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်ကြာ တည်တံ့ခိုင်မြဲနေမည်ဖြစ်သည့်အကြောင်း။




## မြန်မာနိုင်ငံ သံမဏိလုပ်ငန်းရှင်များအသင်းမှ ဝမ်းမြောက်ဝမ်းသာစွာ အထူးဂုဏ်ယူကြောင်း ကြေညာချက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ(၁၁)ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ရန်ကုန်တက္ကသိုလ်က အထူးဘွဲ့နှင်းသဘင် အခမ်းအနားဖြင့် ဂုဏ်ထူးဆောင် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုပါရဂူဘွဲ့ Honorary Doctor of Public Administration (D.P.A. honoris causa) ကို ဖေဖော်ဝါရီလ (၅) ရက်နေ့တွင် ချီးမြှင့်အပ်နှင်းကြောင်း ဝမ်းမြောက်ဂုဏ်ယူစွာဖြင့် ကြားသိခဲ့ရပါသည်။

ယာယီသမ္မတကြီးသည် အခက်အခဲပေါင်းများစွာ၊ စိန်ခေါ်မှုပေါင်းများစွာ၊ သစ္စာစောင့်သိခြင်း ပျက်ယွင်းမှုပေါင်းများစွာတို့အား ၎င်း၏ ကိုယ်စွမ်း၊ ဉာဏ်စွမ်း၊ ဦးဆောင်နိုင်မှုစွမ်းအားတို့ဖြင့် အောင်မြင်စွာ နိုင်ငံတော်နှင့်နိုင်ငံသားတို့အတွက် ဖြေရှင်းတည်ဆောက်အောင်မြင်မှုရရှိခြင်းများအပေါ် ဂုဏ်ထူးဆောင် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုပါရဂူဘွဲ့ Honorary Doctor of Public Administration (D.P.A. honoris causa) ကို ရန်ကုန်တက္ကသိုလ်မှ ထိုက်တန်စွာ ချီးမြှင့်အပ်နှင်းခဲ့ပြီးဖြစ်ပါသည်။ ထိုသို့ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ ချီးမြှင့်အပ်နှင်းခြင်းခံရခြင်းအပေါ် မြန်မာနိုင်ငံ သံမဏိလုပ်ငန်းရှင်များအသင်းမှ လှိုက်လှဲဝမ်းသာစွာ ဂုဏ်ယူဝမ်းမြောက်ခြင်းနှင့်အတူ ဤကြေညာချက်အား ထုတ်ပြန်အပ်ပါသည်။ နိုင်ငံတော်ကြီး တည်ငြိမ်၊ ဖွံ့ဖြိုးစည်ပင်သာယာဝပြောရေးနှင့်အတူ ပြည်သူလူထု၏ ဘဝများအား ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းများနှင့် ချမ်းမြေ့ပျော်ရွှင်စွာ ဆက်လက်ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း အပ်လိုက်ပါသည်။

မြန်မာနိုင်ငံသံမဏိလုပ်ငန်းရှင်များအသင်း

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၂ - ၂ - ၂၀၂၆

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၃၃၅ | ၂၄၅၀ | ၂၄၁၅ | ၂၃၅၀ | ၂၄၅၅ | ၂၄၇၀ | ၂၄၉၀ | ၂၄၀၅ | ၄၅၀၅ | ၂၇၀၀ | ၂၄၂၅ | ၂၅၆၅ | ၂၄၉၅ | ၂၄၆၀ | ၂၄၈၅ | ၂၇၄၀ |
| 95 Ron | ၂၄၀၀ | ၂၅၁၀ | ၂၄၈၀ | ၂၄၁၀ | ၂၅၂၀ | ၂၅၃၅ | ၂၅၅၀ | ၂၄၇၀ | ၄၅၆၀ | ၂၇၆၀ | ၂၄၈၅ | ၂၆၂၅ | ၂၅၅၅ | ၂၅၂၀ | ၂၅၄၅ | ၂၈၀၀ |
| HSD (500 ppm) | ၂၄၆၀ | ၂၅၇၅ | ၂၅၄၀ | ၂၄၇၅ | ၂၅၈၀ | ၂၅၉၅ | ၂၆၁၀ | ၂၅၃၀ | - | ၂၈၂၅ | ၂၅၅၀ | ၂၉၀၀ | ၂၆၂၀ | ၂၅၈၅ | ၂၆၀၅ | ၂၈၆၅ |
| HSD (50 ppm) | ၂၇၄၀ | ၂၈၅၅ | ၂၈၂၀ | ၂၇၅၅ | ၂၈၆၀ | ၂၈၇၅ | ၂၈၉၅ | ၂၈၁၅ | ၄၈၃၀ | ၃၁၀၅ | ၂၈၃၀ | ၂၉၉၀ | ၂၉၀၀ | ၂၈၆၅ | ၂၈၉၀ | ၃၁၄၅ |
| HSD (10 ppm) | ၂၇၄၀ | ၂၈၅၅ | ၂၈၂၀ | ၂၇၅၅ | ၂၈၆၀ | ၂၈၇၅ | ၂၈၉၅ | ၂၈၁၅ | - | ၃၁၀၅ | ၂၈၃၀ | ၂၉၉၀ | ၂၉၀၀ | ၂၈၆၅ | ၂၈၉၀ | ၃၁၄၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၈၅ | ၂၂၆၂ |
| 95 Ron | ၂၂၄၅ | ၂၃၂၃ |
| HSD (500 ppm) | ၂၃၀၅ | ၂၃၈၁ |
| HSD (50 ppm) | ၂၅၇၈ | ၂၆၆၀ |
| HSD (10 ppm) | ၂၅၇၈ | ၂၆၆၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
ဒုတိယစာတည်းမှူးချုပ် - မြင့်စိုး
စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီထွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့
သတင်းထောက်မှူး - ခင်ရတနာ
အကြီးတန်း - ကျော်သူဝင်း၊ တင်မောင်လွင်၊
သတင်းထောက်များ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဓာတ်ပုံသတင်းထောက် - တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့

နေပြည်တော်-ဒုတိယစာတည်းမှူးချုပ် ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com

MYANMAR Digital News Presented by NPE www.mdn.gov.mm

◆ *ရှေ့ဖုံးမှ*

ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြပါသည်။ ထိုနေ့ကို ပြည်ထောင်စုနေ့အဖြစ် သမိုင်းမော်ကွန်းတင်၍ နှစ်စဉ် ဂုဏ်ပြုကျင်းပလာခဲ့သည်မှာ ယနေ့တွင် (၇၉)နှစ်တိုင်ခဲ့ပြီ ဖြစ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား**

နိုင်ငံတစ်နိုင်ငံ၏အခြေခံလိုအပ်ချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကို နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားရေးရည်မှန်းချက်အဖြစ် ချမှတ်အကောင်အထည်ဖော်လျက်ရှိပါသည်။ တိုင်းပြည်သာယာဝပြောမှသာ လူမှုစီးပွားဘဝဖွံ့ဖြိုးပြီး ပြည်သူအားလုံး ပျော်ရွှင်ကျန်းမာစွာ နေထိုင်နိုင်ကြမည်ဖြစ်ပါသည်။ အသိပညာ၊ အတတ်ပညာပြည့်စုံသော လူတော်လူကောင်းများဖြင့်သာ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ပြီး သာယာဝပြောအောင် စွမ်းဆောင်နိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ရာ တိုင်းပြည်၏ ပညာရေးကဏ္ဍကိုလည်း ဦးစားပေးမြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်အနေဖြင့် ကုန်ထုတ်လုပ်မှုတိုးတက်စေရန်အတွက်လည်း အသေးစား၊ အငယ်စားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ပြီး အရည်အသွေးကောင်းမွန်သော တန်ဖိုးမြင့်ထုတ်ကုန်များကို ပြည်တွင်းသုံးစွဲမှု ဖူလုံရုံသာမက ပြည်ပသို့တင်ပို့နိုင်ရေးအတွက် ပံ့ပိုးအားပေးလျက်ရှိပါသည်။

ရေခံမြေခံကောင်းပြီး သဘာဝသယံဇာတ ပေါကြွယ်ဝသော မိမိတို့မြန်မာနိုင်ငံသည် စိုက်ပျိုးမြေရေိယာလုံလောက်ခြင်း၊ လူဦးရေသင့်တင့်မျှတခြင်း၊ ရာသီဥတုနှင့် ဂေဟစနစ်မျိုးစုံခြင်း၊ ရေချိုအရင်းအမြစ် ကြွယ်ဝခြင်းတို့ကြောင့် ပြည်တွင်းစားရေရိက္ခာဖူလုံသည့် နိုင်ငံဖြစ်ပါသည်။ စိုက်ပျိုးရေးလုပ်ငန်းများ၌ တစ်ဧက ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ထွက်ရှိစေရေးအတွက် ဒေသနှင့်ကိုက်ညီသည့် မျိုး၊ မြေ၊ ရေ၊ နည်းလိုအပ်ချက်များနှင့် ရင်းနှီးမြှုပ်နှံမှု လိုအပ်ချက်များကို ပံ့ပိုးပေးလျက်ရှိပါသည်။ မိရိုးဖလာစိုက်ပျိုးခြင်းသာမက ခေတ်မီနည်းစနစ်များကိုလည်း လေ့လာကျင့်သုံး၍ အထွက်နှုန်းများတိုးတက်အောင်၊ သီးထပ်စွမ်းအားများမြင့်မားအောင် ဆောင်ရွက်ကြခြင်းဖြင့် ပြည်သူများ၏ စားရေရိက္ခာပြည့်စုံပြီး နိုင်ငံ့စီးပွားရေးရလဒ်ဖြစ်သော GDP ကို မြင့်မားတိုးတက်စေမည် ဖြစ်ပါသည်။

စားရေရိက္ခာအတွက် စိုက်ပျိုးရေးသာမက မွေးမြူရေးကိုလည်း ယှဉ်တွဲလုပ်ဆောင်ရန် လိုအပ်ပါသည်။ ဒေသအလိုက်ဖူလုံအောင် မွေးမြူထုတ်လုပ်ရန်နှင့် တိရစ္ဆာန်အစာအတွက်လည်း ဒေသ၏ စိုက်ပျိုးရေးထွက်ကုန်များကို အခြေခံ၍ထုတ်လုပ်ရန် တိုက်တွန်းအားပေးလျက်ရှိပါသည်။ အဓိကလိုအပ်သည်မှာ ပြည်သူအားလုံးကြိုးစားအလုပ်လုပ်ကြရန်သာ ဖြစ်ပါသည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန် အလေးထားတိုက်တွန်းအပ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား**

တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ပကတိလိုအပ်ချက်မှာ တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးပင် ဖြစ်ပါသည်။ ဒေသတစ်ခုတည်ငြိမ်အေးချမ်းခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ခြင်းကို ပျက်ပြားအောင် အဆိုပါဒေသရှိ အကြမ်းဖက်သမားများကသာ ဆောင်ရွက်နေကြခြင်းဖြစ်ပါသည်။ လက်ရှိအချိန်တွင် အကြမ်းဖက်သောင်းကျန်းသူများက လမ်းတံတားများနှင့် လျှပ်စစ်ဓာတ်အားလိုင်းများကို မိုင်းထောင်ဖောက်ခွဲခြင်း၊ ပိတ်ဆို့တားဆီးခြင်း၊ ပြည်သူပိုင်အဆောက်အအုံများ မီးရှို့ဖျက်ဆီးခြင်း စသည့်အဖျက်အမှောင့်ပယောဂများ လုပ်ဆောင်မှုကြောင့် ကုန်သွယ်ရေးလမ်းကြောင်းများ ပိတ်ဆို့ခြင်း၊ ကုန်စည်စီးဆင်းမှုနှောင့်နှေးခြင်း၊ ပညာသင်ယူမှုအခွင့်အလမ်းများ ဆုံးရှုံးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများ မရရှိခြင်းတို့ကို ကြုံတွေ့နေရပါသည်။ နယ်မြေဒေသအချို့တွင် မတည်ငြိမ်မှုများ ဖြစ်ပွား၍ ဒေသခံတိုင်းရင်းသားများသည် လူမှုစီးပွားဘဝနိမ့်ကျမှု၊ အသက်အန္တရာယ် ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်ကြုံတွေ့လျက်ရှိပါသည်။ ဤဖြစ်စဉ်များကြောင့် လူမှုစီးပွားဘဝများ ကျဆင်းလာပြီး ပြည်သူများ ဆင်းရဲဒုက္ခကြီးမားလာသည်ကို အထူးသတိချပ်ရမည်ဖြစ်ပါသည်။

မိမိတို့နိုင်ငံသည် လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်စိုးသည့် နိုင်ငံဖြစ်ပြီး နိုင်ငံတော်၏ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသော အာဏာခက်မသုံးဖြာသည် အမိနိုင်ငံတော်မှ ပေါက်ဖွားလာသော တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံမှု၊ ဘဝလုံခြုံမှုနှင့် အကျိုးစီးပွားဖြစ်ထွန်းမှုတို့အတွက် အဓိကထားဆောင်ကြဉ်းပေးလျက်ရှိပါသည်။

အကြမ်းဖက်မှုပပျောက်၍ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံသားအားလုံး လူ့အခွင့်အရေးအပြည့်အဝရရှိစေရေးတို့အတွက် ဖြောင့်မတ်တည်ကြည်သည့် တရားစီရင်ရေးစနစ်ကို အကောင်အထည်ဖော်ဆောင်လျက်ရှိပါသည်။ နိုင်ငံအတွင်း တရားဥပဒေစိုးမိုးရေးကို အထောက်အကူပြုနိုင်ရန်အတွက် နိုင်ငံ့ဝန်ထမ်းများသာမက မျိုးဆက်သစ် ကျောင်းသား ကျောင်းသူများကို ဥပဒေနှင့်ပတ်သက်သည့် အသိပညာများ သင်ကြားဖြန့်ဝေပေးလျက်ရှိပါသည်။

တပ်မတော်သည် ပြည်သူကြားမှ သန္ဓေတည်ပေါက်ဖွားလာသော မျိုးချစ်ပြည်သူ့တပ်မတော်ဖြစ်သကဲ့သို့ တိုင်းရင်းသားပေါင်းစုံပါဝင်သည့် ပြည်ထောင်စုတပ်မတော်လည်းဖြစ်ပါသည်။ နိုင်ငံတော်အတွက် မယိမ်းမယိုင်ရပ်တည်ခဲ့သော အခိုင်မာဆုံး အဖွဲ့အစည်းဖြစ်ပါသည်။ တပ်မတော်အနေဖြင့် လွတ်လပ်ရေးရရှိပြီးချိန်မှစတင်၍ ဖြစ်ပေါ်ခဲ့သည့် ပြည်တွင်းသောင်းကျန်းမှုများကို ယနေ့အချိန်အထိ ထိန်းသိမ်းဆောင်ရွက်နေပါသည်။ ပြည်သူတစ်ရပ်လုံး၏ အားပေးထောက်ခံမှုဖြင့် တိုင်းပြည်အပေါ် ကျရောက်လာသည့် ပြည်တွင်း၊ ပြည်ပအန္တရာယ်ရန်စွယ်ဟူသမျှကို မျိုးချစ်စိတ်ဓာတ်အရင်းခံ၍ စွန့်လွှတ်စွန့်စားမှုဖြင့် အစွမ်းကုန် ကာကွယ်စောင့်ရှောက်လျက်ရှိပါသည်။

> **ပြည်ထောင်စု၏အင်အားသည် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုအပေါ်တွင် တည်မှီနေပါသည်။ နိုင်ငံနှင့် လူမျိုးအတွက် အကျိုးမပြုသည့် အတွေးအခေါ်နှင့် လုပ်ဆောင်ချက်များကို ချန်ရစ်ပြီး နိုင်ငံအတွက် အကျိုးဖြစ်ထွန်းစေမည့် အပြုသဘောဆောင်ရွက်ချက်များကို စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ် လုပ်ဆောင်သွားကြရမည်၊ သို့မှသာ တိုင်းရင်းသားပြည်သူအားလုံး မျှော်မှန်းထားသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုပန်းတိုင်သို့ ချောမောလျင်မြန်စွာရောက်ရှိမည်**

တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးကိုလိုလားသည့် ပြည်သူများနှင့် လက်တွဲပြီး လက်နက်ကိုင်သောင်းကျန်းသူများ၏ ဥပဒေမဲ့ အကြမ်းဖက်လုပ်ရပ်များ၊ နယ်မြေချဲ့ထွင်ရေး တိုက်ပွဲဖော်ဆောင်မှုများကို ထိန်းသိမ်းကာကွယ်သွားမည်ဖြစ်ပါသည်။ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် ပြည်ပအမှီအခိုကင်းစွာဖြင့် ပြည်တွင်းအင်အားစုများကိုအခြေခံကာ ပြည်သူတစ်ရပ်လုံးပါဝင်သည့် ခေတ်မီပြည်သူ့ကာကွယ်ရေးစနစ်ကို ကြိုးပမ်းဖော်ဆောင်သွားမည် ဖြစ်ပါသည်။ ကမ္ဘာတည်သရွေ့ တပ်မတော်တည်ရှိနေပါမည်။ တပ်မတော်တည်ရှိနေသရွေ့ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲနေပါမည်။ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးကလည်း နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် တစ်သားတည်းရပ်တည်ပြီး ပြည်ထောင်စုမပြိုကွဲရေးအတွက် အမိနိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ကြရန် လိုအပ်ပါသည်။

သို့ဖြစ်၍ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းအပ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများကိုအခြေခံကာ တည်ဆောက်ထားသည့် နိုင်ငံဖြစ်ပါသည်။ လောကကို ငြိမ်းချမ်းသာယာအောင် စောင့်ရှောက်သည့် လောကပါလတရားများ ထွန်းကားမှသာ လူ့အဖွဲ့အစည်းအတွင်း ပဋိပက္ခများ လျော့နည်းပြီး သဟဇာတကျကျ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်ကြမည် ဖြစ်ပါသည်။ တိုင်းရင်းသားပြည်သူအားလုံးက ပင်ကိုနှီးကြားသည့် အသိစိတ်ဖြင့် လောကပါလတရားများကို ကျင့်သုံးစောင့်ထိန်းမှသာ အေးချမ်းသာယာသောနိုင်ငံအဖြစ် ရေရှည်ရပ်တည်နိုင်မည် ဖြစ်ပါသည်။ မြန်မာနိုင်ငံအတွင်း နေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးအားလုံးသည် ရှေးနှစ်ပေါင်းများစွာကတည်းက အေးအတူပူအမျှ၊ တစ်မြေတည်းနေ တစ်ရေတည်းသောက် စည်းလုံးညီညွတ်ခဲ့ကြသည့် ပြည်ထောင်စုဖွားညီအစ်ကိုမောင်နှမများ ဖြစ်ကြပါသည်။

အေးချမ်းစွာနေထိုင်လိုကြသော ပြည်ထောင်စုဖွားတိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ပဋိပက္ခများချုပ်ငြိမ်းသည့် ထာဝရငြိမ်းချမ်းရေးကို တောင့်တနေကြပြီဖြစ်ပါသည်။ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့မှ ၁၅ ရက်နေ့အထိ ကျင်းပခဲ့သော လူငယ်ငြိမ်းချမ်းရေးဖိုရမ်တွင်လည်း မြန်မာနိုင်ငံတစ်နံတစ်လျားမှ လူငယ်များ၏ ငြိမ်းချမ်းရေးလိုလားသံများကို ကြားသိခဲ့ရပြီးဖြစ်ပါသည်။

ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်ရာတွင် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးသည် အဓိကလိုအပ်ချက်ဖြစ်ပါသည်။ မိမိတို့နိုင်ငံ၏ငြိမ်းချမ်းရေးကို မိမိတို့တိုင်းရင်းသားပြည်သူများကသာ မဖြစ်မနေ ဖော်ဆောင်ကြရမည်ဖြစ်ပါသည်။ သို့ဖြစ်ရာ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးတည်ဆောက်ရာတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အနေဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါ ဘုံသဘောတူညီချက်များနှင့်အညီ ပူးပေါင်းပါဝင်ကြရန် လိုအပ်ပါသည်။

မိမိတို့နိုင်ငံ၏ ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ပြည်ပစွက်ဖက်မှုနှင့် ပြည်တွင်းပယောဂကင်းရှင်းပြီး တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံရေးနည်းလမ်းအရ ရင်ကြားစေ့ဆွေးနွေးအဖြေရှာခြင်းဖြင့်သာ အောင်မြင်နိုင်မည်ဖြစ်ပါသည်။ နိုင်ငံတော်အနေဖြင့်လည်း ဆွေးနွေးမှုများကို ဖိတ်ခေါ်ပြီး ငြိမ်းချမ်းရေးတံခါးကို အစဉ်အမြဲဖွင့်လှစ်ကြိုဆိုလျက်ရှိပါသည်။ **ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်** ဆိုသည့်အတိုင်း တိုင်းရင်းသားပြည်သူတစ်ရပ်လုံး တွဲလက်ခိုင်မာစွာဖြင့် **"ပြည်ထောင်စုကြီးတိုးတက်ဖို့ ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်စို့"** ဟူသော ပြည်ထောင်စုနေ့ဆောင်ပုဒ်နှင့်အညီ လိုက်နာကျင့်သုံး၍ နိုင်ငံတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ကြိုးပမ်းရန် လိုအပ်မည် ဖြစ်ပါသည်။

သို့ဖြစ်၍ နိုင်ငံတော်အတွင်း တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန် အလေးအနက် တိုက်တွန်းအပ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား**

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော နိုင်ငံတော်ကြီး တည်ဆောက်ရာတွင် ပြည်ထောင်စုစိတ်ဓာတ်သည် အရင်းခံဖြစ်သကဲ့သို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုများသည်လည်း အခြေခံအုတ်မြစ်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံမှီတင်းနေထိုင်ကြသဖြင့် မတူကွဲပြားမှုများကို သဟဇာတဖြစ်အောင်ပေါင်းစည်းကာ အချင်းချင်းယုံကြည်လေးစားမှုကို အခြေခံလျက် ရင်းနှီးချစ်ကြည်စွာ နေထိုင်ကြရေးသည် လွန်စွာပဓာနကျပါသည်။

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်နှင့်အညီ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများကို အောင်မြင်စွာ ကျင်းပပြီးဖြစ်ပါသည်။ နိုင်ငံသားကောင်းတစ်ယောက်၏ တာဝန်ကိုကျေပွန်စွာ ပါဝင်ဆန္ဒမဲပေးခဲ့ကြသူအားလုံးနှင့် ရွေးကောက်ပွဲအောင်မြင်ရေး ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသူအားလုံးတို့အား အသိအမှတ်ပြုကျေးဇူးတင်ရှိပါသည်။ မကြာမီကျင်းပမည့် လွှတ်တော်များ၊ အစည်းအဝေးများမှ ပေါ်ထွက်လာသော အစိုးရအား နိုင်ငံတော်၏တာဝန်များကို လွှဲပြောင်းပေးအပ်ပေးသွားမည်ဖြစ်ပါသည်။

ပြည်ထောင်စု၏အင်အားသည် ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုအပေါ်တွင် တည်မှီနေပါသည်။ နိုင်ငံနှင့် လူမျိုးအတွက် အကျိုးမပြုသည့် အတွေးအခေါ်နှင့် လုပ်ဆောင်ချက်များကို ချန်ရစ်ပြီး နိုင်ငံအတွက် အကျိုးဖြစ်ထွန်းစေမည့် အပြုသဘောဆောင်ရွက်ချက်များကို စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ် လုပ်ဆောင်သွားကြရမည် ဖြစ်ပါသည်။ သို့မှသာ တိုင်းရင်းသားပြည်သူအားလုံးမျှော်မှန်းထားသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုပန်းတိုင်သို့ ချောမောလျင်မြန်စွာရောက်ရှိမည် ဖြစ်ပါသည်။

ပါတီစုံဒီမိုကရေစီလမ်းကြောင်း လျှောက်လှမ်းရာတွင် တစ်ဦးနှင့်တစ်ဦး သဘောထားကွဲလွဲမှုများရှိသော်လည်း **"စည်းလုံးခြင်းသည် အင်အား၊ ညီညွတ်ခြင်းသည်စွမ်းအား၊ ငြိမ်းချမ်းခြင်းသည် အလှတရား"** ဆိုသည့်အတိုင်း နိုင်ငံသားတိုင်းသည် ရင်းနှီးချစ်ကြည်မှု၊ အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုနှင့် စည်းလုံးညီညွတ်မှုတို့ဖြင့် လက်တွဲကြိုးပမ်းမှသာ ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်သည့် ပြည်ထောင်စုနိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်၍ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊

*စာမျက်နှာ ၄ သို့*

*❂ ရှေ့ဖုံးမှ*

ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နိုင်ငံ့ဂုဏ်ဆောင်တပ်မတော်သားအားကစားသမားများနှင့် နည်းပြများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် **“အားကစားမြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်သည်”** ဆိုသည့် အားကစားဆောင်ပုဒ်နှင့်အညီ မဆုတ်မနစ်သောဇွဲ၊ လုံ့လတို့ဖြင့် မိမိတို့တွင်ရှိသည့် စွမ်းအားကိုယ်စီကို အသုံးချပြီး နိုင်ငံတော်နှင့် တပ်မတော်၏ဂုဏ်ကို မြှင့်တင်ပေးခဲ့ကြသည့် ဆုရအားကစားသမားများ၊ ပြိုင်ပွဲတွင် အကောင်းဆုံးလမ်းညွှန်မှုပေးခဲ့ကြသည့် နည်းပြများနှင့် အသင်းအုပ်ချုပ်သူအဖွဲ့ဝင်များအားလုံးကို မိမိအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူသည်ကို ဦးစွာအသိပေးပြောကြားလိုကြောင်း။

**စွမ်းဆောင်ပြသနိုင်ခဲ့ကြသည်ကို တွေ့ရှိရ**

(၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် တပ်မတော်သားတစ်ဦးပါဝင်သည့် မြန်မာပိုက်ကျော်ခြင်းအသင်းသည် အသင်းလိုက်ရွှေတံဆိပ် တစ်ခုရရှိခဲ့ကြောင်း၊ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ မိမိတို့နိုင်ငံအနေဖြင့် အားကစားနည်း ၃၈ မျိုး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာတွင် တပ်မတော်သားအားကစားသမားများက အားကစားနည်းလေးမျိုးတွင် ငွေတံဆိပ် တစ်ခုနှင့် ကြေးတံဆိပ် ငါးခု ရရှိအောင် ပါဝင်စွမ်းဆောင်နိုင်ခဲ့ကြသည်ကို တွေ့ရှိရကြောင်း၊ ထို့အတူ တပ်မတော်သား နည်းပြများအနေဖြင့်လည်း လှေလှော်၊ အလေးမ၊ လက်ဝှေ့၊ ဝူရှူး၊ နပန်း စသည့် အားကစားနည်းများတွင် ငွေတံဆိပ် လေးခု၊ ကြေးတံဆိပ် ၁၀ ခုရရှိအောင် စွမ်းဆောင်ပြသနိုင်ခဲ့ကြသည်ကို တွေ့ရှိရကြောင်း။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ခြင်းလုံး(ကွင်းသွင်း)(အသင်းလိုက်)ပြိုင်ပွဲ၌ ငွေတံဆိပ်ဆုရရှိခဲ့သည့် ဒုတိယတပ်ကြပ် စိုးပိုင်ဦး အား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်စဉ်။

**ဂုဏ်ယူစရာကောင်းလှသည့်**
**စွမ်းဆောင်မှုများပင်ဖြစ်**

ထို့အပြင် ယခုနှစ် နှစ်ဆန်းပိုင်းအတွင်း ကျင်းပပြီးစီးခဲ့သည့် (၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင်လည်း အားကစားနည်း ၁၉ မျိုး ထည့်သွင်းကျင်းပခဲ့သည့်အနက် တပ်မတော်သားအားကစားသမားများသည် ပြေးခုန်ပစ်၊ ထိုင်လျက်ဘော်လီဘော၊ ဘောလုံး၊ ဂိုးလ်ဘော အားကစားနည်းများတွင် ရွှေတံဆိပ် ငါးခု၊ ငွေတံဆိပ် ခြောက်ခု၊ ကြေးတံဆိပ် သုံးခုရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ အားကစားသမားများနည်းတူ တပ်မတော်သားနည်းပြများကလည်း ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ် သုံးခု၊ ကြေးတံဆိပ် လေးခုရရှိအောင် စွမ်းဆောင်ပြသနိုင်ခဲ့ကြသည်ကို တွေ့ရှိရကြောင်း၊ ထိုသို့ဆုတံဆိပ်များ ရရှိခဲ့ကြခြင်းသည် နိုင်ငံတော်အတွက်သာမက တပ်မတော်အတွက်ပါ ဂုဏ်ယူစရာကောင်းလှသည့် စွမ်းဆောင်မှုများပင်ဖြစ်သည်ကို ပြောကြားလိုကြောင်း။

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် သူများအနေဖြင့်

**“အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် သူများအနေဖြင့် ကာယအား၊ ဉာဏအားတို့ကို အသုံးချပြီး အကောင်းဆုံး ကြိုးပမ်းယှဉ်ပြိုင်ခဲ့ကြသကဲ့သို့ မသန်စွမ်း အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် တပ်မတော်သားအားကစားသမားများသည်လည်း မသန်ပေမယ့် စွမ်းကြသူများဖြစ်သည်ကို အကောင်းဆုံး သက်သေပြနိုင်ခဲ့ကြသူများပင်ဖြစ်”**

ကာယအား၊ ဉာဏအားတို့ကိုအသုံးချပြီး အကောင်းဆုံး ကြိုးပမ်းယှဉ်ပြိုင်ခဲ့ကြသကဲ့သို့ မသန်စွမ်းအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် တပ်မတော်သားအားကစားသမားများသည်လည်း မသန်ပေမယ့် စွမ်းကြသူများဖြစ်သည်ကို အကောင်းဆုံး သက်သေပြနိုင်ခဲ့ကြသူများပင် ဖြစ်ကြောင်း၊ အားကစားပြိုင်ပွဲနှစ်ရပ်စလုံးကို လေ့လာကြည့်သည့်အခါ တစ်ဦးချင်းပြိုင်ပွဲများတွင် ဆုများရရှိခဲ့ကြသကဲ့သို့ အဖွဲ့လိုက် ပေါင်းစည်းယှဉ်ပြိုင်ကြရသည့် အားကစားနည်းများတွင်လည်း ဆုတံဆိပ်များ ရရှိခဲ့ကြသည်ကို ကြည့်ခြင်းအားဖြင့် မိမိတို့လူမျိုး၏ စည်းလုံးမှု အခြေခံစိတ်ဓာတ်သည် တစ်ဦးချင်းမှစပြီး အသင်းအဖွဲ့ထိ မြဲမြံခိုင်မာနေခြင်းကို ပေါ်လွင်စေလျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၃ မှ*

စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရာတွင် တက်ညီလက်ညီ ပူးပေါင်းပါဝင်ကြရန် တိုက်တွန်းအပ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကို မောင်နှမများခင်ဗျား**

ဝေးလံခေါင်ပါးနယ်စပ်ဒေသများမှ ဒေသခံပြည်သူများအပါအဝင် ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံး၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ အလုံးစုံဖွံ့ဖြိုးတိုးတက်စေရန် အလေးထားဆောင်ရွက်ခြင်းဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးအတွက် ဟန်ချက်ညီသည့် နိုင်ငံ့အင်အားတစ်ရပ်ကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ နိုင်ငံသားတိုင်း ကျန်းမာသန်စွမ်း၍ ဗလငါးတန်ပြည့်စုံပြီး ဘက်စုံပညာပြည့်ဝမှသာ နိုင်ငံတော်၏စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ ပြည့်မီနိုင်မည်ဖြစ်ပါသည်။ ပညာရေးတွင် ရင်းနှီးမြှုပ်နှံမှုသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော အနာဂတ်နိုင်ငံတော်ကြီးကို တည်ဆောက်ခြင်းပင်ဖြစ်သဖြင့် ပညာရေးကို အားပေးလျက်ရှိပါသည်။ စဉ်းစားတွေးခေါ်မှု၊ ဆန်းသစ်တီထွင်မှုကို အားပေးသော သင်ကြားသင်ယူမှုဖြင့် အသိပညာ၊ အတတ်ပညာပြည့်စုံသော ပညာတတ်များ ပေါ်များလာရေးကို မျှော်မှန်းအကောင်အထည်ဖော်လျက်ရှိပါသည်။

ဘက်စုံကျယ်ပြန့်သောပညာရပ်များကို တစ်နေရာတည်းတွင် ရွေးချယ်သင်ယူဆည်းပူးနိုင်စေရန် နေပြည်တော်တွင် Naypyitaw State Academy ကို အသစ်ဖွင့်လှစ်ပေးသကဲ့သို့ Naypyitaw State Polytechnic University အပါအဝင် Polytechnic University (၉) ခုကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက် ရှိသည့်အပြင် နိုင်ငံတော်အတွက် အားထားရသော စိုက်ပျိုးမွေးမြူရေးပညာရှင်များ ပိုမိုမွေးထုတ်နိုင်ရန် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်)ကိုလည်း ဖွင့်လှစ်ပေးခဲ့ပါသည်။ အနာဂတ်နိုင်ငံတော်ကို ထုဆစ်ပုံဖော်ကြမည့် လူငယ်များအား ပညာပြည့်ဝ၊ နှလုံးလှသည့် လူတော်လူကောင်းများ ဖြစ်လာစေရေး ဝိုင်းဝန်းပြုစုပျိုးထောင်ပေးကြပါရန် တိုက်တွန်းမှာကြားလိုပါသည်။

ကျန်းမာရေးကဏ္ဍတွင် နိုင်ငံသားတိုင်း အခြေခံကျန်းမာရေးစောင့်ရှောက်မှုများ လက်လှမ်းမီရရှိရေးအတွက် ဆေးရုံများတွင် ဆေးဝါးနှင့် ပစ္စည်းကိရိယာများ ပြည့်စုံအောင် ဖြည့်ဆည်းပေးခြင်း၊ အခမဲ့ဆေးဝါးကုသခွင့်များ ဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေးဝန်ထမ်းများ ခန့်ထားပေးခြင်းတို့ကို အစဉ်တစိုက် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါသည်။ နိုင်ငံသားတိုင်း လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးအတွက် သယ်ယူပို့ဆောင်ရေး အဆင့်မြှင့်တင်ခြင်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တိုးမြှင့်ထုတ်လုပ်ခြင်း၊ အရည်အသွေးမြင့် သွင်းကုန်အစားထိုးထုတ်ကုန်များ တိုးချဲ့ထုတ်လုပ်ခြင်း၊ စက်မှုစိုက်ပျိုးမွေးမြူရေးကို အားပေးခြင်း၊ ကျန်းမာသန်စွမ်းသော လူသားအရင်းအမြစ်များ ပြုစုပျိုးထောင်ခြင်းတို့ကို ဆောင်ရွက်လျက် ရှိပါသည်။ ထို့အတူ ဉာဏ်ရည်တု အေအိုင်နည်းပညာကို နယ်ပယ်စုံတွင် လေ့လာအသုံးပြုရေး အားပေးပံ့ပိုးလျက်ရှိပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးအတွက် ပြည်တွင်းရှိ အသိပညာရှင်၊ အတတ်ပညာရှင်များကိုသာမက မိတ်ဖက်နိုင်ငံများမှ စီးပွားရေးရင်းနှီးမြှုပ်နှံမှုများနှင့် ကဏ္ဍအလိုက် ကျွမ်းကျင်ပညာရှင်များကို ဖိတ်ခေါ်၍ နည်းပညာအကူအညီများရယူပြီး ရေတိုရေရှည်စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းဖော်ဆောင်ပေးကြပါရန် တိုက်တွန်းအပ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကို မောင်နှမများခင်ဗျား**

၂၀၂၆ ခုနှစ်၊ (၇၉) နှစ်မြောက်ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက် (၅) ရပ်ဖြစ်သော–

- နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊
- တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသား လူမျိုးများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး၊
- နိုင်ငံတော်အတွင်း တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊
- တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး၊
- ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်ရေးတို့ကို

ပြည်ထောင်စုဖွားတိုင်းရင်းသားပြည်သူတစ်ရပ်လုံးက သမိုင်းပေးတာဝန်အဖြစ် အလေးအနက်ခံယူလျက် သွေးရင်းသားရင်းများပီပီ၊ ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ ဥမကွဲသိုက်မပျက် လက်တွဲပူးပေါင်းဆောင်ရွက်ပြီး ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့တည်တံ့ခိုင်မြဲဖွံ့ဖြိုးတိုးတက်အောင် စုပေါင်းတည်ဆောက်ကြပါစို့ဟု တိုက်တွန်းလျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်**
**ယာယီသမ္မတ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်**

*စာမျက်နှာ ၄ မှ*

မြန်မာနိုင်ငံ၏ အားကစားသမိုင်းမှတ်တမ်းသည် တစ်ချိန်က အာရှအဆင့်သာမက ကမ္ဘာ့အဆင့်ထိ ထိုးဖောက်နိုင်ခဲ့သည့် အစဉ်အလာကောင်းများကို တွေ့ရှိနိုင်ကြောင်း၊ မြန်မာ့အားကစားအောင်မြင်မှု အခန်းကဏ္ဍကို လေ့လာကြည့်ပါက တပ်မတော်သား များ၏ ထူးချွန်ပြောင်မြောက်သည့် စွမ်းဆောင်ချက် သမိုင်းပုံရိပ်များသည်လည်း ထင်ထင်ရှားရှားရှိနေ ဆဲပင်ဖြစ်ကြောင်း၊ ပြည်တွင်းမှာသာမက နိုင်ငံတကာ ပြိုင်ပွဲများတွင်ပါ အောင်မြင်မှုများစွာရရှိခဲ့သည့် တပ်မတော်သားများ၏ သမိုင်းမှတ်တမ်းကောင်းများ ကို ယနေ့ထက်တိုင် မော်ကွန်းရေးထိုးထားလျက်ရှိ ကြောင်း၊ တစ်ချိန်က မြန်မာ့ဘောလုံးအသင်း၏ လျှမ်းလျှမ်းတောက် အောင်မြင်မှုများတွင် ပါဝင်ခဲ့ သည့် တပ်မတော်သားများ၏ အစွမ်းအစများသည် ယနေ့ထက်တိုင် ဂုဏ်ယူဖွယ်ကြွားစွာ ပြောစမှတ် တွင်နေဆဲပင်ဖြစ်ကြောင်း။

### နိုင်ငံတော်၏ပုံရိပ်ကို မကျဆင်းအောင် ထိန်းသိမ်း

အားကစားမှပေးသည့် **"အနိုင်မခံ အရှုံးမပေး"** စိတ်ဓာတ်သည် နိုင်ငံတော်တည်ဆောက်ရေးနှင့်ပါ ဆက်စပ်လျက်ရှိသည်ကို ပြောကြားလိုကြောင်း၊ မိမိကိုယ်ကို အရှုံးမပေးခြင်း၊ မိမိအသင်းကို အရှုံး မပေးခြင်းသည် မိမိတို့၏ဂုဏ်သိက္ခာကို ကာကွယ် ခြင်းဖြစ်သကဲ့သို့ နိုင်ငံတော်၏ပုံရိပ်ကို မကျဆင်း အောင် ထိန်းသိမ်းပေးခြင်းလည်းဖြစ်ကြောင်း၊ အားကစားသမားများသာမက နိုင်ငံသားတိုင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရမည်ဆိုသည့် အသိတရားများ ကိန်းအောင်းနေကြရန် လိုအပ် ကြောင်း၊ ၎င်းကဲ့သို့ အသိတရားများ နိုင်ငံသားတိုင်း၏ ရင်ထဲတွင် ရှင်သန်နေကြမှသာ မိမိတို့နိုင်ငံတော်ကို ပျက်စီးရာ၊ ပျက်စီးကြောင်း ဖန်တီးလာကြမည့် အန္တရာယ်များကို ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း။

ယနေ့အခမ်းအနားတွင် နိုင်ငံတော်နှင့် တပ်မတော်၏ဂုဏ်ကို မြှင့်တင်ပေးခဲ့ကြသည့် တပ်မတော်သားအားကစားသမားများနှင့် နည်းပြ များကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ငွေသားဆုများအပြင် အဆင့်တိုးမြှင့်ပေးခြင်းများ ဖြင့်ပါ ဂုဏ်ပြုသွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ဂုဏ်ပြုခြင်းသည် ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုခြင်း ဆိုသည့် မင်္ဂလာတရားနှင့်အညီ ဆောင်ရွက်ပေးခြင်း ဖြစ်ပြီး နောင်လာမည့် မျိုးဆက်သစ်အားကစား သမားများအတွက်လည်း စံနမူနာကောင်းများ ပြသ ပေးခြင်းဖြစ်သည်ကိုလည်း ပြောကြားလိုကြောင်း။

နိုင်ငံတကာအဆင့် အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်များရရှိပြီး နိုင်ငံ့ဂုဏ်ကိုဆောင်ခဲ့သည့် တပ်မတော်သား အားကစားသမားများအတွက်



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ နိုင်ငံ့ဂုဏ်ဆောင် တပ်မတော်သားအားကစားသမားများနှင့် နည်းပြများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

**"မြန်မာ့အားကစားအောင်မြင်မှု အခန်းကဏ္ဍကို လေ့လာကြည့်ပါက တပ်မတော်သား များ၏ ထူးချွန်ပြောင်မြောက်သည့် စွမ်းဆောင်ချက် သမိုင်းပုံရိပ်များသည်လည်း ထင်ထင်ရှားရှားရှိနေဆဲပင်ဖြစ်ကြောင်း၊ ပြည်တွင်းမှာသာမက နိုင်ငံတကာပြိုင်ပွဲ များတွင်ပါ အောင်မြင်မှုများစွာရရှိခဲ့သည့် တပ်မတော်သားများ၏ သမိုင်းမှတ်တမ်း ကောင်းများကို ယနေ့ထက်တိုင် မော်ကွန်းရေးထိုးထားလျက်ရှိ"**

နိုင်ငံတော်နှင့်တပ်မတော်က အသိအမှတ်ပြု ဂုဏ်ယူ ကြောင်းနှင့် အားကစားကဏ္ဍအောင်မြင်မှုဆိုသည် မှာ နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှုကိုပါ သွယ်ဝိုက် ဖော်ဆောင်နေခြင်းဖြစ်သကဲ့သို့ ယခုထက်ပိုမို အောင်မြင်အောင် ဆက်လက်ကြိုးပမ်းဖော်ဆောင် ခြင်းဖြင့် နိုင်ငံတော်နှင့် တပ်မတော်၏ဂုဏ်သိက္ခာကို မြှင့်တင်ပေးကြရန် ပြောကြားလိုကြောင်း ပြောကြား သည်။

ထို့နောက် (၁၉) ကြိမ်မြောက် အာရှအားကစား ပြိုင်ပွဲ၊ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် (၁၃)ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲတို့တွင် ဆုတံဆိပ်များ



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၁၃)ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲတွင် ငွေတံဆိပ်ဆု ရရှိခဲ့သည့် ဒုတိယအရာခံဗိုလ် စိုးပေ အား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်စဉ်။

ရယူဆွတ်ခူးပေးခဲ့ကြသည့် တပ်မတော်သား အားကစားသမားများနှင့်နည်းပြများအား ဂုဏ်ပြု ဆုများ ချီးမြှင့်ခြင်းအခမ်းအနားကို ကျင်းပပြုလုပ် ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် က (၁၉) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် ပိုက်ကျော်ခြင်း (အသင်းလိုက်)ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆု ရရှိခဲ့သည့် အရာခံဗိုလ် သန့်ဇင်ဦး၊ (၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် ပြေးခုန် ပစ်(လုံတံပစ်) (တစ်ဦးချင်း) ပြိုင်ပွဲနှင့် (သံလုံးပစ်) (တစ်ဦးချင်း)ပြိုင်ပွဲတို့၌ ရွှေတံဆိပ်ဆုများရရှိခဲ့သည့် အရာခံဗိုလ် တင်ညို၊ (၃၃) ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲတွင် ခြင်းလုံး(ကွင်းသွင်း) (အသင်းလိုက်)ပြိုင်ပွဲ၌ ငွေတံဆိပ်ဆုရရှိခဲ့သည့် ဒုတိယအရာခံဗိုလ် အောင်ဇော်၊ တပ်ကြပ်/၁၃ ကျော်ဇေယျာဝင်း၊ ဒုတိယတပ်ကြပ် စိုးပိုင်ဦး၊ (၁၃) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစား ပြိုင်ပွဲတွင် ပြေးခုန်ပစ်အားကစားနည်း၌ ရွှေတံဆိပ် ဆု၊ ငွေတံဆိပ်ဆုနှင့် ကြေးတံဆိပ်ဆုများရရှိအောင် နည်းပြပေးနိုင်ခဲ့သည့် ဒုတိယအရာခံဗိုလ် သက်ဝင်း တို့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို တစ်ဦးချင်း ပေးအပ်ချီးမြှင့် သည်။

ယင်းနောက် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက (၁၃) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစား ပြိုင်ပွဲ၊ ပြေးခုန်ပစ်(မီတာ ၂၀၀) (တစ်ဦးချင်း) ပြိုင်ပွဲ တွင် ရွှေတံဆိပ်ဆု၊ ပြေးခုန်ပစ်(မီတာ ၁၀၀)(တစ်ဦး ချင်း)ပြိုင်ပွဲတွင် ငွေတံဆိပ်ဆုတို့ရရှိခဲ့သည့် ဒုတိယ အရာခံဗိုလ် စိုးပေ၊ ပြေးခုန်ပစ်(သံလုံးပစ်)(တစ်ဦး ချင်း)ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုနှင့် ငွေတံဆိပ်ဆု ရရှိ ခဲ့သည့် တပ်ကြပ်ကြီး ရဲမင်းစိုး၊ (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် နပန်း (တစ်ဦးချင်း)ပြိုင်ပွဲ၌ ကြေးတံဆိပ်ဆုရရှိခဲ့သည့် အရပ်သားအစားခန့်ဝန်ထမ်း မသဲသိမ့်သိမ့်သူ၊ (၁၃) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ တွင် ပြေးခုန်ပစ်အားကစားနည်း၌ ရွှေတံဆိပ်ဆု၊ ငွေတံဆိပ်ဆုနှင့် ကြေးတံဆိပ်ဆုများရရှိအောင် နည်းပြပေးနိုင်ခဲ့သည့် အုပ်ခွဲတပ်ကြပ်ကြီး/၅၂ အောင်သူထွန်းတို့အား တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ပြု မှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို တစ်ဦး ချင်း ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင်များ၊ ကာကွယ် ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီး များက နိုင်ငံ့ဂုဏ်ဆောင် တပ်မတော်သားအားကစား သမားများနှင့် နည်းပြများအား တပ်မတော်ကာကွယ် ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ပြု မှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

### ကျေးဇူးတင်စကား ပြန်လည်ပြောကြား

ထို့နောက် နိုင်ငံ့ဂုဏ်ဆောင်တပ်မတော်သား အားကစားသမားများနှင့် နည်းပြများကိုယ်စား ဒုတိယအရာခံဗိုလ် စိုးပေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်း သာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ် ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် နိုင်ငံ့ဂုဏ်ဆောင် တပ်မတော်သားအားကစားသမားများနှင့် နည်းပြ များအား လက်ဖက်ရည်ဝိုင်းဖြင့် ဂုဏ်ပြုဧည့်ခံခဲ့ပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံ ရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာ ရှင်များက ဂုဏ်ပြုတေးသီချင်းများဖြင့် သီဆိုဖျော်ဖြေ ကြသည်။

### ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်

ဂုဏ်ပြုဧည့်ခံဖျော်ဖြေပွဲအပြီးတွင် နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များ သည် နိုင်ငံ့ဂုဏ်ဆောင် တပ်မတော်သားအားကစား သမားများနှင့် နည်းပြများအား ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အမည်စာရင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၃၅ / ၂၀၂၆ )**
၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်
( ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက် )

**တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်**
**ကိုယ်စားလှယ်အမည်စာရင်းကြေညာခြင်း**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေ အခန်း (၈)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အမည်စာရင်းပေးပို့လာသည့် အောက်ဖော်ပြပါ တပ်မတော်သားများအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီးဖြစ်၍ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၁ အရ တပ်မတော်သားတိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာလိုက်သည် –

| စဉ် | ပြန်တမ်းဝင်အမှတ် | အဆင့် | အမည် |
|---|---|---|---|
| **ကချင်ပြည်နယ်လွှတ်တော်** | | | |
| (၁) | ကြည်း ၂၇၃၅၁ | ဗိုလ်မှူးကြီး | ကျော်သူရ |
| (၂) | ကြည်း ၂၆၇၈၄ | ဗိုလ်မှူးကြီး | ကျော်ဇေယျ |
| (၃) | ကြည်း ၃၇၂၆၄ | ဒုတိယဗိုလ်မှူးကြီး | သက်မင်းဦး |
| (၄) | ကြည်း ၃၀၀၀၃ | ဗိုလ်မှူး | တင်ကိုကို |
| (၅) | ကြည်း ၃၀၇၆၄ | ဗိုလ်မှူး | ကျော်သူမျိုး |
| (၆) | ကြည်း ၅၁၄၃၃ | ဗိုလ်ကြီး | ရန်အောင်ခိုင် |
| (၇) | ကြည်း ၅၇၄၆၇ | ဗိုလ်ကြီး | သက်ပိုင်စိုး |
| (၈) | ကြည်း ၆၁၄၇၂ | ဗိုလ်ကြီး | တင်ကိုကိုထွေး |
| (၉) | ကြည်း ၆၄၄၁၀ | ဗိုလ်ကြီး | ထက်မြက်အောင် |
| (၁၀) | ကြည်း ၇၄၁၆၀ | ဗိုလ်ကြီး | ရဲကိုမြင့် |
| (၁၁) | လေ ၃၉၅၄ | ဗိုလ်ကြီး | တက်တိုး |
| **ကယားပြည်နယ်လွှတ်တော်** | | | |
| (၁) | ကြည်း ၂၆၈၆၃ | ဗိုလ်မှူးကြီး | သန်းစိုးအောင် |
| (၂) | ကြည်း ၂၅၇၉၀ | ဗိုလ်မှူးကြီး | အောင်ကျော်မြင့် |
| (၃) | ကြည်း ၅၂၇၈၁ | ဗိုလ်ကြီး | ခန့်စည်သူ |
| (၄) | အင်န် ၉၁၉ | ဗိုလ်ကြီး | ဒေါ်ကြူကြူခိုင် |
| **ကရင်ပြည်နယ်လွှတ်တော်** | | | |
| (၁) | ကြည်း ၂၇၂၃၈ | ဗိုလ်မှူးကြီး | မင်းသူကျော် |
| (၂) | ကြည်း ၂၄၀၉၆ | ဗိုလ်မှူးကြီး | သန်းထိုက် |
| (၃) | ကြည်း ၃၅၇၈၂ | ဒုတိယဗိုလ်မှူးကြီး | ကျော်သူရဝင်း |
| (၄) | ကြည်း ၄၂၆၅၃ | ဗိုလ်ကြီး | ခိုင်ထွန်းဦး |
| (၅) | ကြည်း ၇၁၇၁၁ | ဗိုလ်ကြီး | ဇော်ဝင်းဌေး |
| (၆) | ကြည်း ၇၃၂၄၈ | ဗိုလ်ကြီး | စိုးပြည့်ဘို |
| **ချင်းပြည်နယ်လွှတ်တော်** | | | |
| (၁) | ကြည်း ၃၀၁၈၄ | ဗိုလ်မှူးကြီး | ခင်မောင်ထွေး |
| (၂) | ကြည်း ၂၅၉၉၄ | ဗိုလ်မှူးကြီး | စောထွန်း |
| (၃) | ကြည်း ၃၅၄၁၉ | ဗိုလ်မှူး | အာကာကျော်မိုး |
| (၄) | ကြည်း ၆၄၅၈၃ | ဗိုလ်ကြီး | ဇော်ရဲနိုင် |
| **စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်** | | | |
| (၁) | ကြည်း ၂၄၉၉၃ | ဗိုလ်မှူးကြီး | ဝင်းတင်စိုး |
| (၂) | ကြည်း ၂၇၉၃၂ | ဗိုလ်မှူးကြီး | မင်းမင်းဦး |
| (၃) | ကြည်း ၂၈၇၇၉ | ဒုတိယဗိုလ်မှူးကြီး | အောင်ပိုင်ဦး |
| (၄) | ကြည်း ၂၉၁၀၉ | ဗိုလ်မှူး | မင်းထွဋ် |
| (၅) | ကြည်း ၃၃၆၈၈ | ဗိုလ်မှူး | မင်းဇော် |
| (၆) | ကြည်း ၃၄၉၂၁ | ဗိုလ်မှူး | သန့်ဇင်ဦး |
| (၇) | ကြည်း ၄၁၂၇၂ | ဗိုလ်မှူး | ကြည်သာအောင် |
| (၈) | ကြည်း ၄၇၉၄၅ | ဗိုလ်မှူး | ဝေဖြိုးသာ |
| (၉) | ကြည်း ၅၀၉၂၉ | ဗိုလ်မှူး | အောင်ကိုကိုဝင်း |
| (၁၀) | ကြည်း ၅၁၆၄၀ | ဗိုလ်မှူး | နေလင်းထွန်း |
| (၁၁) | ကြည်း ၅၃၇၂၈ | ဗိုလ်မှူး | ငြိမ်းချမ်းကို |
| (၁၂) | လေ ၃၀၅၃ | ဗိုလ်မှူး | သိန်းလင်းထွန်း |
| (၁၃) | ကြည်း ၃၅၀၅၁ | ဗိုလ်ကြီး | တိုးမြင့်ဝင်း |
| (၁၄) | ကြည်း ၅၀၉၈၃ | ဗိုလ်ကြီး | ကျော်ကျော် |
| (၁၅) | ကြည်း ၅၁၄၂၂ | ဗိုလ်ကြီး | သန်းနိုင်ထွန်း |
| (၁၆) | ကြည်း ၅၃၄၁၇ | ဗိုလ်ကြီး | ရဲရန်နိုင် |
| (၁၇) | ကြည်း ၅၃၅၄၈ | ဗိုလ်ကြီး | ဖြိုးပြည့်စုံ |
| (၁၈) | ကြည်း ၅၉၃၁၅ | ဗိုလ်ကြီး | ကျော်ဝင်းသန့် |
| (၁၉) | ကြည်း ၆၇၅၃၀ | ဗိုလ်ကြီး | ဒေါ်သီရိဟန် |
| (၂၀) | ကြည်း ၇၄၄၅၀ | ဗိုလ်ကြီး | ထက်အောင်ရှင်း |
| (၂၁) | လေ ၃၅၀၂ | ဗိုလ်ကြီး | ထွန်းသန်းဝင်း |
| **တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်** | | | |
| (၁) | ကြည်း ၃၁၆၆၇ | ဗိုလ်မှူးကြီး | သိန်းဇော်မြင့် |
| (၂) | ကြည်း ၂၇၁၅၁ | ဗိုလ်မှူးကြီး | အောင်ကိုလတ် |
| (၃) | ကြည်း ၃၁၉၈၈ | ဒုတိယဗိုလ်မှူးကြီး | နန်းထက်ဝင်း |
| (၄) | လေ ၂၇၃၅ | ဗိုလ်မှူး | မျိုးသက်ဦး |
| (၅) | ကြည်း ၆၆၂၃၈ | ဗိုလ်ကြီး | ဇင်ကိုမောင် |
| (၆) | ရေ ၄၆၇၇ | ဗိုလ်ကြီး | မင်းပြည့် |
| (၇) | လေ ၄၁၄၆ | ဗိုလ်ကြီး | သက်ပိုင်မိုး |
| **ပဲခူးတိုင်းဒေသကြီးလွှတ်တော်** | | | |
| (၁) | ကြည်း ၂၉၁၇၃ | ဗိုလ်မှူးကြီး | ညီလန်းချို |
| (၂) | ကြည်း ၂၇၉၇၈ | ဗိုလ်မှူးကြီး | သန်းလှိုင်ဝင်း |
| (၃) | ကြည်း ၃၃၇၉၇ | ဗိုလ်မှူး | ထွန်းထွန်း |
| (၄) | ကြည်း ၃၃၈၆၉ | ဗိုလ်မှူး | လေးနိုင် |
| (၅) | ကြည်း ၃၄၉၅၆ | ဗိုလ်မှူး | ဇော်လင်းအောင် |
| (၆) | ကြည်း ၃၅၃၆၄ | ဗိုလ်မှူး | ဟိန်းဇေမြင့် |
| (၇) | ကြည်း ၃၇၈၁၀ | ဗိုလ်မှူး | ကျော်သက်နိုင် |
| (၈) | ကြည်း ၄၈၁၈၀ | ဗိုလ်မှူး | ခိုင်လွင်ထူး |
| (၉) | ကြည်း ၄၈၄၄၅ | ဗိုလ်မှူး | မင်းသူအောင် |
| (၁၀) | ကြည်း ၃၆၆၄၅ | ဗိုလ်ကြီး | မျိုးမင်းဇော် |
| (၁၁) | ကြည်း ၃၉၄၁၄ | ဗိုလ်ကြီး | လူမော်မြင့် |
| (၁၂) | ကြည်း ၄၉၀၉၇ | ဗိုလ်ကြီး | မောင်မောင်လွင် |
| (၁၃) | ကြည်း ၅၁၀၉၁ | ဗိုလ်ကြီး | သန်းမြတ်လင်း |
| (၁၄) | ကြည်း ၅၂၆၃၁ | ဗိုလ်ကြီး | တင်မောင်လွင် |
| (၁၅) | ကြည်း ၅၇၄၅၉ | ဗိုလ်ကြီး | ဖြိုးသူရမောင် |
| (၁၆) | ကြည်း ၆၂၂၄၅ | ဗိုလ်ကြီး | အောင်စစ်မောင် |
| (၁၇) | ကြည်း ၇၉၂၄၁ | ဗိုလ်ကြီး | ဒေါ်သဲနုဇာ |
| (၁၈) | လေ ၄၀၂၈ | ဗိုလ်ကြီး | ဒေါ်နီလာမြင့် |
| (၁၉) | အင်န် ၈၇၉ | ဗိုလ်ကြီး | ဒေါ်ဇင်မာဝမ်း |
| **မကွေးတိုင်းဒေသကြီးလွှတ်တော်** | | | |
| (၁) | ကြည်း ၂၂၄၀၅ | ဗိုလ်မှူးကြီး | မိုးမင်းသိန်း |
| (၂) | ကြည်း ၂၆၈၇၀ | ဗိုလ်မှူးကြီး | ကျော်သန်းဆွေ |
| (၃) | ကြည်း ၃၆၅၀၂ | ဒုတိယဗိုလ်မှူးကြီး | ဇော်ဦးလတ် |
| (၄) | ကြည်း ၂၈၄၆၃ | ဗိုလ်မှူး | ကျော်ကျော်စိုး |
| (၅) | ကြည်း ၄၈၃၈၅ | ဗိုလ်မှူး | ဇာနည်မောင် |
| (၆) | ကြည်း ၄၈၄၆၅ | ဗိုလ်မှူး | အောင်စိုးထွန်း |
| (၇) | ကြည်း ၅၁၂၄၅ | ဗိုလ်မှူး | လွင်မိုး |
| (၈) | လေ ၂၈၈၈ | ဗိုလ်မှူး | နိုင်လင်း |
| (၉) | အင်န် ၈၀၃ | ဗိုလ်မှူး | ဒေါ်အိအိဝင်း |
| (၁၀) | ကြည်း ၃၄၉၆၀ | ဗိုလ်ကြီး | ကျော်ထွန်း |
| (၁၁) | ကြည်း ၅၀၀၇၄ | ဗိုလ်ကြီး | ခိုင်ဇော်ဝေ |
| (၁၂) | ကြည်း ၅၁၅၆၃ | ဗိုလ်ကြီး | ဉာဏ်လင်းထွန်း |
| (၁၃) | ကြည်း ၅၃၈၄၄ | ဗိုလ်ကြီး | သက်ပိုင်ဦး |
| (၁၄) | ကြည်း ၅၄၄၄၁ | ဗိုလ်ကြီး | မျိုးမင်းထွန်း |
| (၁၅) | ကြည်း ၅၆၀၆၅ | ဗိုလ်ကြီး | မိုးဇေယျာဌေး |
| **မန္တလေးတိုင်းဒေသကြီးလွှတ်တော်** | | | |
| (၁) | ကြည်း ၃၂၁၃၂ | ဗိုလ်မှူးကြီး | နေလင်းစိုး |
| (၂) | ကြည်း ၂၆၇၈၈ | ဗိုလ်မှူးကြီး | ကျော်စိန်ထွန်း |
| (၃) | ကြည်း ၂၆၉၃၆ | ဒုတိယဗိုလ်မှူးကြီး | နိုင်လင်း |
| (၄) | ကြည်း ၂၈၃၂၄ | ဒုတိယဗိုလ်မှူးကြီး | ကျော်ဝင်း |
| (၅) | ကြည်း ၃၂၅၇၁ | ဒုတိယဗိုလ်မှူးကြီး | မြင့်နိုင် |
| (၆) | ကြည်း ၃၀၄၁၉ | ဒုတိယဗိုလ်မှူးကြီး | သက်နိုင်ဦး |
| (၇) | ကြည်း ၃၀၅၄၆ | ဒုတိယဗိုလ်မှူးကြီး | မျိုးမြင့်လေး |
| (၈) | ကြည်း ၃၇၉၀၉ | ဗိုလ်မှူး | အေးလင်းထွန်း |
| (၉) | ကြည်း ၃၉၂၄၇ | ဗိုလ်မှူး | ဌေးဦးခိုင် |
| (၁၀) | ကြည်း ၄၇၄၅၆ | ဗိုလ်မှူး | ကျော်ကိုဦး |
| (၁၁) | ကြည်း ၅၁၃၂၂ | ဗိုလ်ကြီး | ဝဏ္ဏနိုင် |
| (၁၂) | ကြည်း ၄၂၆၄၀ | ဗိုလ်ကြီး | အောင်ထွန်း |
| (၁၃) | ကြည်း ၅၂၇၀၂ | ဗိုလ်ကြီး | မိုးမင်းသူ |
| (၁၄) | ကြည်း ၅၃၇၈၉ | ဗိုလ်ကြီး | နေဇော်စိုး |
| (၁၅) | ကြည်း ၆၇၄၉၀ | ဗိုလ်ကြီး | ဒေါ်ငြိမ်းဆုရည် |
| (၁၆) | ကြည်း ၆၇၅၀၆ | ဗိုလ်ကြီး | ဒေါ်အိထက်ပိုင် |

*စာမျက်နှာ ၇ သို့*

# အထူးကျေးဇူးတင်ရှိကြောင်း အသိပေးထုတ်ပြန်ချက်

**နေပြည်တော်၊ ဖေဖော်ဝါရီလ ၁၁ ရက်**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်းလိုက် ကျင်းပပြုလုပ်ခဲ့ရာ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ လွတ်လပ်၍ တရားမျှတပြီး ပွင့်လင်းမြင်သာမှုရှိသော ရွေးကောက်ပွဲတစ်ရပ်အဖြစ် အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပါသည်။

၂။ ထိုကဲ့သို့ ရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ ပြည်တွင်း/ပြည်ပမှ ကြိုတင်ဆန္ဒမဲပေးခဲ့ကြသည့် မဲဆန္ဒရှင်ပြည်သူများ၊ မဲရုံသို့ ကိုယ်တိုင်လာရောက်၍ ဆန္ဒမဲပေးခဲ့ကြသည့် မဲဆန္ဒရှင်ပြည်သူများ၊ စေတနာစွမ်းအား၊ ဉာဏ်ပညာစွမ်းအား၊ ဝီရိယစွမ်းအားများဖြင့် နိုင်ငံတော်တာဝန်တစ်ရပ်အဖြစ် အားသွန်ခွန်စိုက်တာဝန်ကျေပွန်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှ အများယုံကြည်လေးစားခြင်းခံရသူပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များအားလုံးကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အထူးကျေးဇူးတင်စွာဖြင့် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

*စာမျက်နှာ ၆ မှ*

(၁၇) ကြည်း ၇၀၂၀၂ ဗိုလ်ကြီး ဒေါ်အိမွန်လှိုင်
(၁၈) ကြည်း ၇၁၅၅၆ ဗိုလ်ကြီး ဒေါ်စိမ်းလဲ့ချို

**မွန်ပြည်နယ်လွှတ်တော်**

(၁) ရေ ၃၄၇၅ ဗိုလ်မှူးချုပ် အောင်ဝင်းသန်း
(၂) ကြည်း ၂၆၈၂၉ ဗိုလ်မှူးကြီး ကျော်စွာမြင့်
(၃) ကြည်း ၂၄၉၂၃ ဗိုလ်မှူးကြီး မောင်မောင်လတ်
(၄) ကြည်း ၄၄၁၃၈ ဗိုလ်မှူး ညီဗိုလ်ဗိုလ်စိုး
(၅) အင်န် ၇၄၉ ဗိုလ်မှူး ဒေါ်ငုဝါကြည်
(၆) အင်န် ၇၈၅ ဗိုလ်မှူး ဒေါ်သက်သက်စိုး
(၇) အင်န် ၉၂၅ ဗိုလ်ကြီး ဒေါ်မြင့်မြင့်နွယ်
(၈) အင်န် ၉၅၅ ဗိုလ်ကြီး ဒေါ်သူဇာ

**ရခိုင်ပြည်နယ်လွှတ်တော်**

(၁) ကြည်း ၂၅၇၇၅ ဗိုလ်မှူးကြီး ကျော်သူရ
(၂) ကြည်း ၂၆၈၇၅ ဗိုလ်မှူးကြီး ထွန်းထွန်းဝင်း
(၃) ကြည်း ၃၄၇၃၈ ဗိုလ်မှူး ကျော်ဇေယျ
(၄) ကြည်း ၅၅၀၄၇ ဗိုလ်ကြီး လွှမ်းမိုးနိုင်
(၅) ကြည်း ၅၉၅၃၁ ဗိုလ်ကြီး စစ်မင်းနိုင်
(၆) ကြည်း ၇၄၁၆၉ ဗိုလ်ကြီး လွင်အောင်မြတ်
(၇) ရေ ၅၃၈၇ ဗိုလ်ကြီး သက်ကိုကိုဦး

**ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်**

(၁) ကြည်း ၂၁၈၉၇ ဗိုလ်မှူးကြီး ဝင်းတင့်
(၂) ကြည်း ၂၆၂၄၂ ဗိုလ်မှူးကြီး ဇော်မျိုးထွဋ်
(၃) ကြည်း ၃၃၆၃၈ ဒုတိယဗိုလ်မှူးကြီး တင်မျိုးလတ်
(၄) ရေ ၄၂၀၅ ဒုတိယဗိုလ်မှူးကြီး သက်တင်အောင်
(၅) လေ ၂၄၂၅ ဒုတိယဗိုလ်မှူးကြီး ဝေမိုးအောင်
(၆) အင်န် ၅၃၇ ဒုတိယဗိုလ်မှူးကြီး ဒေါ်အေးအေးမာ
(၇) ကြည်း ၂၈၄၇၀ ဗိုလ်မှူး သက်နိုင်ဦး
(၈) ကြည်း ၃၀၆၆၈ ဗိုလ်မှူး လှထွန်း
(၉) ကြည်း ၃၃၅၂၀ ဗိုလ်မှူး ကျော်မိုးသွင်
(၁၀) ကြည်း ၃၇၆၆၇ ဗိုလ်မှူး နိုင်ထွန်းအောင်
(၁၁) ကြည်း ၃၈၅၃၃ ဗိုလ်မှူး အောင်ဖြိုးဟန်
(၁၂) ကြည်း ၄၀၉၅၄ ဗိုလ်မှူး ပြည့်ဝင်းအောင်
(၁၃) ကြည်း ၄၀၉၈၂ ဗိုလ်မှူး စိုးလင်းနောင်
(၁၄) ကြည်း ၄၃၁၁၄ ဗိုလ်မှူး ကျော်ကျော်
(၁၅) ကြည်း ၄၃၆၆၈ ဗိုလ်မှူး ဆန်းမောင်မောင်မြင့်
(၁၆) ကြည်း ၄၇၄၃၈ ဗိုလ်မှူး သိုက်ထွန်းဇော်
(၁၇) ရေ ၄၂၄၄ ဗိုလ်မှူး ဖြိုးသူရကျော်
(၁၈) ရေ ၄၃၈၄ ဗိုလ်မှူး ကျော်ကျော်မင်း
(၁၉) လေ ၂၆၁၂ ဗိုလ်မှူး ဝင်းနိုင်
(၂၀) လေ ၃၀၈၂ ဗိုလ်မှူး ဆွေမြင့်ဦး
(၂၁) ကြည်း ၂၈၅၇၆ ဗိုလ်ကြီး ထွန်းမြင့်လတ်
(၂၂) ကြည်း ၅၁၂၇၆ ဗိုလ်ကြီး ဝဏ္ဏစိန်မြင့်
(၂၃) ကြည်း ၅၄၇၇၄ ဗိုလ်ကြီး ဟန်ဇော်လင်း
(၂၄) ကြည်း ၅၈၁၂၂ ဗိုလ်ကြီး ခင်မောင်ချို
(၂၅) ကြည်း ၆၂၀၆၈ ဗိုလ်ကြီး ပြည့်အောင်စိုး
(၂၆) ကြည်း ၆၂၅၁၈ ဗိုလ်ကြီး စိုးထက်အောင်
(၂၇) ကြည်း ၇၀၂၀၀ ဗိုလ်ကြီး ဒေါ်ဝင်းရွှေစင်ထွန်း
(၂၈) ကြည်း ၇၁၅၅၉ ဗိုလ်ကြီး ဒေါ်ခင်စန္ဒာကျော်
(၂၉) ကြည်း ၇၁၅၆၂ ဗိုလ်ကြီး ဒေါ်သဲနုစံ
(၃၀) အင်န် ၈၅၉ ဗိုလ်ကြီး ဒေါ်ကြူကြူထွန်း
(၃၁) အင်န် ၉၃၅ ဗိုလ်ကြီး ဒေါ်ခင်ရတနာလှိုင်

**ရှမ်းပြည်နယ်လွှတ်တော်**

(၁) ကြည်း ၂၄၉၇၀ ဗိုလ်မှူးကြီး စိန်ဝင်း
(၂) ကြည်း ၂၅၇၅၅ ဗိုလ်မှူးကြီး အောင်မျိုးသန်း
(၃) ကြည်း ၂၇၄၀၂ ဒုတိယဗိုလ်မှူးကြီး မြင့်မောင်
(၄) ကြည်း ၃၀၅၄၅ ဒုတိယဗိုလ်မှူးကြီး ညီညီတင်
(၅) ကြည်း ၃၂၃၇၂ ဒုတိယဗိုလ်မှူးကြီး ဝင်းကျော်ကျော်
(၆) လေ ၂၇၇၁ ဒုတိယဗိုလ်မှူးကြီး အောင်စိုး
(၇) ကြည်း ၂၉၁၃၂ ဗိုလ်မှူး ကျော်သူဝင်း
(၈) ကြည်း ၂၄၀၅၀ ဗိုလ်မှူး လှမိုးသိန်း
(၉) ကြည်း ၂၅၂၉၇ ဗိုလ်မှူး ကျော်စိုးလင်း
(၁၀) ကြည်း ၂၈၇၈၃ ဗိုလ်မှူး မင်းခေါင်
(၁၁) ကြည်း ၃၂၅၇၇ ဗိုလ်မှူး ဇော်ဝင်းဦး
(၁၂) ကြည်း ၃၃၄၀၄ ဗိုလ်မှူး အောင်သူရ
(၁၃) ကြည်း ၃၆၄၃၀ ဗိုလ်မှူး ဖြိုးသီဟကျော်
(၁၄) ကြည်း ၃၈၈၁၃ ဗိုလ်မှူး အောင်ကိုကို
(၁၅) ကြည်း ၄၀၄၂၉ ဗိုလ်မှူး ဖြိုးထက်ဦး
(၁၆) ကြည်း ၄၂၃၈၁ ဗိုလ်မှူး ဇော်မျိုးဝေ
(၁၇) ကြည်း ၄၅၄၁၇ ဗိုလ်မှူး အောင်အောင်မျိုး
(၁၈) ကြည်း ၄၇၁၄၇ ဗိုလ်မှူး စိုင်းလောင်မုန်း
(၁၉) ကြည်း ၄၇၆၁၄ ဗိုလ်မှူး ဉာဏ်လင်းအောင်
(၂၀) အင်န် ၈၁၄ ဗိုလ်မှူး ဒေါ်ခင်သန္တာအုန်းသိန်း
(၂၁) အင်န် ၈၄၀ ဗိုလ်မှူး ဒေါ်ဝေနှင်းအောင်
(၂၂) ကြည်း ၃၃၇၃၁ ဗိုလ်ကြီး တေဇာအောင်
(၂၃) ကြည်း ၃၅၀၇၅ ဗိုလ်ကြီး ကျော်ဝင်းလှိုင်
(၂၄) ကြည်း ၄၂၇၁၅ ဗိုလ်ကြီး စိုးမင်းဌေး
(၂၅) ကြည်း ၄၉၀၉၈ ဗိုလ်ကြီး သော်ဇင်ဝင်း
(၂၆) ကြည်း ၄၉၅၀၈ ဗိုလ်ကြီး ညီညီထွန်း
(၂၇) ကြည်း ၅၂၀၁၉ ဗိုလ်ကြီး မျိုးမင်းစိုး
(၂၈) ကြည်း ၅၂၅၄၁ ဗိုလ်ကြီး ဇေယျာလင်း
(၂၉) ကြည်း ၅၉၂၆၆ ဗိုလ်ကြီး ဇင်မင်းထွန်း
(၃၀) ကြည်း ၆၅၅၈၂ ဗိုလ်ကြီး ဒေါ်နန်းဟေမာဝေညို
(၃၁) ကြည်း ၆၇၁၇၆ ဗိုလ်ကြီး ဒေါ်ပြုံးသိင်္ဂီ
(၃၂) ကြည်း ၇၂၉၅၁ ဗိုလ်ကြီး ဒေါ်ဖြိုးသဇင်ကျော်
(၃၃) ကြည်း ၇၄၂၉၈ ဗိုလ်ကြီး ဒေါ်မေစစ်သူ

**ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်**

(၁) ကြည်း ၃၀၁၀၇ ဗိုလ်မှူးကြီး ခန့်မွန်ဆွေ
(၂) ကြည်း ၃၁၈၈၃ ဗိုလ်မှူးကြီး သန်းထွန်းအောင်
(၃) ကြည်း ၃၄၇၁၇ ဗိုလ်မှူး နေဝင်းနောင်
(၄) ကြည်း ၃၉၆၇၃ ဗိုလ်မှူး အောင်ဇော်ထိုက်
(၅) ကြည်း ၄၇၅၂၁ ဗိုလ်မှူး ဇေယျာလင်း
(၆) ကြည်း ၄၇၇၆၉ ဗိုလ်မှူး သက်ပိုင်ထွဏ်း
(၇) ကြည်း ၄၈၈၄၂ ဗိုလ်မှူး ဖြိုးဝေငြိမ်း
(၈) ရေ ၄၂၆၈ ဗိုလ်မှူး ကျော်တေဇ
(၉) ကြည်း ၄၈၃၆၁ ဗိုလ်ကြီး ဇော်ဝမ်း
(၁၀) ကြည်း ၅၃၇၅၈ ဗိုလ်ကြီး ထွန်းခိုင်လင်း
(၁၁) ကြည်း ၆၅၅၀၇ ဗိုလ်ကြီး ထွန်းလင်းနောင်
(၁၂) ကြည်း ၆၆၀၈၄ ဗိုလ်ကြီး အောင်သူစိုး
(၁၃) ကြည်း ၇၁၀၅၄ ဗိုလ်ကြီး ဝေယံမင်းခန့်
(၁၄) ရေ ၅၂၅၄ ဗိုလ်ကြီး ဖြိုးဝေအောင်
(၁၅) လေ ၄၂၃၂ ဗိုလ်ကြီး သန်းထိုက်ဇော်
(၁၆) လေ ၄၃၄၃ ဗိုလ်ကြီး ဒေါ်ဟန်နီအောင်မိုး
(၁၇) အင်န် ၈၇၈ ဗိုလ်ကြီး ဒေါ်မေသူသူဝင်း
(၁၈) အင်န် ၉၆၁ ဗိုလ်ကြီး ဒေါ်ကြေးမုံဝင်း

**( ပုံ ) သန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**



# နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက ချီးမြှင့်သည့် ဂုဏ်ထူးဆောင်ဘွဲ့အား ချီးမြှင့်ပေးအပ်

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၆ ခုနှစ်၊ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ဂုဏ်ထူးဆောင်ဘွဲ့ရရှိသည့် ပုဂ္ဂိုလ်များကို အခမ်းအနားဖြင့်ချီးမြှင့်ခဲ့ပြီး အကြောင်း အမျိုးမျိုးကြောင့် ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားသော်လည်းကောင်း အခမ်းအနားသို့ တက်ရောက်ရယူနိုင်ခဲ့ခြင်းမရှိဘဲ ခရီးလွန်နေသည့် ဘွဲ့ခံပုဂ္ဂိုလ်အား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ညှိနှိုင်းခန်းမ၌ ဂုဏ်ထူးဆောင်ဘွဲ့ လက်ခံရယူမည့် ကာယကံရှင်ထံ ချီးမြှင့်အပ်နှင်းသည်။(ဓာတ်ပုံ)

ထိုသို့ချီးမြှင့်အပ်နှင်းရာတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများက သိပ္ပကျော်စွာဘွဲ့ရရှိသည့် မြန်မာနိုင်ငံ ငလျင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးစောထွေးဇော်ကို ဂုဏ်ထူးဆောင်ဘွဲ့ ပေးအပ်ချီးမြှင့်ကြပြီး ဘွဲ့ခံပုဂ္ဂိုလ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်(နေပြည်တော်)ကို ဖေဖော်ဝါရီ ၁၄ ရက်အထိ ကျင်းပသွားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

(၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို တစ်ရက်တိုး၍ ဖေဖော်ဝါရီ ၁၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲသို့ ပြည်သူအများအပြား စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုကြပြီး ထုတ်ကုန်များကို ဝယ်ယူမှုများပြားနေခြင်း၊ ရုံးပိတ်ရက်များနှင့် တိုက်ဆိုင်လျက်ရှိခြင်းတို့ကြောင့် ပြည်သူများ ပိုမိုလေ့လာကြည့်ရှုဝယ်ယူနိုင်စေရန် ရည်ရွယ်ကြောင်း ပြပွဲကျင်းပရေးကော်မတီထံမှ သိရသည်။

ယနေ့ပြပွဲစတုတ္ထနေ့ကို ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော်ရင်ပြင်၌ကျင်းပရာ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ MSME လုပ်ငန်းရှင်များ၊ ကျောင်းသား ကျောင်းသူများ၊ လူငယ်များနှင့် ဒေသခံပြည်သူ အများအပြား စိတ်ပါဝင်စားစွာ လာရောက် ကြည့်ရှုလေ့လာကြသည်။



MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်၌ ပြည်ထောင်စုဝန်ကြီးဌာန ပြခန်းများအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ထုတ်ကုန်ပစ္စည်းပြခန်းများ၊ ပြင်ပကုမ္ပဏီ ၂၉ ခုက ဝင်ရောက်ပြသသည့်ပြခန်းများ စုစုပေါင်း ပြခန်း ၁၂၀ ကျော်၌ အမျိုးအစားစုံလင်စွာ ခင်းကျင်းပြသရောင်းချလျက်ရှိပြီး ပြပွဲစတုတ္ထနေ့တွင် အနယ်နယ်အရပ်ရပ်မှ ပြပွဲလာပြည်သူများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

ပြခန်းများအလိုက် ခင်းကျင်း ပြသထားသည့် ဒေသအလိုက် ထွက်ရှိသော တိုင်းရင်းသားရိုးရာ အစားအစာများ၊ One Region One Product ထုတ်ကုန်များအပါအဝင် ပြည်ပသို့ တင်ပို့ရောင်းချနေသည့် MSME ထုတ်ကုန်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို ပြခန်းတာဝန်ရှိသူများက သက်ဆိုင်ရာ ပြခန်းအလိုက် ရှင်းလင်း ဆွေးနွေးပေးလျက်ရှိသည်။



ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ပြခန်းများ၌ ဒေသထွက် အစားအစာများ၊ စားသောက်ကုန်များနှင့် ကုန်ပစ္စည်းများ၊ တိုင်းရင်းသားရိုးရာ အမှတ်တရပစ္စည်းများ၊ တိုင်းရင်းသား ရိုးရာဝတ်စုံများ၊ အိမ်သုံးပစ္စည်း၊ လယ်ယာသုံးပစ္စည်းများကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည့်အတွက် ပြပွဲလာပြည်သူများ၏ ဝယ်ယူအားပေးမှုဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။

ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဒေသထွက် စားသောက်ဖွယ်ရာများကို ယင်းဒေသ၏ လက်ရာ၊ အရသာ၊ ပုံစံအတိုင်း သုံးဆောင်နိုင်ရန်နှင့် သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူနိုင်အောင် ရောင်းချပေးလျက်ရှိသည်။

ပြပွဲရက်များအတွင်း ညပိုင်းတွင် ပြည်သူများ အေးချမ်းပျော်ရွှင်စွာ အပန်းဖြေနိုင်ရန် ဖျော်ဖြေရေး အစီအစဉ်များကို ထည့်သွင်းကျင်းပလျက်ရှိပြီး နိုင်ငံကျော်အနုပညာရှင်များ၏ ပရိသတ်အကြိုက် တေးသီချင်းများဖြင့် မြူးမြူးကြွကြွ သီဆိုကပြဖျော်ဖြေမှုများတွင် ပြည်သူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲလျက်ရှိသည်။

နိုင်ငံကျော် အနုပညာရှင်များ၏ ဖျော်ဖြေမှုအစီအစဉ်များကို ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့)တွင် ခေတ္တရပ်နားထားမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၁၃ ရက်တွင် နိုင်ငံကျော် အနုပညာရှင်များ၏ ဖျော်ဖြေမှုအစီအစဉ်များဖြင့် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်း - မင်းကျော်စွာ**

**ဓာတ်ပုံ - အောင်မင်းထွန်း**

# သထုံမြို့နယ်၌ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ကိုဂုဏ်ပြုသောအားဖြင့် ကျေးရွာကုန်ထုတ်လမ်းနှင့်တံတားဖွင့်

**သထုံ ဖေဖော်ဝါရီ ၁၁**

(၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သထုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် သထုံမြို့နယ် မြေနီကုန်းကျေးရွာ ကုန်ထုတ်လမ်းနှင့် တံတားဖွင့်ပွဲကို ယမန်နေ့က အဆိုပါကျေးရွာ၌ ကျင်းပသည်။

ဦးစွာ ကုန်ထုတ်လမ်းနှင့် တံတားအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မွန်ပြည်နယ်ဦးစီးမှူး ဦးသန်းလွင်၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးအောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး မြင့်နိုင်၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး တက်ထွန်းဝင်းနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မိုးစိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးအောင်က အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ သထုံခရိုင်ဦးစီးမှူး ဒေါ်သီတာဝင်းစံက ယနေ့ဖွင့်လှစ်ပေးသည့် ကျေးလက်ကုန်ထုတ်လမ်းနှင့် တံတားဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယနေ့ဖွင့်လှစ်သည့် ကုန်ထုတ်လမ်းနှင့် တံတားကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်ဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၂၉၁ ဒသမ ၄ သန်းဖြင့် ခြူးကမ္ဘာမာန်ကုမ္ပဏီက ၂၀၂၅ ခုနှစ် ဇူလိုင် ၉ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး အရှည် ပေ ၆၀၀၊ အကျယ် ၁၂ ပေရှိ ဂဝံမြေသားကုန်ထုတ်လမ်းနှင့် အရှည် ပေ ၆၀၊ အကျယ် ၁၆ ပေနှင့် အမြင့် ၁၂ ပေရှိ ကွန်ကရစ်တံတား တစ်စင်းတို့ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# သံချောင်းတွေကို အရစ်ပုံစံဖော်ဖို့၊ သံနဲ့ပတ်သက်ပြီး စမ်းသပ်စစ်ဆေးတဲ့ပုံစံတွေ ဘယ်လိုရှိတယ်ဆိုတာတွေကို ပြသနေတာဖြစ်ပါတယ်။ ပြည်တွင်းမှာ နိုင်ငံတကာအဆင့်မီ အရည်အသွေးပြည့်ဝတဲ့ပစ္စည်းတွေကို ရောင်းချပေးနေတာ ဖြစ်ပါတယ်

ဦးကျော်စိုး


ဦးမြင့်ဝင်း


ဦးကျော်စွာစိုး


ဦးဟိန်းမင်းထက်


ဒေါ်ကြွယ်ကြွယ်


ဦးမျိုးမြင့်ထွန်း


ဦးကျော်စိုး

**(၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် (နေပြည်တော်) ကို နေပြည်တော်ရင်ပြင်၌ ဖေဖော်ဝါရီ ၈ ရက်မှ ၁၃ ရက်အထိ ခြောက်ရက်တာ ကျင်းပလျက်ရှိသည်။**

ပြပွဲတွင် ပြခန်းပေါင်း ၁၂၀ ကျော်နှင့် ပြင်ပကုမ္ပဏီ ၂၉ ခုတို့က ပါဝင်ပြသရောင်းချလျက်ရှိပြီး ပါဝင်ပြသရောင်းချကြသည့် လုပ်ငန်းရှင်များ၏ စကားသံများကို ဖော်ပြလိုက်ရပါသည် -

**ဦးမြင့်ဝင်း**

**Manufacturing Director**

**SUPER SEVEN STARS INDUSTRIAL DEVELOPMENT CO.,LTD**

အဓိကကတော့ ဒီနှစ်မှာ Advanced Technology သုံးထားတဲ့ စက်ကိရိယာတွေ ပါဝင်ပြသထားပါတယ်။ ထုပ်ပိုးမှုအပိုင်းနဲ့ သက်ဆိုင်တဲ့ စက်ကိရိယာတွေ၊ သစ်သီးအခြောက်ခံ စက်တွေမှာဆိုရင် နည်းပညာအပိုင်းက မြင့်လာတယ်။ အာလူးကြော်စက်မှာဆိုရင် MSME လုပ်ငန်းရှင်တွေကို တစ်ပိုင်တစ်နိုင် ကျစ်ကျစ်လျစ်လျစ်နဲ့ ထုတ်လုပ်မှု လုပ်နိုင်အောင်၊ လုပ်ငန်းလုပ်နိုင်အောင် ပြသထားပါတယ်။ အဲဒီအပြင် နို့နဲ့ နို့ထွက်ပစ္စည်းနဲ့ သက်ဆိုင်တာ၊ ဥစားကြက်မွေးမြူရေးနဲ့ သက်ဆိုင်တာတွေကိုလည်း ပြသထားပါတယ်။ ကျွန်တော်တို့ ပြခန်းကို MSME လုပ်ငန်းရှင်တွေ အများဆုံး လာရောက်လေ့လာကြတယ်။ သူတို့လုပ်ငန်းအတွက် လိုအပ်တဲ့စက်ကိရိယာတွေနဲ့ပတ်သက်တာတွေကို တိုင်ပင်ဆွေးနွေးကြပါတယ်။

ကျွန်တော်တို့အနေနဲ့ သူတို့လုပ်ငန်းအတွက် ရင်းနှီးအသုံးပြုရမယ့် ငွေကြေးအရင်းအနှီးနဲ့ ထိုက်တန်အောင် ထိထိရောက်ရောက် အသုံးပြုနိုင်မယ့် စက်ကိရိယာတွေကို ရွေးချယ်ပြသပေးတယ်။ လက်ခံအားပေးကြပါတယ်။ အခုပြပွဲမှာ ရောင်းအားကောင်းတဲ့စက်က ထုပ်ပိုးမှုနဲ့ သက်ဆိုင်တဲ့ စက်တွေများပါတယ်။ ကျွန်တော်တို့က ဝန်ဆောင်မှုအပိုင်းကို အပြည့်အဝ ဆောင်ရွက်ပေးပါတယ်။ မဝယ်သေးခင်မှာ သူတို့နဲ့တိုင်ပင်ဆွေးနွေးတယ်။ သူတို့ရဲ့ လိုအပ်ချက်တွေအတွက် အကြံပြုဆွေးနွေးပေးတယ်။ တပ်ဆင်တဲ့အပိုင်းကိုလည်း ဆောင်ရွက်ပေးတယ်။ ပြုပြင်ထိန်းသိမ်းမှုအပိုင်းကိုလည်း စီစဉ်ပေးတယ်။ စက်ကို ဝယ်ယူပြီးတာနဲ့ နောက်ထပ် စက်ကိရိယာအပိုပစ္စည်းတွေလည်း ကျွန်တော်တို့ဆီမှာ အမြဲရှိနေပါတယ်။ လုပ်ငန်းရှင်တွေအနေနဲ့ ကျွန်တော်တို့ဆီက စက်ကို ဝယ်ယူသွားပြီးတာနဲ့ စိတ်ချမ်းမြေ့စွာ တန်ဖိုးရှိရှိ အသုံးချနိုင်အောင် ကူညီဆောင်ရွက်ပေးပါတယ်။

**ဦးကျော်စွာစိုး**

**အထွေထွေမန်နေဂျာ၊ NPK Motor Co.,Ltd**

ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့ လျှပ်စစ်သုံးမော်တော်ယာဉ်တွေကို SKD စနစ်နဲ့ မြန်မာနိုင်ငံမှာ ပထမဦးဆုံး ထုတ်လုပ်ခဲ့တဲ့ ကုမ္ပဏီ ဖြစ်ပါတယ်။ Brand အားဖြင့်တော့ LEAP Motor Brand ကို ထုတ်လုပ်လျက်ရှိပါတယ်။ အဲဒီလိုလျှပ်စစ်သုံး မော်တော်ယာဉ်တွေကို ထုတ်လုပ်တဲ့နေရာမှာ အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီရဲ့ လမ်းညွှန်ချက်အတိုင်း SKD Bus တွေကို အုပ်စု ၁၀ စုခွဲပြီး ပြည်ပကနေတင်သွင်းပြီး ပြည်တွင်းမှာ ထုတ်လုပ်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီလို ထုတ်လုပ်တဲ့အခါ ပြည်သူတွေ သက်သောင့်သက်သာ အဆင်ပြေပြေ သွားလာနိုင်ရေးကို ရည်ရွယ်ခဲ့ပါတယ်။ အဲဒီလို ရည်ရွယ်ပြီး ထုတ်လုပ်တဲ့အပြင် ဈေးနှုန်းအားဖြင့် သင့်တင့်တဲ့ဈေးနှုန်းနဲ့ ရောင်းချပေးသလို အရည်အသွေးအားဖြင့် ပြည့်ဝနေဖို့အတွက် လိုအပ်တဲ့ ထုတ်လုပ်ရေးသုံး ပစ္စည်းတွေ၊ စက်တွေ၊ စမ်းသပ်ပစ္စည်းတွေ၊ စစ်ဆေးရေးပစ္စည်းတွေ အားလုံးကို တပ်ဆင်အသုံးပြုခဲ့တာ ဖြစ်ပါတယ်။ ထုတ်လုပ်တဲ့ ဝန်ထမ်းတွေကလည်း ကျွမ်းကျင်မှုရှိတဲ့ ဝန်ထမ်းတွေ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ ထုတ်လုပ်တဲ့ လျှပ်စစ်သုံးယာဉ်တွေရဲ့ အရည်အသွေးကို အာမခံလို့ ရပါတယ်။

လက်ရှိအချိန်မှာ ထုတ်လုပ်တဲ့ပုံစံက တစ်စိတ်တစ်ပိုင်း တပ်ဆင်ပြီးတဲ့ အစိတ်အပိုင်းတွေကို ထုတ်လုပ်နေတာ ဖြစ်ပါတယ်။ ဒုတိယဆင့်အနေနဲ့ ပြည်တွင်းက ပစ္စည်းတွေနဲ့ အစားထိုး ထုတ်လုပ်မှာ ဖြစ်ပါတယ်။ ဥပမာအားဖြင့် တာယာ၊ ထိုင်ခုံတို့ကို ပြည်တွင်းမှာ အစားထိုး ထုတ်လုပ်သွားမှာပါ။ တတိယအဆင့်အနေနဲ့ အမယ်တစ်ခုချင်းအလိုက်၊ ပစ္စည်းတစ်ခုချင်းစီအလိုက် ထုတ်လုပ်ပြီး အပြည့်အဝ တပ်ဆင်ထုတ်လုပ်ခြင်း အပိုင်းကို သွားမှာဖြစ်ပါတယ်။ အဲဒီလို ကူးပြောင်းသွားတဲ့အခါ တစ်နှစ်ထက်တစ်နှစ် ပစ္စည်းကိရိယာတွေကို တိုးတက်ထုတ်လုပ်ပြီး နောင်တစ်ချိန်မှာ လျှပ်စစ်သုံးယာဉ် တစ်စီးလုံးကို ပြည်တွင်းပစ္စည်းတွေနဲ့သာ ထုတ်လုပ်သွားနိုင်အောင် ကြိုးစားနေပါတယ်။ အဲဒီလို တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်ထုတ်လုပ်နိုင်ဖို့အတွက် နည်းပညာပိုင်းဆိုင်ရာ၊ ရင်းနှီးမြှုပ်နှံမှုပိုင်းဆိုင်ရာ ပမာဏက များပြားလာမှာဖြစ်တဲ့အတွက် နိုင်ငံတော်အနေနဲ့ အခုထက်ပိုပြီး ပံ့ပိုးကူညီမှုတွေ လုပ်ပေးနိုင်မယ်လို့လည်း မျှော်လင့်ပါတယ်။ ပြီးတော့ အဲဒီလို ထုတ်လုပ်လာနိုင်တာနဲ့အမျှ MSME လုပ်ငန်းတွေဟာလည်း အခုထက်ပိုပြီး တိုးတက်လာမယ်လို့ မျှော်လင့်ပါတယ်။

**ဦးဟိန်းမင်းထက်**

**Managing Director**

**GREEN LAND Co.,Ltd**

ကျွန်တော်တို့ GL ကုမ္ပဏီအနေနဲ့ GREEN LAND SOLAR နဲ့ GREEN LAND (စိမ်းလန်း) ဆိုပြီး လုပ်ငန်းနှစ်မျိုး လုပ်ကိုင်ဆောင်ရွက်ပါတယ်။ ကျွန်တော်တို့ရဲ့ ပြခန်းမှာ အပင်အပိုင်းမှာဆိုရင် နှစ်ရှည်ပျိုးပင်တွေ၊ အရိပ်အပင်ကြီးတွေ၊ ယိုးဒယားကိုင်းကူးမျိုး သီးပင်စားပင်တွေ၊ အလှစိုက် ဘွန်စိုင်းအပင်ကြီးတွေကို အပင်အမျိုးအစား လေးမျိုးလောက် ပြသရောင်းချပေးပါတယ်။ အလှစိုက်တဲ့ ဘွန်စိုင်းအပင်ကြီးတွေအပြင် အလှစိုက် ကံ့ကော်ပင်ကြီးတွေ ပါပါတယ်။ သီးပင်စားပင်ထဲကဆိုရင် ယိုးဒယား အုန်းချိုမွှေးပါ။ ယိုးဒယားအုန်းချိုမွှေးက တစ်ပိုင်တစ်နိုင် အိမ်စားအနေနဲ့ကော စီးပွားဖြစ်အနေနဲ့ပါ စိုက်ပျိုးသင့်တဲ့ အပင်မျိုးဖြစ်ပြီး ရေတိုနဲ့ အကျိုးအမြတ်ရတဲ့ အပင်မျိုးဖြစ်ပါတယ်။ ပြပွဲကျန်တဲ့ရက်တွေမှာလည်း လာရောက်လေ့လာကြဖို့ ဖိတ်ခေါ်ပါတယ်။ ဈေးနှုန်းကလည်း ချိုသာပါတယ်။

**ဒေါ်ကြွယ်ကြွယ်**

**Marketing supervisor ၊ Mandalay Smart Home Builders Co.,Ltd**

ကျွန်မတို့ ကုမ္ပဏီက Mobile Smart Home Builders ဖြစ်တဲ့အတွက် ငလျင်ဘေးဒဏ်ကြောင့် အိမ်ရာတွေ ဆုံးရှုံးသွားတဲ့ အများပြည်သူတွေအတွက် အိမ်ရာလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြေရှင်းပေးနိုင်ဖို့နဲ့ ပြည်သူတွေ အရည်အသွေးပြည့်မီသော Mobile အိမ်တွေကို ပိုမိုမြန်ဆန်စွာ ပိုင်ဆိုင်နိုင်စေဖို့ ဈေးနှုန်းသက်သာစွာနဲ့ ကိုယ်ပိုင်အိမ်တွေ ပိုင်ဆိုင်နိုင်အောင်လို့ ပြပွဲမှာ လာရောက်ပြီး ခင်းကျင်းပြသပေးနေတာ ဖြစ်ပါတယ်။ တန်ဖိုးအနေနဲ့ ၂၉၉ သိန်းကနေစပြီး သိန်း ၁၀၀၀ ကျော်အထိ ရှိပါတယ်။ စိတ်ဝင်စားတဲ့ ပြည်သူတွေ လာရောက်လေ့လာဝယ်ယူမယ်ဆိုရင် ကျွန်မတို့ ကုမ္ပဏီမှာ Modern ၁၀ မျိုးရှိပြီး Deposit ၅၀ ရာခိုင်နှုန်းသွင်းရင် အိမ်ကို တစ်လအတွင်း ရရှိမှာဖြစ်ပြီး ကျန်ရှိတဲ့ ၅၀ ရာခိုင်နှုန်း သွင်းနေတဲ့အချိန်မှာလည်း ဝန်ဆောင်မှုအပြည့်အဝ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ဒီပြပွဲမှာတော်တော်များများ လာရောက်ပြီး စိတ်ဝင်တစား ကြည့်ရှုလေ့လာကြပါတယ်။ ပြည်သူတွေ တော်တော်များများက စိတ်ဝင်တစားနဲ့ လာရောက်လေ့လာ ကြည့်ရှုကြတဲ့အတွက် အင်မတန် ဝမ်းသာမိပါတယ်။

**ဦးမျိုးမြင့်ထွန်း**

**Executive Director ၊ Good Brothers' Company Limited**

ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့ လယ်ယာသုံးကဏ္ဍမှာ မြေပြုပြင်တာကစပြီး စိုက်ပျိုး၊ ရိတ်သိမ်းတဲ့ အဆင့်အထိ ပြသထားပါတယ်။ ဒါ့အပြင် တောင်သူတွေ လိုအပ်နေတဲ့ သွင်အားစုတွေကိုပါ ထည့်သွင်းပြသထားပါတယ်။ MSME လုပ်ငန်းအတွက် စွမ်းအင်ကဏ္ဍမှာ အဓိကထား အသုံးပြုနိုင်ဖို့အတွက် ဆိုလာတွေကိုလည်း ပြသထားပါတယ်။ လက်ရှိ Good Brothers အနေနဲ့ တောင်သူတွေကို အကျိုးပြုနိုင်မယ့် အရာတွေကို ပြသထားတဲ့အတွက် တောင်သူတွေ တော်တော်များများ လာကြည့်ကြတယ်။ ဝယ်ယူသူတွေလည်း များပါတယ်။ ဒီပြပွဲမှာ ရောင်းချရတဲ့ပစ္စည်းတွေ များပါတယ်။ ကျွန်တော်တို့ဆီက စက်ပစ္စည်းတွေ ဝယ်ယူမယ်ဆိုရင် လက်ငင်းစနစ်နဲ့ ရောင်းသလို တောင်သူတွေကို ဝယ်ယူနိုင်အောင်၊ အသုံးပြုနိုင်အောင် အရစ်ကျစနစ်၊ ငှားရမ်းတဲ့စနစ်နဲ့ ဆောင်ရွက်ပေးနေတာလည်း ရှိပါတယ်။ ဝယ်ယူတဲ့နေရာမှာ ကျွန်တော်တို့ ကုမ္ပဏီက စက်တန်ဖိုးရဲ့ ၅၀ ရာခိုင်နှုန်းကို ကနဦးတင်သွားပြီး ကျန်တဲ့ငွေကိုတော့ ခြောက်လ တစ်ဖြတ်နဲ့ တစ်နှစ်ခွဲကာလပေးသွင်းပြီး ရောင်းချတဲ့ ပစ္စည်းတွေ ရှိပါတယ်။ တချို့ပစ္စည်းတွေက နေ့စဉ်ဝင်ငွေရှာဖွေနေတဲ့ ပစ္စည်းတွေဖြစ်တဲ့အတွက် အပတ်စဉ်၊ လစဉ်စနစ်နဲ့ ရောင်းချပြီး ဝယ်ယူသုံးစွဲသူတွေ အဆင်ပြေပြေနဲ့ ပြန်လည်ပေးဆပ်နိုင်အောင်ပါ။ ဝင်ငွေကို မိသားစုအတွက် တစ်ဖက်တစ်လမ်းကသုံးနိုင်ပြီး တောင်သူတွေအနေနဲ့ မိသားစုလည်း အဆင်ပြေ၊ စက်လည်း ပိုင်ဆိုင်သွားရမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဖန်တီးပြီး ဆောင်ရွက်ပေးထားခြင်း ဖြစ်ပါတယ်။

**ဦးကျော်စိုး**

**Deputy Managing Director**

**STEEL KING COMPANY LIMITED**

ကျွန်တော်တို့ STEEL KING COMPANY LIMITED အနေနဲ့ သံချည်သံကွေးနဲ့ Coupler စနစ်နဲ့ပတ်သက်ပြီး ပြသနေတာဖြစ်ပါတယ်။ သံတွေကို ဆိုက်ထဲမှာ ထုတ်လုပ်မယ့်အစား စက်နဲ့ ဘယ်လိုထုတ်လုပ်မလဲဆိုတာကို ဒီပြခန်းမှာ ပြသပါတယ်။ သံတွေ ဆက်တဲ့နေရာမှာ Coupler စနစ်ကိုသုံးခြင်းအားဖြင့် ပိုပြီး ခိုင်မာမှုရှိလာမယ်။ သံချောင်းတွေကို အရစ်ပုံစံဖော်ဖို့၊ သံနဲ့ ပတ်သက်ပြီး စမ်းသပ်စစ်ဆေးတဲ့ ပုံစံတွေ ဘယ်လိုရှိတယ်ဆိုတာတွေကို ပြသနေတာဖြစ်ပါတယ်။ ပြည်တွင်းမှာ နိုင်ငံတကာအဆင့်မီ အရည်အသွေးပြည့်ဝတဲ့ ပစ္စည်းတွေကို ရောင်းချပေးနေတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့ တံတားစီမံကိန်းတွေ၊ ဆောက်လုပ်ရေး အပိုင်းတွေ၊ ကိုယ်ပိုင်အိမ်ဆောက်လုပ်တာက အစ အထူးအစီအစဉ်အနေနဲ့ ပြပွဲကနေ ရောင်းချပေးနေပါတယ်။

ပြခန်းကို ပြည်သူတွေ စိတ်ဝင်တစား လာရောက်ကြည့်ရှု လေ့လာကြပါတယ်။ အခုလို ပွင့်လင်းရာသီကာလမှာ အထူးပရိုမိုးရှင်းတွေနဲ့ ရောင်းချနေတာဖြစ်တဲ့အတွက် ပြည်သူတွေ လာရောက်လေ့လာပြီး အော်ဒါပေးတာ ရှိပါတယ်။ ဖုန်းဆက်ပြီး ဝယ်ယူတာလည်းရှိတယ်။ ဒီပြခန်းမှာ နည်းပညာအသစ်တွေနဲ့ ရေရှည်ခိုင်မာတဲ့ အဆောက်အအုံတွေ ဖြစ်အောင် ပြသထားတဲ့အတွက် လာရောက်လေ့လာကြဖို့ အားလုံးကို ဖိတ်ခေါ်ပါတယ်။

**မင်းကျော်စွာ**

**ဓာတ်ပုံ - အောင်မင်းထွန်း**

# ဖုန်းတစ်လုံးရှိရုံနဲ့ မလုံလောက်တော့တဲ့ခေတ် AI Literacy နဲ့ စမတ်မိသားစု တည်ဆောက်ခြင်း

မောင်မောင်လင်း

*(ယမန်နေ့မှ အဆက်)*

**မိသားစုအခြေပြု AI သင်ယူမှု လမ်းညွှန်**

မိသားစုအတွင်း AI Literacy ကို အောက်ပါအတိုင်း အဆင့်ဆင့်မြှင့်တင်နိုင်ပါတယ်–

(က) **အသိအမြင် တူညီအောင် ညှိနှိုင်းခြင်း။** AI ကို စမတ်ဖုန်းထဲက 'မှော်ဆရာ' လို့ မမြင်ဘဲ 'ဒေတာတွေအပေါ် အခြေခံပြီး ခန့်မှန်းတွက်ချက်ပေးတဲ့စက်' အဖြစ် မိသားစုဝင်အားလုံးက သဘောပေါက်ထားဖို့ လိုပါတယ်။ အထူးသဖြင့် AI က အမှားတွေကို ဟုတ်သလိုလိုနဲ့ လုပ်ကြံပြောတတ်တာတွေကို သတိထားဖို့ မိသားစုဝင်တွေကြား အပြန်အလှန်သတိပေးတဲ့ အလေ့အကျင့် လုပ်ထားရပါမယ်။

( ခ ) **အိမ်တွင်း လက်တွေ့စမ်းသပ်ခန်း။** Google Gemini ဒါမှမဟုတ် ChatGPT လိုမျိုး AI ကိရိယာတွေကိုသုံးပြီး နေ့စဉ်ဘဝထဲမှာ အောက်ပါအတိုင်း ပျော်စရာကောင်းအောင် လေ့ကျင့်နိုင်ပါတယ်–

(၁) **အမိန့်ပေးချက်ပြိုင်ပွဲ။** ဥပမာ– 'မိသားစုခရီးသွားဖို့ အစီအစဉ်ဆွဲခိုင်းတာမျိုး'။ ဘယ်သူက ပိုပြီး တိကျတဲ့ မေးခွန်းမေးနိုင်သလဲ၊ ဘယ်သူ့မေးခွန်းက ပိုကောင်းတဲ့ အဖြေထွက်သလဲဆိုတာကို နှိုင်းယှဉ်ဆွေးနွေးတာမျိုး။

(၂) **အချက်အလက် စစ်ဆေးမှုဂိမ်း။** AI ကပေးတဲ့ အဖြေကို အခြားသော ရင်းမြစ်တွေမှာ ပြန်စစ်ကြည့်ပါ။ AI က ဘယ်နေရာမှာ မှားနေသလဲဆိုတာကို ရှာဖွေခြင်းဖြင့် ကလေးတွေရဲ့ ဝေဖန်ပိုင်းခြားနိုင်စွမ်းကို မြှင့်တင် ပေးတာမျိုး။

(၃) **ဖန်တီးမှုပရောဂျက်။** မိသားစုပွဲလမ်းတွေအတွက် ဖိတ်စာဒီဇိုင်းဆွဲတာ၊ နှုတ်ခွန်းဆက်ကဗျာ ရေးခိုင်းတာတွေကို AI နဲ့အတူတူ ဖန်တီးတာမျိုး။ စာရိုက်ရတာ ပျင်းသူတွေ ဒါမှမဟုတ် လူကြီးတွေအနေနဲ့ အသံနဲ့ ခိုင်းစေကြည့်ပြီး AI ရဲ့ တုံ့ပြန်မှုကို ကြည့်တာမျိုးကလည်း ဒီပရောဂျက်ရဲ့ အစိတ်အပိုင်းတစ်ခု ဖြစ်ပါတယ်။

( ဂ ) **ဝေဖန်သုံးသပ်ပြီး မျှဝေသင်ယူခြင်း။** AI ကပေးတဲ့ အဖြေဟာ မြန်မာ့ယဉ်ကျေးမှု၊ လူမှုတန်ဖိုးတွေနဲ့ ကိုက်ညီမှု ရှိ၊ မရှိကို မိသားစုထမင်းဝိုင်းမှာ ဆွေးနွေးတာမျိုး။ တစ်ရက်ကို ၁၅ မိနစ်လောက် မိုဘိုင်းဖုန်းပေါ်ကနေ AI အကြောင်းအရာ အသစ်တွေကို အတူတူလေ့လာတာမျိုးက မိသားစုကို Smart Family ဖြစ်စေရုံတင်မကဘဲ မျိုးဆက်များအကြား နားလည်မှုကိုလည်း ပိုမိုခိုင်မာစေမှာ ဖြစ်ပါတယ်။

**AI LITERACY – မိမိကိုယ်မိမိ မြှင့်တင်ခြင်းလမ်းစဉ်**

AI Literacy ဟာ နည်းပညာတတ်မြောက်မှု သက်သက်မဟုတ်ပါ။ ဒါဟာ လူသားတစ်ဦးရဲ့ ကိုယ်ရည်ကိုယ်သွေး ဖွံ့ဖြိုးမှုဖြစ်စဉ်တစ်ခုဖြစ်ပြီး အောက်ပါအချက်တွေကို ပေါင်းစည်းထားခြင်း ဖြစ်ပါတယ်–

(က) **ကိုယ်တိုင်လေ့လာနိုင်စွမ်း။** AI ကို သုံးပြီး မိမိမသိတာတွေကို အမြဲမပြတ် ရှာဖွေသင်ယူလိုစိတ်ရှိလာခြင်း။

( ခ ) **မေးခွန်းကောင်း မေးတတ်စွမ်း။** AI ဆီက အဖြေကောင်းရဖို့အတွက် တိကျတဲ့ မေးခွန်းတွေ စဉ်းစားထုတ်ဖော်တတ်လာခြင်း။

( ဂ ) **တာဝန်ယူသုံးစွဲတတ်သော အကျင့်။** နည်းပညာကို မိမိနဲ့ပတ်ဝန်းကျင် အကျိုးရှိအောင် ဘယ်လိုကိုယ်ကျင့်တရားနဲ့အညီ သုံးရမလဲဆိုတာ ဆုံးဖြတ်နိုင်ခြင်း။

လူတစ်ဦးချင်းစီရဲ့ AI Literacy မြင့်မားလာတာနဲ့အမျှ မိသားစုရဲ့ အရည်အသွေးဟာလည်း လိုက်ပါမြင့်မားလာပြီး နောက်ဆုံးမှာ ကျွန်တော်တို့ လူ့အဖွဲ့အစည်း တစ်ခုလုံးရဲ့ ဘဝအရည်အသွေးကို မြှင့်တင်ပေးနိုင်မှာ ဖြစ်ပါတယ်။

> **"AI Literacy ဆိုတာ နည်းပညာတတ်မြောက်မှုသက်သက် မဟုတ်ဘဲ ကိုယ်တိုင်လေ့လာနိုင်စွမ်းနဲ့ တာဝန်ယူသုံးစွဲ တတ်တဲ့ အကျင့်တို့ ပေါင်းစည်းထားတဲ့ ခေတ်သစ် လူ့စွမ်းရည်ဖြစ်ပါတယ်။ အိမ်တိုင်းမှာ အတူတကွ သင်ယူ မယ်၊ ဆွေးနွေးမယ်ဆိုရင် ကျွန်တော်တို့ဟာ နည်းပညာရဲ့ သားကောင်ဖြစ်မယ့်အစား နည်းပညာကို ထိန်းချုပ် မောင်းနှင်နိုင်တဲ့ Smart Families တွေ ဖြစ်လာပါလိမ့်မယ်"**

**အမေးများတဲ့ မေးခွန်းများ**

**မေး။ ။ AI က လူ့အလုပ်တွေကို လုယူသွားမှာလား။**

**ဖြေ။** ။ AI က လူကို အစားမထိုးပါ။ ဒါပေမယ့် 'AI ကို ကျွမ်းကျင်စွာ သုံးတတ်တဲ့လူ' က 'AI ကို မသုံးတတ်တဲ့လူ' ရဲ့ နေရာကို အစားထိုးသွားမှာ ဖြစ်ပါတယ်။

**မေး။ ။ ကလေးတွေကို AI သုံးခိုင်းရင် အန္တရာယ် ရှိလား။**

**ဖြေ။** ။ လုံးဝတားမြစ်တာထက် မိဘက ဘေးကနေ လမ်းညွှန်ပြီး အတူတူသုံးခြင်းက ပိုမိုလုံခြုံသလို ဝေဖန်ပိုင်းခြားနိုင်စွမ်းကိုလည်း တိုးတက်စေပါတယ်။

**မေး။ ။ အင်္ဂလိပ်စာမတတ်ရင် AI သုံးလို့ရမလား။**

**ဖြေ။** ။ လုံးဝရပါတယ်။ အခုခေတ် AI တွေက မြန်မာလို အလွန်ကောင်းမွန်စွာ နားလည်ပါတယ်။ "မြန်မာလို ရှင်းပြပါ" လို့ ခိုင်းရုံပါပဲ။

**မေး။ ။ မိသားစုအတွက် ဘယ်လို AI ကိရိယာတွေကို ရွေးချယ်ရမလဲ။**

**ဖြေ။** ။ App Store မှာ AI အက်ပလီကေးရှင်းတွေ များပြားလှတဲ့အတွက် မိသားစုအတွက် အောက်မှာဖော်ပြပေးထားတဲ့ Checklist နဲ့ ကိုက်ညီတာကိုပဲ ရွေးချယ်ပါ–

(က) **မြန်မာဘာသာပံ့ပိုးမှု။** ဘိုးဘွားနဲ့ ကလေးတွေပါ အဆင်ပြေစေဖို့ မြန်မာလို မေး/ဖြေ လုပ်နိုင်တဲ့အက်ပလီကေးရှင်း(App(ဥပမာ– Gemini၊ ChatGPT) ကို ဦးစားပေးပါ။

( ခ ) **ယုံကြည်စိတ်ချရမှု။** နာမည်ကြီးကုမ္ပဏီကြီးများ (Google၊ Microsoft၊ OpenAI) ရဲ့ App တွေက အမည်မသိ App တွေထက် သင့်ဒေတာကို ပိုမိုကာကွယ်ပေးပါတယ်။

( ဂ ) **ကုန်ကျစရိတ်။** အခမဲ့ဗားရှင်းနဲ့တင် မိသားစုအတွက် လုံလောက်မှု ရှိ၊ မရှိ အရင်စမ်းသပ်ပါ။

**မေး။ ။ နည်းပညာသုံး လိမ်လည်မှုတွေမှာ AI ဘယ်လိုပါဝင်နေလဲ။**

**ဖြေ။** ။ ဒီနေ့ခေတ် လိမ်လည်မှုတွေဟာ နည်းပညာပေါင်းစပ်ပြီး ပိုမိုခေတ်မီလာပါတယ်–

| အချက်အလက် | ဆက်သွယ်ရေးကွန်ရက်သုံး လိမ်လည်မှု (Telecom Fraud) | အွန်လိုင်းအခြေပြုလိမ်လည်မှု (Online Fraud & Scam) |
|---|---|---|
| လမ်းကြောင်း | ဖုန်းခေါ်ဆိုမှု (Voice)၊ စာတို (SMS) | Facebook၊ Telegram၊ WhatsApp၊ Email။ |
| AI ပါဝင်မှု | AIသုံးပြီး အသံတု(Voice Cloning)ပြုလုပ်ခြင်း။ | Deepfake(ရုပ်သံအတု)၊ AI Chatbots များ။ |
| ဥပမာ | ဖုန်းဆက်ပြီး OTP တောင်းခြင်း၊ ဆုပေါက်တယ်လို့ လိမ်ခြင်း။ | အွန်လိုင်းလိမ်လည်မှု(Telecom Fraud)၊ ရင်းနှီးမြှုပ်နှံမှု App အတုများ။ |

**မှတ်သားရန် ရွှေစည်းမျဉ်း။** တကယ်လို့များ တစ်ခုခုက ယုံနိုင်စရာမရှိအောင် ကောင်းမွန်နေရင် ဒါဟာ လိမ်လည်မှုဖြစ်နိုင်ခြေ ၉၉ ရာခိုင်နှုန်း ရှိပါတယ်။

**မေး။ ။ 'အွန်လိုင်းလိမ်လည်မှု'မှာ AI ဘယ်လိုပါဝင်နေလဲ။**

**ဖြေ။** ။ အွန်လိုင်းလိမ်လည်တဲ့ ဂိုဏ်းတွေဟာ AI ကိုသုံးပြီး လူထောင်ပေါင်းများစွာကို တစ်ပြိုင်နက် စာပို့မြူဆွယ်တာ၊ Deepfake Video Call တွေနဲ့ ယုံကြည်အောင် လုပ်တာမျိုးတွေကို ပြုလုပ်လာကြပါတယ်။ ဒါကြောင့် အောက်ပါအချက်ပြ လက္ခဏာ ငါးချက်ကို သတိထားရပါမယ်–

(က) **မမျှော်လင့်ဘဲ စတင်လာတဲ့ ရင်းနှီးမှု။** လူမှားသယောင် စတင်ဆက်သွယ်လာခြင်း၊

( ခ ) **အကျိုးအမြတ် အလွန်များပြားတဲ့ မက်လုံး။** Crypto ဒါမှမဟုတ် Trading ဖြင့် ငွေရှာနည်းပြသခြင်း၊

( ဂ ) **သံသယဖြစ်ဖွယ် Apps။** တရားဝင် Store တွေမှာ မရှိတဲ့ Link တွေမှတစ်ဆင့် အက်ပလီကေးရှင်း အကောင့်ဖွင့်ခိုင်းခြင်း၊

(ဃ) **လျှို့ဝှက်ခိုင်းခြင်း။** 'မိသားစုကို မပြောနဲ့ဦး' ဆိုပြီး လျှို့ဝှက်ခိုင်းထားကာ အလောတကြီး ငွေထည့်ခိုင်းခြင်း၊

( င ) **ငွေပြန်ထုတ်ဖို့ ခက်ခဲခြင်း။** ငွေထုတ်ခါနီးမှာ အခွန်အကြောင်းပြပြီး ငွေထပ်တောင်းခြင်း။

**AI ကို အသုံးပြုပြီး အွန်လိုင်း လိမ်လည်မှုတွေကို ကာကွယ်ခြင်း**

လိမ်လည်သူတွေက AI သုံးပြီး ကျွန်တော်တို့ကို တိုက်ခိုက်တဲ့အခါ ကျွန်တော်တို့ကလည်း AI ကို အကာအကွယ်အဖြစ် အောက်ပါအတိုင်း ပြန်လည်အသုံးချနိုင်ပါတယ်–

(က) **သံသယဖြစ်ဖွယ် စာသားတွေကို AI ဖြင့် စိစစ်ခြင်း။** အွန်လိုင်းလိမ်လည်တဲ့ ဂိုဏ်းတွေဟာ သားကောင်ကို စည်းရုံးဖို့ AI သုံးပြီး စနစ်တကျ ရေးသားထားတဲ့ 'ဇာတ်ညွှန်း'တွေကို သုံးပါတယ်။ လက်တွေ့လုပ်ဆောင်ဖို့ကတော့ သင့်ထံ အွန်လိုင်းကနေ ထူးဆန်းတဲ့ ရင်းနှီးမြှုပ်နှံမှု မက်လုံးပေးတာမျိုး ဒါမှမဟုတ် ချစ်ရေးဆိုလာတာမျိုးရှိရင် အဲဒီစာသားတွေကို Copy ကူးပြီး Gemini ဒါမှမဟုတ် ChatGPT ထဲ ထည့်ပါ။ ပြီးနောက် "ဒါဟာ လိမ်လည်တဲ့စာ ဖြစ်နိုင်ခြေရှိသလား၊ ဘယ်အချက်တွေက သံသယဖြစ်စရာလဲ"လို့ မေးမြန်းပါ။ AI က အဲဒီစာသားထဲမှာပါတဲ့ လိမ်လည်သူတွေရဲ့ ပုံစံခွက်တွေကို ချက်ချင်းထောက်ပြပေးနိုင်ပါတယ်။

( ခ ) **Deepfake နဲ့ အသံတုကို AI ဖြင့် တုံ့ပြန်ခြင်း။** ဖုန်းထဲမှာ မိသားစုဝင်တစ်ဦးရဲ့ အသံနဲ့ ငွေတောင်းလာခဲ့ရင် ဖုန်းကို ချက်ချင်းချပြီး မိသားစုဝင်ဆီ ပြန်ခေါ်ကြည့်ပါ။ အခုနောက်ပိုင်း AI ဖုန်း Call တွေမှာ အသံတုကို ခွဲခြားပေးတဲ့ App တွေတော့ ပေါ်လာနေပါပြီ။ ဒါပေမယ့် အကောင်းဆုံး ကာကွယ်မှုကတော့ မိသားစုအတွင်း 'လျှို့ဝှက်ကုတ်' တစ်ခုထားရှိတာပဲ ဖြစ်ပါတယ်။ အသံတုက ဘယ်လောက်တူတူ မိသားစုဝင်ချင်းပဲသိတဲ့ လျှို့ဝှက်စကားလုံးကို AI က သိနိုင်မှာမဟုတ်ပါဘူး။

( ဂ ) သတင်းတု၊ သတင်းမှားကို AI ဖြင့် Fact-check လုပ်ခြင်း။ အွန်လိုင်းမှာပျံ့နေတဲ့ သတင်းတစ်ခု ဒါမှမဟုတ် ဓာတ်ပုံတစ်ပုံကို သံသယရှိခဲ့ရင် Google Lens ဒါမှမဟုတ် Gemini မှာ သံသယရှိတဲ့ပုံကို AI ထဲ တင်လိုက်ပြီး "ဒီပုံရဲ့ မူရင်းရင်းမြစ်က ဘယ်ကလဲ" ဒါမှမဟုတ် "ဒီပုံဟာ ပြုပြင်ထားတဲ့ပုံ ဟုတ်မဟုတ် စစ်ဆေးပေးပါ"လို့ ခိုင်းစေနိုင်ပါတယ်။ AI က အင်တာနက်ပေါ်က ဒေတာ သန်းပေါင်းများစွာကို စက္ကန့်ပိုင်းအတွင်း ရှာဖွေပြီး သတင်းအမှားဖြစ်ကြောင်း ထောက်ပြပေးပါလိမ့်မယ်။

(ဃ) **Link အတုနဲ့ Web အတုတွေကို AI ဖြင့် စစ်ဆေးခြင်း။** အွန်လိုင်းလိမ်လည်တဲ့ ဂိုဏ်းတွေပေးပို့တဲ့ Link တွေကို မနှိပ်ခင်မှာ AI ကို "ဒီ Website လင့်ခ်ဟာ လုံခြုံမှုရှိ၊ မရှိနဲ့ တရားဝင်ကုမ္ပဏီရဲ့ URL ဟုတ်မဟုတ် စစ်ဆေးပေးပါ"လို့ ခိုင်းပါ။ AI က အဲဒီ Link ရဲ့ သက်တမ်းနဲ့ လုံခြုံရေးအဆင့်အတန်းကို ခွဲခြမ်းစိတ်ဖြာပေးပါလိမ့်မယ်။

**အိမ်တိုင်းအတွက် 'မိသားစု AI စည်းမျဉ်း ၅ ချက်'**

ဒီဆောင်းပါးကို အနှစ်ချုပ်ရရင် မိသားစုတိုင်း လက်တွေ့လိုက်နာနိုင်ရမယ့် အချက်ငါးချက် ရှိပါတယ်။ ဒါတွေကတော့–

(က) **မယုံခင် အရင်စစ်။** AI ကပေးတဲ့ အချက်အလက်ကို အမှန်လို့ ချက်ချင်းမယူဆဘဲ အမြဲတမ်း ပြန်လည်စစ်ဆေးပါ။

(ခ) **လျှို့ဝှက်ချက်ကို ကာကွယ်။** မိမိရဲ့ လိပ်စာ၊ ဖုန်းနံပါတ်နဲ့ ကိုယ်ရေးကိုယ်တာ ဓာတ်ပုံတွေကို AI ထဲကို အလွယ်တကူ မထည့်ပါနဲ့။

*စာမျက်နှာ ၁၁ သို့*

# ပြန်ကြားရေးဝန်ကြီးဌာနရှိ ပြည်သူ့စာကြည့်တိုက်များနှင့် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းအောက်ရှိ စာကြည့်တိုက်များအတွက် စာအုပ်များပေးအပ်လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ပြန်ကြားရေး ဝန်ကြီးဌာနရှိ ပြည်သူ့ စာကြည့်တိုက်များနှင့် မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းအောက်ရှိ စာကြည့်တိုက်များအတွက် စာအုပ်များ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး (စာရေးဆရာ မောင်အောင်)နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက စာအုပ်လှူဒါန်းရခြင်း အကြောင်းကို ရှင်းလင်း ပြောကြားသည်။ ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ၎င်းကိုယ်တိုင်ရေးသားပြုစုထားသော "ယောက္ခမတောင်မှ မပေးနိုင်တဲ့ အတိုးနှုန်းအပါအဝင် စိုက်မွေးဆည်စာစုများ (၂)" စာအုပ် ၅၀၀ ကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက လက်ခံရယူပြီး(ယာပုံ) ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင်စကား ပြောကြားသည်။

**ဖြန့်ဝေပေးသွားမည်**

ယနေ့လှူဒါန်းသည့် စာအုပ်များကို ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ပြည်သူ့စာကြည့်တိုက်များသို့ အုပ်ရေ ၂၅၀ နှင့် မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းအောက်ရှိ စာကြည့်တိုက်များသို့ အုပ်ရေ ၂၅၀ တို့ကို ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**





# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ခင်းကျင်းပြသပွဲတက်ရောက်

**မကွေး ဖေဖော်ဝါရီ ၁၁**

မကွေးတိုင်းဒေသကြီး (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ခင်းကျင်းပြသပွဲဖွင့်ပွဲကို ယနေ့တွင် မကွေးမြို့ ခရိုင်အားကစားကွင်း၌ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ တက်ရောက်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖွင့်ပွဲတွင် ပါဝင်ကူညီအားဖြည့်ပေးသည့် ဘင်ခရာ၊ ပန်းဖွားအဖွဲ့များကို ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်း/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များက ခင်းကျင်းပြသထားသည့် ပြည်သူ့အကျိုးပြုပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

(၇၉) နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်သူ့အကျိုးပြုပြခန်းများတွင် မကွေးတိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားပြည်သူများ၏ ရိုးရာယဉ်ကျေးမှုများ၊ ဓလေ့ထုံးတမ်းများပါဝင်သည့် ပြခန်းများ၊ သစ်သီးဝလံပန်းမန်ပြခန်းများ၊ ဒေသထွက်စားသောက်ကုန်များနှင့် လက်မှုအနုပညာပြခန်းများ၊ ဝန်ကြီးဌာနအသီးသီးမှ ဌာနအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုပြခန်းများကို စုစုပေါင်းပြခန်း ၃၉ ခန်းဖြင့်ခင်းကျင်းပြသထားရှိပြီး ဖေဖော်ဝါရီ ၁၁ ရက်နှင့် ၁၂ ရက် နှစ်ရက်တာ ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်မင်း (ပြန်/ဆက်)**

# (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား ဌာနပေါင်းစုံ အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**တောင်ကြီး ဖေဖော်ဝါရီ ၁၁**

(၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ပြည်နယ်ဝန်ကြီးချုပ်ဖလား ဌာနပေါင်းစုံ အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက တောင်ကြီးမြို့ ပြည်နယ်အားကစားလေ့ကျင့်ရုံ၌ ကျင်းပသည်။

ဆုချီးမြှင့်ပွဲမကျင်းပမီ ဗိုလ်လုပွဲပြိုင်ပွဲ ပွဲစဉ်အဖြစ် ပြည်နယ်စည်ပင်သာယာရေး ဌာနနှင့် ပြည်နယ်လမ်းဦးစီးဌာနတို့ယှဉ်ပြိုင်ကစားမှုကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ တာဝန်ရှိသူများ၊ တောင်ကြီးပညာရေးဒီဂရီကောလိပ်မှ သင်တန်းသား သင်တန်းသူများ၊ သူနာပြုသင်တန်းကျောင်းမှ သင်တန်းသား သင်တန်းသူများ၊ အားကစားဝါသနာရှင်ပြည်သူများက ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲအပြီးတွင် ပြည်နယ်လမ်းဦးစီးဌာနက အနိုင်ရရှိခဲ့သည်။

ထို့နောက် ဆုချီးမြှင့်ပွဲ ကျင်းပရာ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက အကောင်းဆုံးဂိုးသမားဆု ရရှိသူနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားဆုရရှိသူများ၊ တတိယဆုရရှိသော ပြည်နယ်မီးသတ်ဦးစီးဌာနအသင်း၊ ဒုတိယဆုရရှိသော ပြည်နယ်စည်ပင်သာယာရေးဌာနအသင်း၊ ပထမဆုရရှိသော ပြည်နယ်လမ်းဦးစီးဌာန အသင်းတို့ကို တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ပထမဆုရအသင်းကို ငွေသားဆုနှင့် တံခွန်စိုက်ဖလားကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**မောင်မောင်သန်း(တောင်ကြီး)**




# မင်္ဂလာဒုံခရိုင် မူကြိုကလေးများ ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ စီစဉ်ပြုလုပ်သော မင်္ဂလာဒုံမြို့နယ်နှင့် ရွှေပြည်သာမြို့နယ် မိခင်နှင့်ကလေးအသင်းပိုင် မူကြိုကျောင်းများမှ မူကြိုကလေးများအား ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲကို မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာစံပြကျေးရွာရှိ မေတ္တာရင်ခွင်မူကြိုကျောင်း၌ ယမန်နေ့က ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် မင်္ဂလာဒုံမြို့နယ် မေတ္တာရင်ခွင်မူကြိုကျောင်းမှ ကလေးငယ်များနှင့် ရွှေပြည်သာမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင်မူကြိုကျောင်းမှ ကလေးငယ်များက ဘောလုံးပန်းကန်ပြားထည့်ကစားနည်း၊ ခါးကွင်းရင်ခြားကပ်ကစားနည်း၊ အရောင်တူသားရေကွင်းစွပ် ကစားနည်းစသော ကာယစွမ်းရည်ပြိုင်ပွဲများ၊ ပုံပြင်ပြောပြိုင်ပွဲ၊ သီချင်းဆိုပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများ စသော ဉာဏစွမ်းရည် ပြိုင်ပွဲများကို ယှဉ်ပြိုင်ခဲ့ကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လည်းကောင်း၊ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက လည်းကောင်း၊ မင်္ဂလာဒုံမြို့နယ်နှင့် ရွှေပြည်သာမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌတို့ကလည်းကောင်း ပြိုင်ပွဲဝင်ကလေးငယ်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မင်းသိန်းထွန်း**

*စာမျက်နှာ ၁၀ မှ*

(ဂ) **ဦးနှောက်ကို အစားမထိုးစေနဲ့။** AI ကို အဖြေရှာခိုင်းရုံသက်သက်မဟုတ်ဘဲ မိမိရဲ့ စဉ်းစားဉာဏ် ပိုမိုထက်မြက်လာအောင် 'လက်ထောက်'အဖြစ်သာသုံးပါ။

(ဃ) **အပြန်အလှန် လမ်းပြပါ။** ကလေးတွေက နည်းပညာကို ပြပါ၊ လူကြီးတွေက ဝေဖန်ပိုင်းခြားမှုနဲ့ ကျင့်ဝတ်ကို လမ်းညွှန်ပါ။

(င) **အသံနဲ့ စတင်ပါ။** စာရိုက်ရတာ ခက်ခဲရင် အသံနဲ့ မြန်မာလိုခိုင်းစေပြီး AI ခေတ်ထဲမှာ လူတိုင်း ပါဝင်လိုက်ပါ။

နိဂုံးချုပ်အားဖြင့် **AI Literacy ဆိုတာ နည်းပညာ တတ်မြောက်မှုသက်သက်မဟုတ်ဘဲ ကိုယ်တိုင်လေ့လာနိုင်စွမ်းနဲ့ တာဝန်ယူသုံးစွဲတတ်တဲ့ အကျင့်တို့ ပေါင်းစည်းထားတဲ့ ခေတ်သစ်လူ့စွမ်းရည်**ဖြစ်ပါတယ်။ အိမ်တိုင်းမှာ အတူတကွ သင်ယူမယ်၊ ဆွေးနွေးမယ်ဆိုရင် ကျွန်တော်တို့ဟာ နည်းပညာရဲ့ သားကောင်ဖြစ်မယ့်အစား နည်းပညာကို ထိန်းချုပ်မောင်းနှင်နိုင်တဲ့ Smart Families တွေ ဖြစ်လာပါလိမ့်မယ်ဆိုတာကို ရေးသားတင်ပြလိုက်ရပါတယ်။ ။

မြန်မာ့အလင်း


# မြန်မာနိုင်ငံကူး လက်မှတ်ဆိုင်ရာ ဥပဒေ(မူကြမ်း) ပြဋ္ဌာန်းနိုင်ရေး အပြီးသတ်ညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

မြန်မာနိုင်ငံကူး လက်မှတ်ဆိုင်ရာ ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်းသည့် အပြီးသတ်ညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က အမှာစကားပြောကြားပြီး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက လက်ရှိအသုံးပြုလျက်ရှိသည့် ၁၉၂၀ ပြည့်နှစ်၊ အိန္ဒိယ အက်ဥပဒေ အမှတ် ၃၄ ဖြင့် ပြဋ္ဌာန်းခဲ့သော မြန်မာနိုင်ငံကူး လက်မှတ် အက်ဥပဒေသည် လက်ရှိအခြေအနေနှင့်လိုက်လျောညီထွေမှုမရှိ၍ နိုင်ငံကူးလက်မှတ် အတုအပပြုလုပ်ခြင်း၊ အခြားသူများ၏ နိုင်ငံကူးလက်မှတ်ကို ကိုင်ဆောင်အသုံးပြုခြင်း၊ မိမိနိုင်ငံကူးလက်မှတ်ကဲ့သို့ ပြင်ဆင်ပြောင်းလဲ၍ အသုံးပြုခြင်း၊ မိမိနိုင်ငံကူးလက်မှတ်ကို အခြားသူအား အသုံးပြုစေခြင်း စသည့် မဟုတ်မမှန် လိမ်လည်ဆောင်ရွက်မှုများကို အရေးယူဆောင်ရွက်ရာတွင် အခက်အခဲများ၊ လိုအပ်ချက်များကို ဖြေရှင်းဆောင်ရွက်နိုင်ရန်၊ ပြောင်းလဲလာသည့် အခြေအနေများနှင့် လိုက်လျောညီထွေဖြစ်စေရန် ဥပဒေအသစ် ရေးဆွဲရခြင်းဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။



ထို့နောက် အစည်းအဝေးသို့ တက်ရောက် လာကြသူများက မြန်မာနိုင်ငံကူး လက်မှတ်ဆိုင်ရာ ဥပဒေ(မူကြမ်း)တွင် ပါဝင်သော အကြောင်းအရာများကို ပုဒ်မအလိုက် တင်ပြဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က မြန်မာနိုင်ငံကူးလက်မှတ်ဆိုင်ရာ ဥပဒေ (မူကြမ်း)ကို လက်ရှိအခြေအနေနှင့် လိုက်လျောညီထွေမှုရှိစေရန် ပြဋ္ဌာန်းသင့်သော ဥပဒေတစ်ရပ် ဖြစ်ကြောင်းသုံးသပ်၍ ဥပဒေ ပြဋ္ဌာန်းနိုင်ရေး အပြီးသတ်ညှိနှိုင်း ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အမျိုးသားအဆင့် ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးသို့ ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ရှေးဦးအရွယ် ကလေးသူငယ်ကာလသည် ကိုယ်ဝန်ဆောင်စဉ်မှ အသက် ရှစ်နှစ်အရွယ်အထိပါဝင်ပြီး လူသားဖွံ့ဖြိုးမှု၏ အစောပိုင်းကာလများဖြစ်သောကြောင့် ကလေးသူငယ်များအား မှန်ကန်သော ပြုစုပျိုးထောင်မှု စနစ်တကျဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ကိုယ်ဝန်ဆောင်ကာလမှ ကလေးအသက် နှစ်နှစ်အထိ ရက် ၁၀၀၀ အတွင်း အာဟာရထောက်ပံ့မှုများ၊ မူကြိုပညာရေးနှင့် မိဘအသိပညာပေးအစီအစဉ်များ၊ မူလတန်းကြိုဆရာမများအတွက် စွမ်းရည်မြှင့်သင်တန်းများ၊ ရပ်ရွာအခြေပြု မိခင်ဝိုင်းအစီအစဉ်များကို နှစ်စဉ်ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်လျက်ရှိပါကြောင်း။



နိုင်ငံတော်အကြီးအကဲက “မူကြိုကျောင်း တက်ရောက်မှုမရှိခဲ့ဘဲ KG နှင့် Grade 1 တို့တွင် တက်ရောက်သည့် ကလေးငယ်များအား ပညာသင်ကြားရေးကို အထောက်အကူပြုစေမည့် အသက်အရွယ်နှင့် ကိုက်ညီသည့် သင်ကြားမှုစနစ်ကို ဆောင်ရွက်ပေးရန် လိုကြောင်း၊ ထို့ကြောင့် မူလတန်း ဆရာ၊ ဆရာမများအား ပညာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ သက်ဆိုင်ရာ သင်တန်းများ သင်ကြားပေးခြင်းဖြင့် KG နှင့် Grade 1 တို့တွင် ပညာသင်ကြားလျက်ရှိသည့် ကလေးငယ်များ၏ သင်ကြားသင်ယူမှုများ ပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း” လမ်းညွှန်မှာကြားထားရှိပါသဖြင့် ပညာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ မူလတန်းဆရာ၊ ဆရာမများအတွက် ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ နည်းစနစ်များနှင့်အညီသင်ကြားနိုင်ရေး ဆရာဖြစ်သင်တန်းလေးကြိမ်ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအတွင်း ဖွင့်လှစ်သွားမည်ဖြစ်ပြီး ဆင့်ပွားသင်တန်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ကလေးသူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးရန်လိုကြောင်း၊ ရှေးဦးအရွယ် ပြုစုပျိုးထောင်မှုရရှိခြင်းဖြင့် အသက်လွန်မှ မူလတန်းကျောင်းဝင်မှု၊ အချိန်မတိုင်မီ ကျောင်းထွက်နှုန်းမြင့်မားမှု စသည့် ပညာရေးစွမ်းဆောင်ရည် လိုအပ်ချက်များကို လျှော့ချပေးနိုင်မည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားဒေသများတွင်လည်း ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနည်းလမ်းများ ရောက်ရှိစေရန်အတွက် အစီအစဉ်များ ချမှတ်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် ကော်မတီဝင်များနှင့် တာဝန်ရှိသူများက ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးကဏ္ဍနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးခြင်း၊ ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ရှေ့လုပ်ငန်းစဉ်များအပေါ် ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❑ *ကျောဖုံးမှ*

တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်း စစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကိုနေ့မအား ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့ပြီး ရွပ်ရွပ်ချွံချွံတိုက်ပွဲဝင်၍ အောင်ပွဲအလီလီ ရယူနိုင်ခဲ့သော အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၊ ကျောင်းသား/ကျောင်းသူများက ဂုဏ်ပြုပန်းကုံးများ၊ အောင်သပြေခက်များဖြင့် လည်းကောင်း၊ ဘင်ခရာနှင့် ပန်းဖွားအကများ၊ အိုးစည်ဒိုးပတ် အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြု ခဲ့ကြပြီး တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❍ *ကျောဖုံးမှ*

ပြိုင်ဘက်ဝက်စ်ဟမ်းအသင်းကလည်း ရမှတ် ၂၄ မှတ်ဖြင့် အဆင့်(၁၈)တွင် ဆက်လက်ရပ်တည်နေသည်။

အစောပိုင်းယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်ရလဒ်များတွင် ဘုန်းမောက်က အဲဗာတန်ကို နှစ်ဂိုး–တစ်ဂိုး၊ နယူးကာဆယ်က စပါးကို နှစ်ဂိုး– တစ်ဂိုးဖြင့် နိုင်ပွဲအသီးသီးရရှိခဲ့ပြီး ချယ်ဆီးနှင့် လိဒ်စ်အသင်းပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သည်။ **အောင်ဇော်**



**ဝက်စ်ဟမ်းကစားသမား ဆူးချက် မန်ယူအသင်းဘက်သို့ ဦးဆောင်ဂိုး သွင်းယူစဉ်။**

## ၁၁ – ၂ – ၂၀၂၆ ရက်နေ့ ခာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီ မီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ (၆၉၀၀၀၀၀)ကျပ် ဖြစ်သည်။

**ခာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းနှင့် သတင်းအေဂျင်စီ လုပ်ငန်းလုပ်ကိုင်သူများ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် အသိပေးကြေညာခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်း လုပ်ငန်းနည်းဥပဒေများ ထွက်ရှိသည့် ၁၀–၁၀–၂၀၁၄ ရက်နေ့မှစ၍ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ်များအား ငါးနှစ် သက်တမ်းခွင့်ပြုပေးခဲ့ပါသည်။

၂။ အသိအမှတ်ပြုလက်မှတ် သက်တမ်းကုန်ဆုံးပါက နည်းဥပဒေ ၂၁ အရ သက်တမ်းကုန်ဆုံးသည့်ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်ပုံစံနှင့်အတူ အခကြေးငွေ ကျပ်တစ်သောင်း ပေးသွင်း၍ ပြန်ကြားရေးဝန်ကြီးဌာနသို့ အသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် လာရောက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၃။ သက်တမ်းကုန်လွန်သော အသိအမှတ်ပြုလက်မှတ်များဖြင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့်မရှိကြောင်းနှင့် သက်တမ်းကုန်ဆုံးပြီး လုပ်ငန်းဆက်လက်လုပ်ကိုင်ပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်း လုပ်ငန်းဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း ၀၁–၅၄၃၄၁၁၊ ၀၁–၈၆၀၄၇၅၀၊ ၀၁–၈၆၀၄၇၅၁၊ iprd.crd.ygn@gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# နိုင်ငံတော်မှာ MSME မူဝါဒ အမှန်တကယ် အောင်မြင်ကာ အားကောင်းအရှိန်ရနေပြီဆိုတာ ပြည်ထောင်စုအဆင့် MSME ပြပွဲကြီးက ခိုင်မာစွာ သက်သေပြနေတာပဲဖြစ်ပါတယ်။

**ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ**

**(၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် (နေပြည်တော်) ကို နေပြည်တော်ရင်ပြင်၌ ဖေဖော်ဝါရီ ၈ ရက်မှ ဖေဖော်ဝါရီ ၁၃ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။**

အဆိုပါ MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ကိုယ်စားပြုပြခန်းတွင် စိုက်ပျိုး-မွေးမြူရေးကုန်ကြမ်း အခြေပြု Agro-based Industries များ၊ MSME များအတွက် ခင်းကျင်းပြသထားရှိမှုများနှင့် စပ်လျဉ်း၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်။

**မေး။ ။ (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အနေနဲ့ နေပြည်တော်ရင်ပြင်မှာ ကျင်းပလျက်ရှိတဲ့ MSME ထုတ်ကုန်ပြပွဲနဲ့ ဈေးရောင်းပွဲတော်မှာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြခန်းမှာ ပြသထားတဲ့ ပြကွက်တွေနဲ့ ပတ်သက်ပြီး သိပါရစေ။**

ဖြေ။ ။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနရဲ့ ပြခန်းအမှတ် (၇) မှာ "နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့၊ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့၊ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့" ဆိုတဲ့ အမျိုးသားရေးဆောင်ပုဒ်ကြီးတွေနဲ့အညီ စိုက်ပျိုး-မွေးမြူရေး ကုန်ကြမ်းအခြေပြု Agro-based Industries တွေ၊ MSME တွေမှာ ပြကွက်တွေကို ပြသထားပါတယ်။

ပြခန်းရှေ့မှာ တွေ့မြင်ရမှာက သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဦးစီးဌာနရှိ ပြန်ပြည့်မြဲစွမ်းအင်နှင့် အီလက်ထရောနစ် နည်းပညာ သုတေသနဗဟိုဌာနနဲ့ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်က ကျောင်းသူတွေ ပူးပေါင်းသုတေသနပြုတည်ဆောက်ထားတဲ့ မြို့ပြ၊ ကျေးလက်ဒေသမရွေး အသုံးပြုလို့ရတဲ့ Portable Solar Dryer ကို တွေ့မြင်နိုင်ပါတယ်။ အဆိုပါ Solar Dryer ရဲ့ ထူးခြားချက်ကတော့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကနေ ပြန်လည်ပြည့်ဖြိုးမြဲ စိုက်ပျိုးရေး တန်ဖိုးမြှင့်ထုတ်ကုန်လုပ်ငန်းတွေ ရေရှည် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် တစ်တပ်တစ်အား အထောက်အကူပြုနိုင်တာပဲ ဖြစ်ပါတယ်။

စိုက်ပျိုးရေးထွက်ကုန်တွေဖြစ်တဲ့ ပြောင်း၊ ပဲ၊ ဆန်၊ သရက်သီး၊ လိမ္မော်သီး၊ ငှက်ပျောသီးတို့ကို အခြောက်ခံနိုင်သလို ငါးခြောက်လုပ်ငန်း၊ ကော်ဖီစေ့အခြောက်ခံလုပ်ငန်းတွေမှာပါ အသုံးပြုနိုင်ပါတယ်။ မှန်လုံအိမ်အာနိသင်ကို အသုံးပြုထားပြီး အပေါ်အဖုံးမှ ဆိုလာစွမ်းအင်ကို ဝင်စေတာ ဖြစ်ပါတယ်။ ဒီ Solar Dryer ကို အသုံးပြုခြင်းအားဖြင့် ရရှိမယ့်အကျိုးကျေးဇူးများမှာ ဖုန်မှုန့်၊ ပိုးမွှားများ ကင်းစင်စေခြင်း၊ ကျေးငှက်တွေနဲ့ ရုတ်တရက် မိုးရွာသွန်းတဲ့အခါ ကြုံတွေ့နိုင်တဲ့ အခက်အခဲတွေကို မရှိစေခြင်း၊ ပိုမိုသန့်ရှင်းကာ မှိုတက်ခြင်းမှ ကာကွယ်ပေးနိုင်ပြီး အရည်အသွေးပိုမိုကောင်းမွန်စေခြင်း၊ မြန်မြန်ဆန်ဆန် ခြောက်သွေ့စေခြင်း၊ ရေရှည်စဉ်ဆက်မပြတ် လျှပ်စစ်ဓာတ်အားခ ကုန်ကျစရိတ်မရှိခြင်းတို့ ဖြစ်ပါတယ်။

သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနရဲ့ စံချိန်စံညွှန်းပြကွက်မှာ ၂၀၂၃ ခုနှစ်မတိုင်မီကာလက မြန်မာစံချိန်စံညွှန်းအရေအတွက် ၄၃၉ ခုသာရှိခဲ့ပေမယ့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်က စပြီး နိုင်ငံတော်အကြီးအကဲရဲ့ MSME ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းညွှန်ချက်တွေ၊ အားပေးမြှင့်တင်မှုတွေကြောင့် ပြည်တွင်းထုတ်ကုန်လုပ်ငန်းများ သိသာစွာဖွံ့ဖြိုးတိုးတက်လာမှုနဲ့အတူ လက်ရှိမှာ မြန်မာ စံချိန်စံညွှန်း အရေအတွက် ၉၄၈ ခုအထိ ချမှတ်နိုင်ပြီဖြစ်လို့ မြန်မာစံချိန်စံညွှန်းအရေအတွက် ၅၀၉ ခုတိတိ နှစ်အနည်းငယ်အတွင်းမှာပဲ ယခင်ကာလတွေထက်တောင် ကျော်လွန်ချမှတ်နိုင်ခဲ့တာ တွေ့မြင်နိုင်ပါတယ်။ အထူးအားဖြင့် မကြာမီက နိုင်ငံတော်မှာ သမိုင်းဝင်အောင်မြင်စွာ ကျင်းပနိုင်ခဲ့တဲ့ အထွေထွေရွေးကောက်ပွဲမတိုင်မီမှာ အသုံးပြုမယ့် မြန်မာအီလက်ထရောနစ် မဲပေးစက်ကို MMS 63: 2025 မြန်မာစံချိန်စံညွှန်း ချမှတ်မှုကို စံချိန်စံညွှန်းပြကွက်မှာ ထင်ရှားစွာ ပြသထားပါတယ်။ EV မြန်မာစံချိန်စံညွှန်း ၁၈ ခုနဲ့ ချမှတ်ပြီး မြန်မာစံချိန်စံညွှန်းတွေကိုလည်း ပြသထားပါတယ်။

MSME ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားအဆင့်အရည်အသွေးအခြေခံအဆောက်အအုံစနစ်က မဟာဗျူဟာမဏ္ဍိုင်တစ်ခုဖြစ်ကြောင်း မီးမောင်းထိုးပြသထားပြီး အဓိကလုပ်ငန်းစဉ် ၅ ရပ် ဖြစ်တဲ့ စံချိန်စံညွှန်းသတ်မှတ်ခြင်း၊ တိကျစွာတိုင်းတာခြင်း၊ စမ်းသပ်စစ်ဆေးခြင်း၊ အရည်အသွေးထောက်ခံချက်ထုတ်ပေးခြင်း၊ အသိအမှတ်ပြုခြင်းတို့အပြင် နည်းပညာဝန်ဆောင်မှု၊ လွှဲပြောင်းမှုနဲ့ သုတေသနလုပ်ငန်းများဆိုင်ရာ ပြကွက်တွေကို ခင်းကျင်းပြသထားပါတယ်။

သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနရဲ့ ၂၀၂၃ ခုနှစ် မတိုင်မီကာလ၌ နည်းပညာလွှဲပြောင်းမှု ၃၁ ခုသာ ရှိခဲ့ပေမယ့် လက်ရှိကာလမှာ ၁၃၂ ခုအထိ ရှိလာတဲ့အတွက် နှစ်အနည်းငယ်အတွင်း နိုင်ငံတော်မှာ MSME မူဝါဒ အမှန်တကယ်အောင်မြင်တယ်ဆိုတာ နည်းပညာတောင်းခံမှုနဲ့ လွှဲပြောင်းမှုတွေ သိသိသာသာမြင့်တက်လာမှုတွေက အားကောင်းခိုင်မာစွာ သက်သေပြနေတာပဲ ဖြစ်ပါတယ်။ အလားတူ လာရောက်ခေတ်ခွဲစမ်းသပ်တဲ့ နမူနာပစ္စည်းနဲ့ အကြိမ်အရေအတွက်တွေ အံ့မခန်းမြင့်တက်လာတာကိုလည်း တွေ့ရပါတယ်။

ဇီဝနည်းပညာသုတေသနဦးစီးဌာနရဲ့ ဇီဝနည်းပညာထုတ်ကုန်ပြကွက်မှာ လက်ရှိထုတ်လုပ်ရောင်းချနေတဲ့ ဇီဝထုတ်ကုန်တွေကို ပြသထားမှုအပေါ် နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်အတိုင်း Mass Production ထုတ်လုပ်ဖို့ ဆက်စပ်ဌာနတွေ၊ ပြင်ပအဖွဲ့အစည်းတွေနဲ့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားဖို့လည်း ရှိပါတယ်။ အဏုမြူစွမ်းအင်ဦးစီးဌာနက ပြကွက်မှာ နျူကလီးယား နည်းပညာနဲ့ ဂမ္မာဓာတ်ရောင်ခြည်ပေးပြီး MSME ထုတ်ကုန်တွေကို အရည်အသွေးနဲ့ တန်ဖိုးမြှင့်တင်ထုတ်လုပ်ပုံတွေကို အဓိကပြသထားပါတယ်။

နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနရဲ့ အစိုးရစက်မှုလက်မှုသိပ္ပံ (တောင်ငူ) က ကျောင်းသား၊ ကျောင်းသူတွေ သုတေသနပြုဆောင်ရွက်ထားတဲ့ ပရိဘောဂထုတ်ကုန်ပစ္စည်းတွေကိုလည်း ပြသထားရာ MSME လုပ်ငန်းရှင်တွေ နည်းပညာတောင်းခံလို့ရပါတယ်။

"နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့" ဆိုတဲ့ အမျိုးသားရေး ဆောင်ပုဒ်ကြီးနဲ့အညီ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနနဲ့ နည်းပညာမြှင့်တင်ရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာနတို့ ပူးပေါင်းပြီး EV ပြကွက်မှာ EV သုတေသနနဲ့ EV သင်တန်းဆိုင်ရာ သတင်းအချက်အလက်တွေ၊ EV Workshop တည်ထောင်ဖို့ လိုအပ်တဲ့ပစ္စည်းများနဲ့ ကျွမ်းကျင်ပညာရှင်ဖွဲ့စည်းမှု၊ EV ပြုပြင်ထိန်းသိမ်းရေး လိုအပ်တဲ့ပစ္စည်းကိရိယာတွေ စတာတွေကို စုံလင်အောင် ပြသထားပါတယ်။ လက်ရှိကာလမှာ ပြည်သူတွေ EV သုံးစွဲမှုတွေ တစ်ရှိန်ထိုးမြင့်တက်လာနေပါတယ်။ ဒါကြောင့် နည်းပညာလိုအပ်ချက်တွေကို ဒီပွဲတော်ကြီးမှာ လက်တွေ့ကျကျ ဖြည့်ဆည်းပေးချင်လို့ အခုလိုပြသထားတာ ဖြစ်ပါတယ်။ EV သုံးစွဲတဲ့ ပြည်သူတွေနဲ့ EV လုပ်ငန်းရှင်တွေအနေနဲ့ နည်းပညာအခက်အခဲ ရှိရင်ပဲဖြစ်ဖြစ်၊ လက်ရှိသင်တန်းတွေအပြင် စိတ်ကြိုက်သင်တန်းပေးဖို့ လိုအပ်ရင်ပဲဖြစ်ဖြစ် လာရောက်တောင်းခံလို့ရပါတယ်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနရဲ့ ပြခန်းမှာ လာရောက်လေ့လာကြည့်ရှုကြတဲ့ ပြည်သူတွေအတွက် One Stop Service ကောင်တာ ဖွင့်လှစ်ထားရှိပြီး ဝန်ဆောင်မှုပေးလျက်ရှိပြီး ပြကွက်တစ်ခုစီမှာလည်း QR Code တွေထားရှိပေးပြီး အချက်အလက်တွေရယူခြင်း၊ တောင်းခံခြင်းတွေ ဆောင်ရွက်နိုင်ပါတယ်။ Digital Corner မှာလည်း တက္ကသိုလ်နဲ့ ဌာန/စက်မှုလုပ်ငန်းတွေနဲ့ ချိတ်ဆက်မှုအတွက် သီးသန့်ထားရှိပေးထားပါတယ်။

**မေး။ ။ နည်းပညာတောင်းခံ ဆွေးနွေးမှုအရေအတွက်ကိုလည်း သိရှိပါရစေ။**

ဖြေ။ ။ ပြပွဲ စတင်သည့်နေ့ မွန်းလွဲပိုင်းအထိ နည်းပညာတောင်းခံ ဆွေးနွေးမှုများမှာ - Solar Dryer ၃၈ ဦး၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနမှာ ငှက်သိုက်တာရှည်ခံနည်းပညာ၊ မှိုကြာရှည်ခံနည်းပညာ၊ ကမ်းဇော်ဆီနည်းပညာ၊ အနံ့ပျောက်သန့်စင်ဆေးရည်နည်းပညာ၊ ချင်းနက်ဒဏ်ကြေလိမ်းဆေးနည်းပညာ၊ အစားအသောက်ဆိုင်ရာနည်းပညာများအပါအဝင် ၁၂ ခု၊ ဇီဝနည်းပညာ



ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ

သုတေသနဦးစီးဌာနမှာ ဇီဝထုတ်ကုန်ဆိုင်ရာနည်းပညာ ငါးခု၊ အဏုမြူစွမ်းအင်ဦးစီးဌာနတွင် ၂၂ ဦး၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနတွင် EV ဆိုင်ရာ နည်းပညာ/သင်တန်းတောင်းခံသူ ၁၈ ဦး၊ နည်းပညာ မြှင့်တင်ရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနတွင် EV ဆိုင်ရာ နည်းပညာ/သင်တန်းတောင်းခံသူ ၁၆ ဦး၊ Digital Corner မှာ ခုနစ်ဦး စုစုပေါင်း ၁၁၈ ဦးရှိနေပါတယ်။ မနှစ်ကလည်း ဒီလိုပဲ တောင်းခံလို့ တချို့ကိုဆောင်ရွက်နိုင်ခဲ့ပြီး တချို့ကိုလည်း ဆောင်ရွက်ဆဲ ဆက်လုပ်နေပါတယ်။

**မေး။ ။ ပြည်သူတွေကို ဖြည့်စွက်ပြောကြားလိုတာရှိရင်လည်း ပြောကြားပေးပါ။**

ဖြေ။ ။ နိုင်ငံတော်ရဲ့ အမျိုးသားရေးရည်မှန်းချက်တွေ အောင်မြင်ပြည့်မီအောင် MSME လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ နိုင်ငံတော်ရဲ့ ပေါကြွယ်ဝတဲ့ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ရင်းမြစ်တွေ၊ စိုက်ပျိုးမွေးမြူရေးရင်းမြစ်တွေကို တန်ဖိုးထားကာ အကျိုးရှိထိရောက်စွာအသုံးချပြီး ပြည်တွင်းပညာရှင်များရဲ့အင်အား အထူးအားဖြင့် သုတေသနဌာနတွေမှာရှိတဲ့ သုတေသီတွေ၊ တက္ကသိုလ်နဲ့ ကျောင်းအသီးသီးမှာရှိတဲ့ ပညာရှင်တွေနဲ့ ကျောင်းသား ကျောင်းသူတွေရဲ့ သုတေသနစွမ်းရည်အင်အားတွေ အားလုံးဟန်ချက်ညီညီ ပေါင်းစပ်ပြီး ဆောင်ရွက်လို့ရတယ်ဆိုတာကို ပြခန်းမှာ လက်တွေ့ကျကျ ပြသထားတာပဲဖြစ်ပါတယ်။ အခုနှစ်မှာ ပြည်တွင်းထုတ်ကုန်ပစ္စည်းတွေ တိုးတက်လာသလို ပြည်တွင်းထုတ် ဒစ်ဂျစ်တယ်ပလက်ဖောင်းတွေ၊ ပြည်တွင်းဒစ်ဂျစ်တယ်နည်းပညာ အသုံးချမှုတွေ တိုးတက်လာတာကိုလည်း တွေ့မြင်ရမှာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်ရဲ့ MSME မူဝါဒက အောင်မြင်ပြီး ခိုင်မာအားကောင်းကာ အရှိန်ရနေပြီလို့ပဲ ပြောကြားနိုင်ပါတယ်။

MSME လုပ်ငန်းတွေကို မိရိုးဖလာထုတ်လုပ်နေမှုမှသည် နိုင်ငံတကာဈေးကွက်အထိ ထိုးဖောက်နေရာယူနိုင်ဖို့ ဒစ်ဂျစ်တယ်နည်းပညာ အပါအဝင် ထွန်းသစ်စနည်းပညာအသုံးချနိုင်မှု၊ စံချိန်စံညွှန်းတွေနဲ့ ကိုက်ညီပြီး အရည်အသွေးပြည့်မီသော ထုတ်ကုန်များ ထုတ်လုပ်နိုင်မှု၊ အရည်အချင်းရှိသောလုပ်သားတွေ၊ ကျွမ်းကျင်ပညာရှင်တွေနဲ့ လုပ်ငန်းလည်ပတ်နိုင်မှု၊ လုပ်ငန်းတွေ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးအတွက် သုတေသနလုပ်ငန်းတွေ ဆောင်ရွက်ဖို့ကလည်း လိုအပ်ကြောင်း ပြောကြားလိုပါတယ်။

ဒေသထွက် စိုက်ပျိုးမွေးမြူရေးကုန်ကြမ်းအခြေပြု ထုတ်ကုန်အမယ်သစ်များ၊ စွန့်ဦးတီထွင် လုပ်ငန်းသစ်တွေ၊ Digital Startups တွေ၊ EV လုပ်ငန်းသစ်တွေနဲ့ သင်တန်းတွေ၊ Solar Dryer နည်းပညာစတဲ့ နည်းပညာနဲ့ အကြံဉာဏ်တွေ တောင်းခံနိုင်အောင်၊ နည်းပညာဆိုင်ရာ အသိပညာဗဟုသုတတွေရရှိအောင် လာရောက်လေ့လာကြဖို့ လှိုက်လှိုက်လှဲလှဲ ဖိတ်ခေါ်ပါတယ်။

**အေးမင်း၊ ဓာတ်ပုံ-ထိန်နန်နေဇ်**

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# အီသီယိုးပီးယားလေကြောင်းလိုင်းက ခြောက်လအတွင်း ဝင်ငွေ အမေရိကန်ဒေါ်လာ ၄ ဒသမ ၄ ဘီလီယံရရှိ

**အဒစ်အာဘာဘာ ဖေဖော်ဝါရီ ၁၁** အာဖရိက၏ ထိပ်တန်းလေကြောင်းလိုင်းဖြစ်သော အီသီယိုးပီးယားလေကြောင်းလိုင်းသည် ၂၀၂၅ ခုနှစ် ဇူလိုင် ၈ ရက်က စတင်ခဲ့သော အီသီယိုးပီးယား ဘဏ္ဍာနှစ် ပထမခြောက်လတာ ကာလအတွင်း ဝင်ငွေ အမေရိကန်ဒေါ်လာ ၄ ဒသမ ၄ ဘီလီယံရရှိခဲ့ကြောင်း ဖေဖော်ဝါရီ ၁၀ ရက်တွင် ထုတ်ပြန်ကြေညာထားသည်။

အီသီယိုးပီးယားနိုင်ငံ၏ မြို့တော် အဒစ်အာဘာဘာတွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ အီသီယိုးပီးယား လေကြောင်းလိုင်းအုပ်စု၏ အမှုဆောင်အရာရှိချုပ် မက်စ်ဖင်တာဆူးက အဆိုပါဝင်ငွေသည် ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်လျှင် ၁၄ ရာခိုင်နှုန်း မြင့်တက်မှုရှိကြောင်း ပြောကြားသည်။

အီသီယိုးပီးယားလေကြောင်းလိုင်းသည် ဝင်ငွေ ပိုမိုရရှိခြင်း၊ နိုင်ငံတကာကွန်ရက်များ တိုးချဲ့ခြင်း၊ ခရီးသည် နှင့် ကုန်စည်ဝန်ဆောင်မှုများ တိုးမြှင့်ခြင်း၊ ခေတ်မီလေယာဉ်များ ထပ်မံပေါင်းထည့်ခြင်းတို့ကြောင့် ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းပေါ်တွင် ဆက်လက်တည်ရှိနေခြင်းဖြစ်ကြောင်း တာဆူးက ဆက်လက်ပြောကြားသည်။

စီအီးအို၏ ပြောကြားချက်အရ အဆိုပါအမျိုးသားလေကြောင်းလိုင်းသည် လေယာဉ်အစင်း ၁၇၀ ဖြင့် လုပ်ငန်းလည်ပတ်လျက်ရှိကြောင်း၊ ယင်းကာလအတွင်း စုစုပေါင်း ပျံသန်းပြေးဆွဲမှု နာရီပေါင်း ၃၃၃၆၀၀ ရှိခဲ့ပြီး နိုင်ငံတကာခရီးစဉ်ပေါင်း ၁၄၅ ခုကျော်ကို ခရီးသည် ၁၀ သန်းကျော်အား ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**




အီသီယိုးပီးယားနိုင်ငံ မြို့တော် အဒစ်အာဘာဘာတွင် အီသီယိုးပီးယားလေကြောင်းလိုင်း၏ သတင်းစာရှင်းလင်းပွဲပြုလုပ်နေမှုကို ဖေဖော်ဝါရီ ၁၀ ရက်က တွေ့ရစဉ်။




# ကနေဒါနိုင်ငံ စာသင်ကျောင်းအတွင်း ပစ်ခတ်မှုဖြစ်ပွား ကိုးဦးထက်မနည်း သေဆုံး၊ ၂၀ ကျော် ထိခိုက်ဒဏ်ရာရ

**အော့တဝါ ဖေဖော်ဝါရီ ၁၁** ကနေဒါနိုင်ငံတွင် ပစ်ခတ်မှုကြောင့် ကိုးဦးသေဆုံးပြီး ၂၀ ကျော် ဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။ ဗြိတိသျှကိုလံဘီယာပြည်နယ် တမ်ဘာရစ်ချ်မြို့ရှိ စာသင်ကျောင်းတွင် ဖေဖော်ဝါရီ ၁၀ ရက်က သေနတ်ပစ်ခတ်မှု ဖြစ်ပွားခဲ့သည်ဟု ကနေဒါရဲများက ပြောသည်။

စာသင်ကျောင်း အတွင်း ခြောက်ဦး သေဆုံးနေသည်ကို တွေ့ရသည်ဟု ရဲဌာနကပြောသည်။ ပစ်ခတ်မှုနှင့် ဆက်စပ်မှုရှိသည်ဟု ယူဆရသော နေအိမ်တစ်လုံးတွင် ရုပ်အလောင်းနှစ်လောင်းကို တွေ့ရှိရပြီး ကျန်တစ်ဦးကို ဆေးရုံပို့ဆောင်စဉ် သေဆုံးခဲ့ခြင်းဖြစ်သည်ဟု ရဲကပြောသည်။ ပစ်ခတ်သူဟု သံသယရှိသူမှာ အမျိုးသမီးတစ်ဦးဖြစ်ပြီး ၎င်း၏အလောင်းကိုလည်း စာသင်ကျောင်းအတွင်း တွေ့ရှိခဲ့သည်။ ပစ်ခတ်သူနှင့် ပတ်သက်သည့် အချက်အလက်များကို စုံစမ်းစစ်ဆေးသူများက ထုတ်ပြန်ခဲ့ခြင်း မရှိချေ။

တမ်ဘာရစ်ချ်မြို့သည် လူဦးရေ ၂၄၀၀ ဝန်းကျင်ရှိသည့် မြို့ငယ်လေး တစ်မြို့ဖြစ်ပြီး ရော့ကီတောင်တန်း၏ တောင်ခြေတွင် တည်ရှိသည်ဟု ကနေဒါပြည်သူ့အသံလွှင့်ဌာန စီဘီစီက ကြေညာသည်။ ပစ်ခတ်မှုဖြစ်ပွားခဲ့သည့် စာသင်ကျောင်းတွင် ကျောင်းသားဦးရေ ၁၆၀ ခန့် ရှိသည်။

**အင်န်အိတ်ချ်ကေ**

# ကင်ညာနိုင်ငံ၌ ဆိုးရွားသည့်မိုးခေါင်မှုကို ဖြေရှင်းဆောင်ရွက်ရန် အမေရိကန်ဒေါ်လာ ၃၂ သန်း ရန်ပုံငွေချထားပေး

**နိုင်ရိုဘီ ဖေဖော်ဝါရီ ၁၁** ကင်ညာအစိုးရသည် မိုးခေါင်မှုဒဏ်ခံစားနေရသည့် ဒေသများအတွက် ကြားဝင်ဆောင်ရွက်ပေးမှု အရှိန်မြှင့်တင်ရေး အမေရိကန်ဒေါ်လာ ၃၂ သန်းခန့် ရန်ပုံငွေချထားပေးရန် ဖေဖော်ဝါရီ ၁၀ ရက်က သဘောတူခဲ့သည်။

၂၀၂၅ ခုနှစ် အောက်တိုဘာလအတွင်းမှ ဒီဇင်ဘာလအတွင်း မိုးခေါင်ခဲ့သည့်အတွက် ဇန်နဝါရီလမှစတင်ကာ မိုးခေါင်မှု အခြေအနေမှာ လျင်မြန်စွာ ဆိုးရွားလာခဲ့သည်ဟု အစိုးရအဖွဲ့ကပြောသည်။

ဆိုးရွားသည့်မိုးခေါင်မှုဒဏ်ကို ဒေသ ၁၀ ခုကျော်တွင် ခံစားရမည်ဟု အမျိုးသားမိုးခေါင်မှုစီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့က ပြောကြားခဲ့ပြီးနောက် ယခုလိုလုပ်ရှားမှု ပေါ်ပေါက်လာခြင်းဖြစ်သည်။ ဆိုမာလီနယ်စပ်နှင့် နီးစပ်သည့်နေရာများတွင် မိုးခေါင်မှုဒဏ်ကို ပိုမိုဆိုးရွားစွာ ခံစားရသည်။ လတ်တလောတွင် လူပေါင်း ၃ ဒသမ ၃သန်းမှာ အစားအသောက် လုံလောက်မှုမရှိသည့် ပြဿနာနှင့်ရင်ဆိုင်နေရသည်ဟု အစိုးရက ခန့်မှန်းထားသည်။ အရေးပေါ်တုံ့ပြန်မှုများ မပြုလုပ်ပါက လူပေါင်း ၃ ဒသမ ၆ သန်းအထိ အစားအသောက် လုံလောက်မှုမရှိခြင်းပြဿနာနှင့် ရင်ဆိုင်ရဖွယ်ရှိသည်ဟု ခန့်မှန်းထားသည်။

ပြင်းထန်သည့် အာဟာရချို့တဲ့မှုများမှာလည်း ဆက်လက်ဖြစ်ပေါ်နေသည်ဟု အစိုးရအဖွဲ့က သတိပေးခဲ့သည်။ ကိုယ်ဝန်ဆောင်မိခင် ၁၀၄၀၀၀ နှင့် ကလေး ၈၁၀၀၀၀ တို့မှာ အာဟာရချို့တဲ့မှုဒဏ်ကိုခံစားနေရသည်ဟု သိရသည်။ ၂၀၂၅ ခုနှစ် ဒီဇင်ဘာနှင့် ၂၀၂၆ ခုနှစ် ဇန်နဝါရီလများတွင် ကယ်ဆယ်ရေး၊ စားနပ်ရိက္ခာ သယ်ယူပို့ဆောင်ရေးတို့အတွက် အသုံးပြုခဲ့သည့် ရန်ပုံငွေခွဲဝေမှုတွင် ယခုထပ်ဆောင်းရန်ပုံငွေကို ဖြည့်စွက်သွားမည်ဖြစ်သည်။

**ဆင်ဟွာ**

# အာဖဂန်နစ္စတန်အစိုးရက စီးပွားရေးစိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်ရန် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်ကြရန် ထပ်လောင်းအတည်ပြု

**ကဘူးလ် ဖေဖော်ဝါရီ ၁၁** အာဖဂန်နစ္စတန်နိုင်ငံ၌ အကူအညီအမှန်တကယ် လိုအပ်နေသည့် မိသားစု ထောင်ပေါင်းများစွာကို မရှိမဖြစ်လိုအပ်သည့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ရန် နိုင်ငံတကာ အကူအညီပေးရေးအဖွဲ့အစည်းများနှင့် နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးလိုက်ကြောင်း အာဖဂန်နစ္စတန်အမျိုးသားဘေးအန္တရာယ်စီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့ (ANDMA) က ဖေဖော်ဝါရီ ၁၀ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

နိုင်ငံတကာ ကယ်ဆယ်ရေးကော်မတီနှင့် ကမ္ဘာလုံးဆိုင်ရာ အစ္စလာမ့်စ် ထောက်ပံ့ကူညီပေးရေးအဖွဲ့တို့နှင့် ချုပ်ဆိုခဲ့သော သဘောတူညီချက်များမှာ စုစုပေါင်း အမေရိကန်ဒေါ်လာ တစ်သန်းကျော်ရှိကြောင်း သိရသည်။ အဆိုပါကူညီမှုများကို နိုင်ငံအရှေ့ပိုင်း ကူနာပြည်နယ်၊ အနောက်ပိုင်း ဂေါပြည်နယ်နှင့် တောင်ပိုင်း ကန်ဒါဟာပြည်နယ်တို့မှ အမှန်တကယ် အကူအညီ လိုအပ်နေသည့် မိသားစု ၈၂၄၀ အား ထောက်ပံ့ ပေးသွားမည်ဖြစ်ကြောင်း ANDMA က ပြောသည်။

ထောက်ပံ့ ကူညီမှုများတွင် အစားအစာနှင့် အစားအစာမဟုတ်သောပစ္စည်းများ ပါဝင်ကြောင်း ANDMA ၏ ထုတ်ပြန်ချက်အရ သိရသည်။ အာဖဂန်နစ္စတန်အစိုးရသည် နိုင်ငံ၏ စီးပွားရေးစိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်ရန်၊ ရေရှည်တည်တံ့သော အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးရန် ပြည်တွင်းနှင့် ပြည်ပအဖွဲ့အစည်းများမှ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်ကြရေး ၎င်း၏ တောင်းဆိုချက်ကို ထပ်လောင်း အတည်ပြုပြောကြားခဲ့သည်။

**ဆင်ဟွာ**

# အင်ဒိုနီးရှားနိုင်ငံ၌ ဆီမီရူမီးတောင် ပေါက်ကွဲမှုငါးကြိမ် ဖြစ်ပွား

**ဂျကာတာ ဖေဖော်ဝါရီ ၁၁** အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားပြည်နယ်ရှိ ဆီမီရူမီးတောင်သည် ဖေဖော်ဝါရီ ၁၁ ရက်တွင် ပေါက်ကွဲမှုငါးကြိမ်ဖြစ်ပွားခဲ့ပြီး မီးတောင်ပြာများမှာ မီးတောင်ထိပ်ဝအထက် မီတာ ၁၀၀၀ အထိ မြင့်တက်ပျံ့နှံ့ခဲ့ကြောင်း မီးတောင်ဗေဒနှင့် ဘူမိဗေဒဆိုင်ရာ ဘေးအန္တရာယ်လျော့ပါးရေးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ပထမအကြိမ် မီးတောင်ပေါက်ကွဲမှုမှာ ဒေသစံတော်ချိန် နံနက် ၁၂ နာရီ ၂၈ မိနစ်တွင် ဖြစ်ပွားခဲ့ကြောင်း ဆီမီရူမီးတောင် စောင့်ကြည့်ရေးဌာနမှ အရာရှိ လစ်ဝမ်တိုက ပြောသည်။ အပြင်းထန်ဆုံးပေါက်ကွဲမှုမှာ ဒေသစံတော်ချိန် နံနက် ၅ နာရီ ၃၆ မိနစ်တွင် ဖြစ်ကြောင်း၊ ငါးကြိမ်မြောက် ပေါက်ကွဲမှုမှာ ဒေသစံတော်ချိန် နံနက် ၈ နာရီ ၆ မိနစ်တွင်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဆီမီရူမီးတောင်ကို အဆင့် (၃) သတိပေးချက်အဖြစ် ဆက်လက်သတ်မှတ်ထားကြောင်းနှင့် ယင်းမှာ အင်ဒိုနီးရှားနိုင်ငံ၏ အဆင့် (၄) ဆင့်ရှိသော မီးတောင်သတိပေးချက်စနစ်တွင် ဒုတိယအမြင့်ဆုံးအဆင့်ဖြစ်ကြောင်း သိရသည်။

ပင်လယ်ရေမျက်နှာပြင်အထက် ၃၆၇၆ မီတာအမြင့်တွင် တည်ရှိသော ဆီမီရူမီးတောင်သည် ဂျာဗားကျွန်းပေါ်တွင် အမြင့်ဆုံး မီးတောင်ဖြစ်ပြီး အင်ဒိုနီးရှားနိုင်ငံ၌ သက်ဝင်လှုပ်ရှားဆုံး မီးတောင်များအနက် တစ်ခုဖြစ်ကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံသည် ပစိဖိတ်မီးကွင်းတစ်လျှောက်တွင် တည်ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး သက်ဝင်လှုပ်ရှားသော မီးတောင်ပေါင်း ၁၃၀ နီးပါးရှိကြောင်း သိရသည်။

**ဆင်ဟွာ**



# မန်းရွှေစက်တော်ရာဘုရားပွဲတော်ကြီးတွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများဖြင့် စည်ကား



**မင်းဘူး ဖေဖော်ဝါရီ ၁၁**

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု) မြို့နယ်ရှိ မန်းရွှေစက်တော်ရာ ဘုရားကြီးတွင် ယခုနှစ် ဘုရားပွဲတော် ကာလအတွင်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူး ပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

"မန်းရွှေစက်တော်ရာ ဘုရားပွဲတော်ကြီးကို တပို့တွဲလဆန်း ၅ ရက်ကစပြီး အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပါတယ်။ ဘုရားဖူးလာရောက်ကြသူတွေ ညအိပ်တည်းခိုနားနေနိုင်စေဖို့ တည်းခိုဆောင်နဲ့ ဈေးဆိုင်ခန်းတွေကို သောင်ပြင်မှာ ဆောက်လုပ်ပေးထားပါတယ်။ ဘုရားဖူးတွေအနေနဲ့ စနေ၊ တနင်္ဂနွေနဲ့ အစိုးရရုံးပိတ်ရက်တွေမှာ လာရောက်လည်ပတ်သူတွေ ပိုများတာတွေ့ရပါတယ်။ ရပ်ဝေး၊ ရပ်နီးက ဘုရားဖူးရဟန်းရှင်လူ မိဘပြည်သူတွေကို တည်းခိုဆောင်တွေအပြင် ဘုရားပရိဝုဏ်အတွင်းက ဓမ္မာရုံတွေမှာလည်း ညအိပ်တည်းခိုရင်း စိတ်အေးချမ်းသာစွာနဲ့ ဘုရားဖူးမြော်နိုင်စေဖို့ စီစဉ်ဆောင်ရွက်ပေးထားပါတယ်။ ဘုရားပွဲတော်ကြီး စတင်ဖွင့်လှစ်တဲ့နေ့ကစလို့ ဒီကနေ့အထိ အနယ်နယ်အရပ်ရပ်က ဘုရားဖူးပြည်သူတွေက ကိုယ်ပိုင်ယာဉ်တွေ၊ ဘုရားဖူးယာဉ်တွေနဲ့ လာရောက်လျက်ရှိပြီး ယခင်နှစ်ကထက်စာရင် ဘုရားပွဲတော်လာ ပရိသတ်တွေ ပိုမိုများပြားစည်ကားလျက်ရှိပါတယ်" ဟု မန်းရွှေစက်တော်ရာ ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအေးကို က ပြောကြားသည်။

မင်းဘူး(စကု) မြို့နယ်ရှိ မန်းရွှေစက်တော်ရာ ဘုရားကြီးသည် မြန်မာနိုင်ငံ၏ (က)အဆင့် စာရင်းဝင် ဘုရားကြီးဖြစ်ပြီး မြန်မာနိုင်ငံအတွင်း၌ ထင်ရှားကျော်ကြားပြီး ရက်အရှည်ကြာဆုံး ကျင်းပသော ဘုရားပွဲတော်ကြီး တစ်ခုဖြစ်သည်။

ယခုနှစ် မန်းရွှေစက်တော်ရာ ပါဒစေတီတော် ဗုဒ္ဓပူဇနိယဘုရားပွဲတော်ကြီးကို ဇန်နဝါရီ ၂၂ ရက်မှ ဧပြီ ၁၇ ရက်အထိ မဟာသင်္ကြန်ရုံးပိတ်ရက်များ အပါအဝင် (တပို့တွဲလဆန်း ၅ ရက်နေ့မှ မြန်မာနှစ်ဆန်း ၁ ရက်နေ့အထိ) ရက်ပေါင်း ၈၆ရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်လျက်ရှိပြီး ပွဲတော်ကျင်းပစဉ်ကာလ ဘုရားဖူးများဖြင့် အထူး စည်ကားနေကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပုသိမ်မြို့အဝင် အဆင့်မြင့်မြေယာရှုခင်းဖွင့်

**ပုသိမ် ဖေဖော်ဝါရီ ၁၁**

(၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပုသိမ်မြို့အဝင် အဆင့်မြင့်မြေယာရှုခင်းဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းက ပုသိမ်-ရန်ကုန်ကားလမ်းဘေးရှိ အဆိုပါနေရာတွင် ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ တက်ရောက်ဖွင့်လှစ်ပေးသည်။

ဦးစွာ အဆင့်မြင့်မြေယာရှုခင်းဖွင့်ပွဲကို ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က မြေယာရှုခင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကန်သုံးဆင့်အပန်းဖြေဥယျာဉ်အပိုင်း(၃) ဖွင့်ပွဲသို့တက်ရောက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားများ ပြောကြားကာ ကန်သုံးဆင့် အပန်းဖြေဥယျာဉ်အပိုင်း(၃) ကို တာဝန်ရှိသူများနှင့်အတူ ဖဲကြိုးဖြတ်ဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပုသိမ်မြို့ ကမ်းနားလမ်းတိုးချဲ့ ဆိပ်ခံတံတားဖွင့်ပွဲနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ပုသိမ်ဆိပ်ကမ်း၌ အလျား ၃၄ ပေ x အနံ ၁၄ ပေ ရှိ ဗိုလ်မြတ်လေး သံကူကွန်ကရစ်ရေဆင်း ဆိပ်ခံတံတားနှင့် အလျား ပေ ၄၀ x အနံ ၁၄ပေ ရှိ ခရီးသည်နားနေဆောင်ဖွင့်ပွဲတို့ကို တက်ရောက်၍ အမှာစကားပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ဒုတိယဝန်ကြီး ဦးအောင်မြိုင် နေပြည်တော် - သာစည် - သဲတော - မန္တလေး ရထားလမ်းပိုင်း၊ ပြင်ဦးလွင် - ဂုတ်ထိပ် ရထားလမ်းပိုင်းနှင့် ဂုတ်ထိပ်တံတား၊ စစ်ကိုင်းတံတား(အင်းဝ) ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**



ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတွဲပြင် အလုပ်ရုံ၊ ဇလီဖားပေါင်းစက်ရုံ (မြို့ဟောင်း)၊ စစ်ကိုင်းတံတား(အင်းဝ) တံတားခုံများ ဖျက်သိမ်းနေမှုနှင့် တံတားနှစ်ဘက်ချဉ်းကပ် ရထားလမ်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တံတားအသစ် ပြန်လည်တည်ဆောက်ရာတွင် ချဉ်းကပ်လမ်းနေရာများ စနစ်တကျ ရွေးချယ်သတ်မှတ်နိုင်ရေး ဆွေးနွေးမှာကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ယမန်နေ့က ပြင်ဦးလွင်ဘူတာသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဘူတာအတွင်း စနစ်တကျ သန့်ရှင်းသပ်ရပ်မှု ရှိစေရေး ပုံမှန်ဆောင်ရွက်ရန်၊ ဘူတာရှေ့ပန်းခြံ သပ်ရပ်လှပအောင် ဆောင်ရွက်သွားရန် မှာကြားကာ တာဝန်ရှိသူများနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။

ထို့နောက်ပြင်ဦးလွင်ဘူတာမှ RBE ရထားဖြင့် လိုက်ပါစီးနင်း၍ ပြင်ဦးလွင်-ဂုတ်ထိပ် ရထားလမ်းပိုင်းအတွင်း လမ်းခင်းကျောက်ဖြည့်တင်းခြင်း လုပ်ငန်း၊ လမ်းမြောက် ပက်ကင်ရိုက်ခြင်းလုပ်ငန်းနှင့် ဂုတ်ထိပ်တံတားကွေ့ခိုင်မှု၊ ဂုတ်ထိပ်တံတားဆေးသုတ်ခြင်းလုပ်ငန်း၊ တံတားတိုင် အောက်ခြေခြံစည်းရိုးကာရံခြင်းလုပ်ငန်းနှင့် လားရှိုးဘက်ခြမ်းရှိရှုခင်းကြည့်နေရာ တည်ဆောက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြင်ဦးလွင်ဘူတာနယ်မြေအတွင်း ဘောလုံးကွင်း တည်ဆောက်လျက်ရှိသည့် မြေနေရာသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ရော်ဘာပြေးလမ်းအပါ ဘောလုံးကွင်း၊ ပွဲကြည့်စင်နှင့် မိုးလုံလေလုံ အားကစားရုံ တည်ဆောက်မည့် အခြေအနေကို ရှင်းလင်းတင်ပြကြပြီး မြေဖို့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြင်ဦးလွင် ဒီဇယ်စက်ခေါင်းစက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီးသည် ဖေဖော်ဝါရီ ၉ ရက်က နေပြည်တော်ဘူတာကြီးမှ RBE ရထားဖြင့် လိုက်ပါစီးနင်း၍ နေပြည်တော်-သာစည်-သဲတော-မန္တလေး ရထားလမ်းပိုင်း၌ မိုင်နှုန်းမြှင့်တင်ပြေးဆွဲနိုင်ရေး ပြုပြင်ဆောင်ရွက်နေမှု အခြေအနေကို စစ်ဆေးပြီး တပ်ကုန်း-မကျည်းပင် ဘူတာကြား သတ်မှတ်စံချိန်စံနှုန်းအတိုင်း လမ်းခင်းကျောက်များ စနစ်တကျ ဖြည့်သွင်း၍ Hand Tamp Machine အပြင် Automatic Leveling, Lining & Tamping Machine (ALLTM) စက်ဖြင့် ကျောက်ပါကင်ရိုက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ရှမ်းရွာဘူတာ တည်ဆောက်နေမှုနှင့် ညောင်ရမ်း-နွားထိုးဘူတာကြားရှိ တံတားအမှတ်(၅၈၅) ကွေ့ခိုင်မှု အခြေအနေကို RBE ရထားဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် သာစည်ဘူတာသို့ ရောက်ရှိပြီး တိုင်းအရာရှိများနှင့် တွေ့ဆုံကာ လုပ်ငန်းဆောင်ရွက်မည့် အစီအမံများကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ စမုံဘူတာနှင့် သပြေတောင်းဘူတာ အကြားရှိ ရာဂီမုန်တိုင်းကြောင့် ပျက်စီးသွားသည့် တံတားအမှတ် (၆၉၁) အသစ် ပြန်လည်တည်ဆောက်နေမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးကာ စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအမီ ပြီးစီးရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မင်းစုဘူတာနှင့် ကျောက်ဆည် ဘူတာအကြားရှိ တံတားအမှတ်(၇၃၉) တည်ဆောက်နေမှုနှင့် ကျောက်ဆည် ဘူတာ အသစ်ပြန်လည်တည်ဆောက်မည့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အားလုံးချစ်သည့် MRTV

မြင့်စိုး(နတလ)

### ဂယာခရီးသို့ သမင်လည်ပြန်

လွန်ခဲ့သော ခုနှစ်နှစ်ခန့်က၊ တိတိကျကျညွှန်းဆိုရလျှင် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့မှ ၂၂ ရက်နေ့အထိ အိန္ဒိယနိုင်ငံနှင့် နီပေါနိုင်ငံရှိ ဗုဒ္ဓဂယာအောင်မြေမဟာသို့ ၁၂ ရက်ကြာ ခရီးအဖြစ် သွားရောက်ခဲ့ပြီး ခရီးစဉ်တွင် သူငယ်ချင်း ၃၂ ဦး၊ မိသားစုဝင် ၅၀ ပါဝင်ခဲ့ပါသည်။ ယင်းခရီးစဉ်နောက်ပိုင်းမှာတော့ သူငယ်ချင်းမိသားစုဝင်အချို့ ပြည်တွင်း ပြည်ပခရီးများ စုပေါင်းသွားလာကြတာရှိခဲ့သော်ငြားလည်း အကြောင်းမညီညွတ်၍ ကျွန်တော်လိုက်ပါခြင်းမပြုနိုင်ခဲ့ပါ။

ယင်းသို့နေလာရာက ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှာတော့ သူငယ်ချင်းမိသားစုဝင်အချို့နှင့် တစုတဝေးကားစီးခွင့်၊ ခရီးတိုလေးတစ်ခု အတူသွားခွင့်ရခဲ့ပါသည်။ ရန်ကုန်မှ သူငယ်ချင်းများလည်း ရောက်ရှိနေခိုက် နေပြည်တော်မှ မိသားစုများနှင့် စုပေါင်း၍ နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ သွားရောက်ကြည့်ရှု လေ့လာခွင့်ရခဲ့ပါသည်။

နေပြည်တော်နှင့် တပ်ကုန်း၏ အချိန်နှင့် အကွာအဝေးက ၄၅ မိနစ် ခရီးမျှသာ၊ သို့သော်ငြားလည်း စုပေါင်းကားပေါ်မှာ လိုက်ပါလာစဉ်ခဏ ကျွန်တော့်စိတ်အစဉ်က ဂယာခရီးစဉ်သို့ ပြန်လည်သတိရတမ်းတမိကာ ဂင်္ဂါ၊ သရဖူ၊ အစီရဝတီ၊ မဟီ၊ ဂယာ၊ နေရဥ္ဇရာ အစရှိသော မြစ်ကြီးမြစ်ငယ် အသွယ်သွယ်ကို ဖြတ်လိုက်၊ သတ္တာသတ္တာဟ ခုနစ်ဌာနကို ဖူးလိုက်၊ ဥရုဝေလမှသည် ဗာရာဏသီ၊ သာဝတ္ထိနှင့် နီပေါနိုင်ငံထဲက လုမ္ဗိနီသာမေဒအင်ကြင်းတောသို့ရောက်လိုက်၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံရာ ကုသိနာရုံနားမှာ ဝေ့ဝဲလိုက် ဖြစ်လို့နေပါတော့သည်။ ဖြစ်များဖြစ်နိုင်မည်ဆိုပါလျှင် သူငယ်ချင်းမိသားစုဝင်များ စုပေါင်း၍ ဗုဒ္ဓဂယာအောင်မြေမဟာသို့ ဒုတိယအကြိမ်မြောက် သွားရောက်၍ ဖူးမြော်လိုက်ချင်စမ်းပါဘိ။

### MRTV က လှိုက်လှဲနွေးထွေးစွာကြိုဆို

ကျွန်တော်တို့အဖွဲ့အား MRTV မှ တိုင်းရင်းသားတိုင်းရင်းသူလေးများနှင့် ဝန်ထမ်းများက လှိုက်လှဲစွာ ကြိုဆိုခဲ့ကြသည်။ ကျွန်တော့်စိတ် ကျွန်တော့်နှလုံးသားခံစားချက်က သူများနှင့် တူချင်မှ တူပါလိမ့်မည်။ ကျွန်တော်ချစ်သော မြို့ရွာနေရာဒေသများ၊ ကျွန်တော် နှစ်သက်သဘောကျသော ရုံးဌာန၊ ပရဝဏ်များဆိုလျှင် တစ်ခါတစ်ခေါက်ပင်မက လေးခေါက်ငါးခေါက်မြောက်သည်အထိ ရောက်ဖူးပြီးဖြစ်လို့ နေပါတော့သည်။

တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV သည် ကျွန်တော်နှင့် မစိမ်းပါ၊ ရောက်ခဲ့ဖူး၊ မြင်ခဲ့ဖူး၊ လေ့လာကြည့်ရှုခဲ့ဖူးပြီး ဖြစ်ပါသည်။ ရောက်ဖူးပြီးသားနေရာကို ထပ်၍ လာရခြင်းကလည်း အထက်တွင်ဆိုခဲ့သည့်အတိုင်း ရန်ကုန်မြို့ ပြည်လမ်း၊ ကမာရွတ်မြို့နယ်အတွင်းရှိ MRTV သို့ ၁၉၈၇ ခုနှစ်မှစ၍ ချောင်းပေါက်မတတ် ဝင်ထွက်သွားလာခဲ့ဖူး၍လည်းကောင်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင် ဝန်ကြီးဌာနသတင်းများ တင်ပြပြီး မြန်မာ့အလင်း၊ ကြေးမုံသတင်းစာတိုက်များနှင့် လိုအပ်လျှင် New Light of Myanmar သတင်းစာတိုက်အထိ လိုက်လံဆောင်ရွက်ခဲ့ဖူး၍လည်းကောင်း၊ ပြခန်းကိစ္စ၊ ဓာတ်ပုံကိစ္စများအတွက် ပန်းဆိုးတန်းလမ်းပေါ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသည် အိမ်ဦးနှင့် ကြမ်းပြင်ဖြစ်ခဲ့၍ လည်းကောင်း၊ ထိုရုံးဌာနများ၊ ဝန်ထမ်းများနှင့် သံယောဇဉ်ဖြစ်ခဲ့ရသည်။ သည့်အတွက် တပ်ကုန်းမြို့ရှိ MRTV ပရဝဏ်သည် ကျွန်တော်နှင့် မစိမ်း။ ယင်းပရဝဏ်အတွင်းသို့ လှမ်းဝင်ခြေချလိုက်တိုင်း ဆယ်စုနှစ်သုံးခုနီးပါးကြာခဲ့ပြီဖြစ်သော ယခင်ပုံရိပ်များက ကျွန်တော့်ရင်ထဲမှာ တဖျပ်ဖျပ် လူးလွန့်လှုပ်ခတ်နေဆဲ။

### ဖျော်ဖြေတင်ဆက်

ကျွန်တော်တို့ ဧည့်သည်အဖွဲ့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Auditorium ခန်းမအတွင်းသို့ ရောက်ရှိသည်နှင့် ဖျော်ဖြေတင်ဆက်ရေး အစီအစဉ်များကို စတင်ပါသည်။ အဖွင့်သီချင်းများ၊ Video Clip များ ဖွင့်လှစ်ပြသပြီးနောက် "ဝထကလသ" သီချင်းဖြင့် တေးသရုပ်ဖော် ကပြတင်ဆက်ကြသည်။ ၁၉၇၀ ပြည့်လွန်နှစ်များဆီက မြို့နယ်လုံးကျွတ်၊ တိုင်းလုံးကျွတ် စာတတ်မြောက်မှုအောင်ပွဲအခမ်းအနားများတွင် ဘဝဂ်ညံအောင် သီဆိုခဲ့ကြ၊ ဖွင့်ခဲ့ကြသော တေးသီချင်းဖြစ်သည်။ ၎င်းပြင် ဆရာကြီး ဦးသုခ ရိုက်ကူးပြသသည့် "ဘယ်သူပြိုင်လို့ လုပါတော့နိုင်" ရုပ်ရှင်ဇာတ်ကားထဲမှာ ဇော်ဝမ်း၊ ဝင်းလှိုင်၊ တင်တင်ညို၊ တင်တင်လှတို့နှင့်အပြိုင် ထန်းတက်သမားလေး ကိုချစ်စရာအဖြစ် သရုပ်ဆောင်သော လူကြမ်းကြီး ကိုအံ့ကျော် အကယ်ဒမီရခဲ့သလို "ဝထကလသ" သီချင်းသည် ထိုဇာတ်ကားကို အဓိကနေရာမှ ပံ့ပိုးပေးထားကြောင်း တွေ့ရသည်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ဝန်ထမ်းလေးတွေ သရုပ်ဖော်တင်ဆက်နေစဉ်မှာ ကျွန်တော်က ဆရာမင်းကျော်၏ ဝတ္ထုတစ်ခုလုံးကို အမှတ်ရနေမိပါတော့သည်။

### စိန်ရတုပြတိုက်ကို ကြည့်ရှုလေ့လာ

ထို့နောက် ကျွန်တော်တို့အဖွဲ့ကို စိန်ရတုပြတိုက်သို့ ပို့ဆောင်လေ့လာစေခဲ့ပါသည်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ စိန်ရတုပြတိုက်ကို နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုယ်တိုင် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စိန်ရတုမှတ်တိုင် (MRTV Milestone)၊ ၁၉၅၅ ခုနှစ် မေလ ၁၅ ရက်နေ့တွင် စတင်တည်ထောင်ခဲ့သော ရန်ကုန်မြို့ ရေကူး အသံလွှင့်စက်ရုံမှတ်တမ်းအကျဉ်း၊ MRTV နေပြည်တော် တပ်ကုန်းအဆောက်အအုံများ ဆောက်လုပ်၍ ၂၀၀၈ ခုနှစ် မတ်လ ၁၆ ရက်နေ့တွင် ဖွင့်လှစ်နိုင်ခဲ့မှု အခြေအနေတို့ အပါအဝင် စိန်ရတုပြတိုက်၏ သိမှတ်ဖွယ်ရာများကို သမီး အေးအိငြိမ်းက လိုက်လံရှင်းလင်းပြသသည်။ ခေတ်အဆက်ဆက် အသုံးပြုခဲ့သော Radio / TV လွှင့်စက်သုံး Tube များ၊ ပြုပြင်တိုင်းတာရေးစက်ပစ္စည်းများ ပြခန်း၊ FM/ TV လွှင့်စက်များ ပြကွက်တို့သည်လည်း စိတ်ဝင်စားဖွယ်ရာဖြစ်ပါသည်။

ဘောလုံးဝါသနာအိုးများအတွက်မူ မြန်မာ့အသံရေဒီယိုက တိုက်ရိုက်ထုတ်လွှင့်ပေးနိုင်ရေး အသုံးပြုခဲ့သော(Radio OB Van) ယာဉ်ကိုလည်းကောင်း၊ ၁၉၈၄ ခုနှစ်မှစ၍ လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ တပ်မတော်နေ့ စသည့် နိုင်ငံတော်အဆင့်အခမ်းအနားများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ဘောလုံးပြိုင်ပွဲများ၊ နိုင်ငံတကာ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲများကို မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်(Live) ထုတ်လွှင့်ပေးသောယာဉ်ကိုလည်းကောင်း ပြသထားပါသည်။ ၂၀၁၃ ခုနှစ်တွင် စတင်အသုံးပြုခဲ့သည့် ကိုရီးယားသမ္မတနိုင်ငံထုတ် ရိုက်ကူးထုတ်လွှင့်ရေးယာဉ်ကိုလည်း တွေ့ခဲ့ရသည်။ ၁၉၄၇ ခုနှစ်ကာလများ၌ ဗိုလ်ချုပ်အောင်ဆန်း၏ ဟောပြောပွဲများတွင် အသုံးပြုခဲ့သော Dynamic Microphone အမျိုးအစားများကို အသုံးပြုသည့်နေရာ၊ မှတ်တမ်းဓာတ်ပုံများနှင့်တကွ ပြသထားပါသည်။

မှတ်တမ်းဓာတ်ပုံကဏ္ဍတွင် ၁၉၈၀ ပြည့်နှစ်မှ ၁၉၉၂ ခုနှစ်အတွင်း သတင်းဖတ်ကြားသူများ၊ ၁၉၉၂ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ပြည်တွင်းသတင်းဖတ်ကြားသူများ၊ ၁၉၈၀ ပြည့်နှစ်မှ ၂၀၀၇ ခုနှစ်အထိ နိုင်ငံတကာသတင်းဖတ်ကြားသူများ၊ ၂၀၀၈ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း ပြည်တွင်းသတင်းနှင့် နိုင်ငံခြားသတင်းဖတ်ကြားသူများ၊ ၂၀၁၃ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း Channel များမှ သတင်းဖတ်ကြားသူများ (News၊ Sports၊ FARMERS HD၊ NRC၊ National News) ယနေ့မျိုးဆက်သစ်သတင်းဖတ်ကြားသူများဟူ၍ မှတ်တမ်းတင်ဂုဏ်ပြုဖော်ပြထားပါသည်။ BBS (Burma Broadcasting Service) တံဆိပ်ပါရှိသော သက်တမ်း ၇၅ နှစ်ရှိ မြန်မာ့ဆိုင်းဝိုင်းကြီးကိုလည်းကောင်း၊ ၁၉၇၂ ခုနှစ် မတ်လ ၁၅ ရက်နေ့တွင် ရေဒီယိုအစီအစဉ်များအတွက် ရည်ရွယ်ဖွဲ့စည်းခဲ့သည့် ခေတ်ပေါ်တီးဝိုင်း တူရိယာများကိုလည်းကောင်း၊ သက်တမ်း ၇၅ နှစ်ရှိ BBS တံဆိပ်ပါ စားပွဲကုလားထိုင်ပရိဘောဂများကိုလည်းကောင်း၊ မဟာဂီတနှင့် တေးဂီတဆိုင်ရာ စာအုပ်စာစောင်များ၊ ၁၉၀၁ ခုနှစ်မှစ၍ ခေတ်အဆက်ဆက်ကုမ္ပဏီများက ထုတ်လုပ်ခဲ့သော ဓာတ်ပြားများနှင့် ၁၉၅၁ ခုနှစ်မှစ၍ ထုတ်လုပ်ခဲ့သောဓာတ်ပြားများ၊ ၁၉၆၂ ခုနှစ်မှ စတင်အသုံးပြုခဲ့သော RCA Monitor Speaker များ၊ ခေတ်အဆက်ဆက်အသုံးပြုခဲ့သော ဓာတ်ပြားစက်၊ Radio Gram၊ Radio Cassette များ၊ ရိုက်ကူးရေးသုံးတိုင်းရင်းသားတူရိယာပစ္စည်းများ စသည်တို့ကို လည်းကောင်း ကြည့်ရှုလေ့လာနိုင်သည့်အပြင် ယနေ့ခေတ် ၂၀၀၀ ပြည့်နှစ် မတ်လ ၂၇ ရက်နေ့တွင် ဖွဲ့စည်းထားသည့် နိုင်ငံတော်သံစုံတီးဝိုင်းကြီးတွင် ပါဝင်သော တူရိယာ ၁၉ မျိုးကိုပါ တစ်ပါတည်း လေ့လာတွေ့ရှိရပါသည်။

### နှစ် ၈၀ ပြည့် MRTV ကို ဂုဏ်ပြုပါသည်

ရန်ကုန်ရေဒီယို (BBS) အဖြစ် ၁၉၄၆ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် စတင် ထုတ်လွှင့်ခဲ့ခြင်းဖြစ်ရာ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် MRTV အနေဖြင့် နှစ်ပေါင်း ၈၀ ကို ဖြတ်သန်းပြီဖြစ်သည်။ တာဝန်ရှိသူအဆင့်ဆင့်နှင့် ဝန်ထမ်းများ၏ ယုံကြည်ချက်၊ ခံယူချက်ပြည့်ဝစွာ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ရည်မှန်းချက်များလည်း ပြည့်ဝအောင်မြင်ခဲ့ကြောင်း တွေ့ရပေမည်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းဟောင်းများအသင်းအနေဖြင့်လည်း ဇန်နဝါရီလ ၃၁ ရက်နေ့က အလုပ်အမှုဆောင်အဖွဲ့ ပုံမှန်အစည်းအဝေးကျင်းပကာ MRTV နှစ် ၈၀ ပြည့်အခမ်းအနားသို့ တက်ရောက်ရန် စီစဉ်ဆောင်ရွက်နေကြပြီ ဖြစ်သည်။

ကျွန်တော့်ဘဝ တစ်သက်တာတွင် ကချင်ပြည်နယ်မှ ပန်နန်းဒင်နှင့် ခေါင်လန်ဖူးမြို့၊ 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအတွင်းက မက်မန်းမြို့၊ ရှမ်းပြည်နယ်တောင်ပိုင်းဒေသမှ ဟိုမိန်းမြို့တို့ကို ထာဝစဉ်သတိတရရှိနေမည်ဖြစ်သကဲ့သို့ ရုံးဌာနများထဲမှ MRTV ကိုလည်း သံယောဇဉ်ကြီးခဲ့ရပါသည်။ အားလုံးချစ်သည် MRTV ဆိုသည့်အတိုင်း ပြည်သူ အားလုံးချစ်သော MRTV အဖြစ် ထာဝရရှင်သန် ရပ်တည်သွားနိုင်ပါစေကြောင်း ဆုမွန်တောင်းလျက်...။



ဝထကလသ သီချင်းအား တေးသရုပ်ဖော် ကပြခဲ့ကြစဉ်။

**ရန်ကုန်ရေဒီယို(BBS)အဖြစ် ၁၉၄၆ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် စတင်ထုတ်လွှင့်ခဲ့ခြင်းဖြစ်ရာ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် MRTV အနေဖြင့် နှစ်ပေါင်း ၈၀ ကို ဖြတ်သန်းပြီဖြစ်သည်။ တာဝန်ရှိသူအဆင့်ဆင့်နှင့် ဝန်ထမ်းများ၏ ယုံကြည်ချက်၊ ခံယူချက်ပြည့်ဝစွာ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ရည်မှန်းချက်များလည်း ပြည့်ဝအောင်မြင်ခဲ့ကြောင်း တွေ့ရပေမည်**



BBS တံဆိပ်ပါ နှစ်ပေါင်း (၇၅) နှစ် သက်တမ်းရှိ နိုင်ငံတော်ဆိုင်းဝိုင်းကြီး။

# သဃ်န်းကျွန်းမြို့နယ်နှင့် တာမွေမြို့နယ်တို့၌ ငွေကျပ်သိန်း ၂၀၅၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

သင်္ဃန်းကျွန်းမြို့နယ်နှင့် တာမွေမြို့နယ်တို့၌ ငွေကျပ်သိန်း ၂၀၅၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၇ ရက် ညနေ ၆ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သင်္ဃန်းကျွန်းမြို့နယ် (ဆ/က)ရပ်ကွက်တွင် အောင်ကိုကို (ခ) အောင်လေး (ခ) ကျော်မောင်မောင် (၃၀) နှစ်၊ (၃) ရပ်ကွက် ကမာရွတ်မြို့နယ်နေသူ မောင်းနှင်ပြီး ဇော်မျိုးဆွေ (၃၇)နှစ်၊ ပုသိမ်ညွန့်ရပ်ကွက် တာမွေမြို့နယ်နေသူတို့ လိုက်ပါလာသော TOYOTA MARK X အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၅၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၉၅၀) သိမ်းဆည်းရမိခဲ့သည်။

ကွင်းဆက် ဖော်ထုတ်ချက်အရ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူများဖြစ်သည့် ဦးသန်းမောင် (၅၉)နှစ်၊ ဗမာအေးရပ်ကွက် ဒေါပုံမြို့နယ်နေသူနှင့် ဦးကျော်ဇောလှ (၆၄)နှစ် ဗမာအေးရပ်ကွက် ဒေါပုံမြို့နယ်နေသူတို့ကို ယင်းနေ့ ည ၇ နာရီခွဲတွင် တာမွေမြို့နယ်(၁၆၅) လမ်းရှိ လက်ဖက်ရည်ဆိုင်တွင် ဆက်လက်ဖမ်းဆီးရမိခဲ့ပြီး ည ၈ နာရီခွဲတွင် အောင်ကိုကို (ခ) အောင်လေး(ခ)ကျော်မောင်မောင် ငှားရမ်းနေထိုင်သည့် ကမာရွတ်မြို့နယ် (၃) ရပ်ကွက်ရှိ နေအိမ်တိုက်ခန်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၀၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၁၁၀၀)



တရားခံ အောင်ကိုကို(ခ)အောင်လေး(ခ)ကျော်မောင်မောင်၊ ဇော်မျိုးဆွေ၊ ဦးကျော်ဇောလှနှင့် ဦးသန်းမောင်တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ထပ်မံ သိမ်းဆည်းရမိသဖြင့် အောင်ကိုကို(ခ)အောင်လေး (ခ) ကျော်မောင်မောင်၊ ဇော်မျိုးဆွေ၊ ဦးသန်းမောင်နှင့် ဦးကျော်ဇောလှတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။

အလားတူဖေဖော်ဝါရီ ၆ ရက် ည ၁၀ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ဝေါမြို့နယ် ညောင်ခါးရှည်ကျေးရွာအနီးတွင် ရဲမြင့်မာန်(ခ)ရဲမြင့်(၃၈)နှစ် သုံးအိမ်စုရွာ ကျိုက်ထိုမြို့နယ်နေသူ မောင်းနှင်ပြီး မြင့်မြတ်အောင် (ခ) ဟာဆန်လေး (၁၈) နှစ် အောက်ကျင်းရပ်ကွက် သထုံမြို့နေသူ လိုက်ပါလာသော NISSAN CONDOR ယာဉ်ပေါ်မှ စက္ကူဂျပ်ဖာဖြင့် ထည့်လျက် TRAMADOL ဆေးတောင့် ၉၉၀၀၀ (ဆေးတောင့် တစ်တောင့်လျှင် ငွေကျပ် ၄၀၀ နှုန်းဖြင့် ၎င်းဒေသ တန်ဖိုးငွေကျပ် ၃၉၆ သိန်း) ဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက်ဖော်ထုတ်ချက်အရ ဖေဖော်ဝါရီ ၇ ရက် နံနက် ၁၀ နာရီတွင် TRAMADOL ဆေးတောင့်များအား လာရောက်ယူဆောင်သူ သက်ဟိန်း(ခ)ချိုအိုက်(၂၈)နှစ်(၆) ရပ်ကွက် လှိုင်မြို့နယ်နေသူအား အင်းစိန်မြို့နယ် မြို့သစ်(က+ခ) ရပ်ကွက်တွင် PROBOX ယာဉ်တစ်စီးဖြင့်လည်းကောင်း၊ ၎င်း၏ဖော်ထုတ်ချက်အရ မွန်းလွဲ ၁ နာရီခွဲအချိန် TRAMADOL ဆေးတောင့်များအား လာရောက်ယူဆောင်သူ မြင့်နိုင် (ခ) မိုဟာမက်ဇူဘေး(၄၂) နှစ် (၃) ရပ်ကွက် ပန်းဘဲတန်းမြို့နယ်နေသူအား မင်္ဂလာတောင်ညွန့်မြို့နယ် ဖဆပလရပ်ကွက်တွင် JETOUR DASHING ယာဉ်တစ်စီးနှင့်လည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်စစ်ဆေးပေါ်ပေါက်ချက်အရ ဖေဖော်ဝါရီ ၇ ရက် နံနက် ၁၁ နာရီတွင် ဖမ်းဆီးရမိ TRAMADOL ဆေးတောင့်များအား တင်ဆောင်ပေးသူ တင်သန်းဦး(ခ)ဝကီး (ခ) ဘိုက်ဝေါ်ကီ(၃၀)နှစ် အောက်ကျင်းရပ်ကွက် သထုံမြို့နေသူ၏နေအိမ်မှ THINNER ၁၀၈၀ လီတာ (တစ်လီတာလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂၁ ဒသမ ၆ သိန်း)နှင့် လည်းကောင်း၊ နံနက် ၁၁ နာရီခွဲအချိန် မနီနီအေး (၃၉)နှစ်၊ အောက်ကျင်းရပ်ကွက် သထုံမြို့နေသူအား ၎င်း၏နေအိမ်တွင်လည်းကောင်း ဖမ်းဆီးရမိသဖြင့် ရဲမြင့်မာန်(ခ)ရဲမြင့်၊ မြင့်မြတ်အောင်(ခ)ဟာဆန်လေး၊ သက်ဟိန်း(ခ)ချိုအိုက်၊ မြင့်နိုင်၊ မနီနီအေးနှင့် တင်သန်းဦး (ခ) ဝကီး (ခ) ဘိုက်ဝေါ်ကီတို့အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

---

❖ *ကျောဖုံးမှ*

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်၍ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အဖွဲ့ဝင်များသည် အတင်းအဓမ္မအကျပ်ကိုင်စုဆောင်းခံကြရခြင်း၊အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက်အဆင့်အတန်းခွဲခြား၍ အချင်းချင်း ဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှု ကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်း မရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသည့် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်၊ အင်္ဂပူမြို့နယ်၊ ရေကြည်မြို့နယ်နှင့် ပုသိမ်မြို့နယ်တို့မှ အမျိုးသား ၁၆ ဦးတို့အား တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့နေ့လယ်ပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် ဧရာဝတီခန်းမ၌ပြုလုပ်ရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ် စိုးကျော်ထက်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ယင်းနောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် မောင်းပြန် ရိုင်ဖယ် ၂ လက်၊ လက်ပစ်ဗုံး ၄လုံးတို့အား လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများအား မောင်းပြန်ရိုင်ဖယ် ၁ လက်လျှင် ဆုကြေးငွေကျပ်သိန်း ၅၀ နှုန်းဖြင့် ၂ လက်အတွက် ငွေကျပ်သိန်း ၁၀၀၊ လက်ပစ်ဗုံးတစ်လုံးလျှင် ဆုကြေးငွေကျပ် ၃သိန်းနှုန်းဖြင့် ၄လုံးအတွက် ငွေကျပ် ၁၂သိန်းနှင့် အလင်းဝင်ရောက်လာသူအားလုံးအတွက် တစ်ဦးလျှင် ငွေကျပ် သုံးသိန်းနှုန်းဖြင့် ၁၆ ဦးအတွက် ဆုကြေးငွေကျပ် ၄၈ သိန်း၊ စုစုပေါင်းငွေကျပ် သိန်း ၁၆၀ ကို ပြန်လည်ထောက်ပံ့ပေးအပ်ရာ ဥပဒေဘောင်အတွင်းဝင်ရောက်လာကြသူများကိုယ်စား ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများ၏ မိသားစုဝင်များကိုယ်စား အုပ်ထိန်းသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြသည်။ ယင်းနောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ စနစ်တကျ ပြန်လည်လွှဲပြောင်းအပ်နှံပေးအပ်ခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ထိုသို့ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်းသိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်–





၁။ မနက်ခင်းကျတော့ ဆန်ပြုတ်တိုက်တယ်။ နေ့လယ်စာကျတော့ ငါးနီတူးတွေ ပုပ်ပွနေတဲ့ဟာတွေကို သူတို့တောင်မစားဘူး။ သူတို့ကျတော့ ကောင်းတာစားပြီး ကျွန်တော်တို့ကျ မကောင်းတဲ့ အဲဒီဟာကို ကျွေးတယ်။ လမ်းဘေးက ငှက်ပျောအူတောင်မှ ဖွဲ့စားပိုင်ခွင့်မရှိဘူး။ ဘယ်ဟာမှ စားပိုင်ခွင့်မရှိဘူး။ သူတို့ကျွေးတာပဲစား၊ သူတို့ခိုင်းတာပဲလုပ်၊ အဲအတိုင်းပဲ ကျွန်တော်တို့ကိုထားတယ်။ ရှေ့တန်းစစ်မြေပြင်ရောက်ပြန်တော့လည်း သူတို့ကစီနီယာသမားတွေဆိုပြီး ရှေ့ဦးဆောင်ပြီး တိုက်မလားဆိုပြီး ကျွန်တော်တို့ကတွေးတယ်။ ကျွန်တော်တို့က အတွေ့အကြုံမရှိဘူးလေ။ အတွေ့အကြုံမရှိတော့ ရှေ့က စီနီယာသမားတွေကိုပဲ ကြည့်လုပ်ရမှာပေ့ါ။ ကျွန်တော်တို့ကို ရှေ့ကတင်တယ်။ ရှေ့ကျဘာမှ မသိဘူး။ ဘယ်ကစပြီး ဘာလုပ်ရမလဲ ကိုယ်မှနားမလည်တာ နားမလည်တော့ သူတို့ကိုအကူအညီတောင်းတယ်။ ကျွန်တော်တို့ ဘာလုပ်ရမလဲဆိုတော့ မင်းတို့သင်တန်းက သင်ပေးထားတယ် မဟုတ်ဖူးလားပြောတယ်။ သူတို့ကနောက်ကနေပြီးတော့ အိုဗာဟတ်ထဲတို့၊ ကတုတ်ကျင်းထဲတို့မှာ သူတို့နေတယ်။ ဟိုက တက်လာပြီဆိုရင် သူတို့ပြေးပြီ။ စည်းကမ်းတွေဘာတွေ သူတို့ကချတယ်။ ချမှတ်ပြီး သူတို့ကိုယ်တိုင်ကျ စည်းကမ်းဖောက်တယ်။ သူတို့ကိုယ်တိုင်စည်းကမ်းဖောက်ပြီး ကျွန်တော်တို့ နည်းနည်းလေးမှားပြီ၊ ရဲဘော်တွေမှားပြီဆိုရင် ပြစ်မှုပြစ်ဒဏ်နဲ့ လာတယ်။ ရှေ့တန်းစစ်မြေပြင်မှာဆိုရင် မိုင်းရှင်းတွေဘာတွေ သွားရင် သူတို့က နောက်ဆုံးက လိုက်တယ်။ ကျွန်တော်လည်း နီးစပ်ရာ ရဲစခန်းမှာပဲနေမယ်ဆိုပြီးတော့ ကျွန်တော်သတင်းပို့ အလင်းဝင်လိုက်ပါတယ်။ မင်းတို့အလင်းဝင်တဲ့သူတွေကို အခမ်းအနားနဲ့ ပေးပြီးတော့ မိဘလက်ထဲပြန်အပ်မှာတဲ့၊ ငွေကြေးလည်း ဆုချတယ်တဲ့၊ ကျွန်တော်အလွန်ဝမ်းသာသွားပါတယ်။ ကျွန်တော့်မိဘထံ ပြန်အပ်မယ်ဆိုတော့ ကျွန်တော်အလွန်ဝမ်းသာသွားပါတယ်။

၂။ ကျွန်တော်တို့ ခရီးသွားရင်းနဲ့ အကြမ်းဖက် AA နဲ့ PDF ပူးပေါင်းတပ်တွေရဲ့ ဖမ်းဆီးခြင်းကို ခံခဲ့ရပါတယ်။ ကျွန်တော်တို့ကို ခေါ်ဆောင်သွားပါတယ်။ ခေါ်ဆောင်သွားပြီးတော့သူတို့အဖွဲ့အစည်းထဲကိုဝင်ဖို့ ကျွန်တော်တို့ကို အတင်းအဓမ္မ စုဆောင်းပါတယ်။ ကျွန်တော်တို့ မိသားစုတွေကိုလည်း ထောက်ပံ့ပေးမယ်လို့လည်း ပြောပါတယ်။ ကျွန်တော်တို့ကို စတင်စုဆောင်းတုန်းက ကျွန်တော်တို့ကို ကောင်းကောင်းမွန်မွန်ကျွေးမယ်။ ကောင်းကောင်းမွန်မွန် ထားပါမယ်ဆိုပြီးတော့စုဆောင်းခဲ့ပြီးတော့သူတို့ဟိုရောက်တော့ ကျွန်တော်တို့ကိုဆက်ဆံပုံတွေက တစ်မျိုးဖြစ်တယ်။ ကျွေးမွေးတာတွေကစ အပြောတစ်မျိုး၊ အလုပ်တစ်မျိုး ကျွန်တော်တို့အဆင်မပြေခဲ့ပါဘူး။ ကျွန်တော်တို့ အပတ်စဉ်မှာကတော့ ထွက်ပြေးတဲ့သူတွေရှိတယ်။ ပြန်မိတဲ့သူတွေလည်း ရှိတယ်။ တကယ်လို့ မိခဲ့တဲ့သူတွေဆိုလို့ရှိရင် PDF က မိတယ်ဆိုလို့ရှိရင် ထောင်ချပါတယ်။ AA ကမိတယ်ဆိုရင်တော့ သတ်ပစ်ပါတယ်။ သင်တန်းမှာတော့ ကျွန်တော်တို့ကို ခဏခဏပြောတယ်။ ညီအစ်ကိုတွေ ရဲဘော်ရဲဘက်စိတ်ထားပါ။ တကယ်တမ်း ရှေ့တန်းစစ်မြေပြင်မှာဆိုလို့ရှိရင် ကျွန်တော်တို့ကို သူတို့ကလုံးဝကို ရဲဘော်ရဲဘက်စိတ် မရှိပါဘူး။ ကျွန်တော်တို့ တိုက်ပွဲတွေတော့ နေ့စဉ်နဲ့အမျှဖြစ်ပါတယ်။ ဖြစ်နေရတဲ့အချိန်မှာ နေ့စဉ်နဲ့အမျှ တပ်မတော်ဘက်က ကျွန်တော်တို့ကို DROP ဗုံးတွေနဲ့ တိုက်ခိုက်တယ်။ နောက်ပြီးတော့ မြေပြင်စစ်အင်အားတွေနဲ့ ထိုးလာတယ်။ အဲဒီဒဏ်တွေနေ့စဉ်နဲ့အမျှရှိပါတယ်။ နေ့စဉ်နဲ့အမျှရှိနေတဲ့ အတွက်လည်း ကျွန်တော်တို့က ပြေးဖို့ပဲ ကြံစည်ခဲ့ပါတယ်။ ပြေးဖို့ကြံစည်ခဲ့ပြီးတော့ ကျွန်တော်တို့ တပ်မတော်ဘက်ကို ပြေးလာတယ်။ ပြေးလာတဲ့အချိန်မှာ ကျွန်တော်တို့ကို ဒီဘက်ကနေပြီးတော့ ပျူပျူငှာငှာနဲ့ ကြိုဆိုပါတယ်။ ကျွန်တော်တို့ကို မေးမြန်းတာတွေ မဖြေရင် သတ်ပစ်မယ်တို့ ဘာတို့အဲလိုမျိုးတွေ ကျွန်တော်တို့ ထင်ခဲ့တာပါ။ တပ်မတော်နဲ့ ဌာနဆိုင်ရာ အဖွဲ့အစည်းတွေက ကျွန်တော်တို့ကို နွေးနွေးထွေးထွေးကြိုဆိုတဲ့အတွက် ဝမ်းလည်းဝမ်းသာပါတယ်။ နောက်ပြီးတော့ ကျွန်တော်တို့ကို ထောက်ပံ့ဆုကြေးငွေတွေလည်း ချီးမြှင့်ခဲ့ပါတယ်။ အဲ့ဒီအတွက်ကြောင့်လည်း ဝမ်းသာပါတယ်။

**သတင်းစဉ်**

# နေပြည်တော်ရင်ပြင်တွင် ကျင်းပသည့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် လုပ်ငန်း/စီးပွားချိတ်ဆက် (Business Matching) ပြခန်း ဆက်လက်ပါဝင်ပြသ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**
နေပြည်တော်ရင်ပြင်၌ ဖေဖော်ဝါရီ ၈ ရက်မှ ၁၃ ရက်အထိ ကျင်းပသည့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်၌ ပါဝင်ပြသလျက်ရှိသည့် လုပ်ငန်း/ စီးပွားချိတ်ဆက် (Business Matching) ပြခန်းတွင် တိုင်းဒေသကြီး/ ပြည်နယ်များမှ MSME လုပ်ငန်းရှင်များ၏ ထုတ်ကုန်များကို လုပ်ငန်းစတင်တည်ထောင်သည့်အချိန်မှစ၍ ပြည်တွင်းဈေးကွက်တွင် ရောင်းချခြင်း၊ ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်သည်အထိ ချိတ်ဆက်နိုင်မည့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ပြပွဲကာလအတွင်း MSME စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် သက်ဆိုင်ရာဌာနများဖြစ်သည့် ကုန်သွယ်ရေးဦးစီးဌာနတွင် ပို့ကုန်/ သွင်းကုန် လုပ်ငန်းရှင်လက်မှတ်၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် FDA လက်မှတ်၊ မူပိုင်ခွင့်ဦးစီးဌာနတွင် ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းနှင့် အခြားဦးစီးဌာနများ၌ တင်သွင်း/တင်ပို့မှုဆိုင်ရာထောက်ခံချက်ကိစ္စရပ်များကို ရှင်းလင်းဆောင်ရွက်ပေးသည့် ဝန်ကြီးဌာနများနှင့် ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့၊ MSME စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ဒေသထုတ်ကုန်များကို ပြည်တွင်းရှိ လက်လီ/ လက်ကားဆိုင်များ ဖြစ်သည့် MaKro ၊ City Mart ၊ One Stop Mart ၊ Aeon စသည်တို့တွင် ကုန်ပစ္စည်းများ ပြသရောင်းချနိုင်ရေးအတွက် ဆောင်ရွက်ပေးသည့် ပြည်တွင်းဈေးကွက် ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့၊ MSME စီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းသစ်တစ်ခု စတင်တည်ထောင်ခြင်းနှင့် လုပ်ငန်းတိုးချဲ့ရေး ဆောင်ရွက်ရာတွင် လိုအပ်သည့် ဘဏ္ဍာငွေကြေးနှင့် ချေးငွေရရှိနိုင်ရေးတို့အတွက် ပြည်တွင်းရှိ Bank များဖြစ်သည့် ကမ္ဘောဇဘဏ်၊ CB ဘဏ်၊ AYA ဘဏ်၊ SME Deve- lopment ဘဏ်စသည့် ဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသည့် ရင်းနှီးမတည်ငွေ ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့၊ MSME စီးပွားရေးလုပ်ငန်းရှင်များ၏ ထုတ်ကုန်များ ပြည်ပဈေးကွက်ဝင်ရောက်နိုင်ရေးအတွက် နိုင်ငံပေါင်း ၁၂ နိုင်ငံတွင် တာဝန်ပေးစေလွှတ်ထားသည့် စီးပွားရေးသံမှူး ၁၆ ဦးတို့နှင့် ချိတ်ဆက်ဆောင်ရွက်ပေးသည့် ပြည်ပဈေးကွက်ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့တို့ဖြင့် ဝန်ဆောင်မှုများ ပေးလျက်ရှိသည်။



ပြပွဲ စတုတ္ထမြောက်နေ့ရက်ဖြစ်သည့် ယနေ့တွင် ဝန်ကြီးဌာနများနှင့် ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့မှ MSME လုပ်ငန်းရှင် ၇၃ ဦး၊ ပြည်တွင်း ဈေးကွက်ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့မှ လက်လီ/ လက်ကား၁၂ဆိုင်နှင့်တွေ့ဆုံသည့် လုပ်ငန်းရှင် ၅၆ ဦး၊ ရင်းနှီးမတည်ငွေ ချိတ်ဆက်ရေး လုပ်ငန်းအဖွဲ့မှ ဘဏ် ၁၃ ခုနှင့် တွေ့ဆုံသည့် လုပ်ငန်းရှင် ၃၉ ဦး၊ ပြည်ပဈေးကွက် ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့မှ လုပ်ငန်းရှင် ၁၅ ဦးတို့နှင့် ချိတ်ဆက် ဆောင်ရွက်လျက်ရှိသည်။

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်မှ ၁၁ ရက်အထိ လုပ်ငန်း/စီးပွား ချိတ်ဆက် (Business Matching) ပြခန်းတွင် ဝန်ကြီးဌာနချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့မှ MSME လုပ်ငန်းရှင် စုစုပေါင်း ၃၁၃ ဦး၊ ပြည်တွင်းဈေးကွက်ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့မှ လက်လီ/ လက်ကား စုစုပေါင်း ၁၂ ဆိုင်နှင့် တွေ့ဆုံသည့် လုပ်ငန်းရှင် စုစုပေါင်း ၂၂၁ ဦး၊ ရင်းနှီးမတည်ငွေ ချိတ်ဆက်ရေး လုပ်ငန်းအဖွဲ့မှ စုစုပေါင်းဘဏ် ၁၄ ခုနှင့်တွေ့ဆုံသည့် လုပ်ငန်းရှင် စုစုပေါင်း ၁၆၇ ဦး၊ ပြည်ပဈေးကွက် ချိတ်ဆက်ရေး လုပ်ငန်းအဖွဲ့မှ စုစုပေါင်းလုပ်ငန်းရှင် ၅၇ ဦးတို့နှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အွန်လိုင်းလိမ်လည်မှု (Telecom Fraud)လုပ်ငန်းများအား ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိပြီး ပြည်ပနိုင်ငံသား ၂၂ ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့ပြီး အိန္ဒိယနိုင်ငံသား ငါးဦးအား အပြစ်ပေးအရေးယူမှု ဆောင်ရွက်နိုင်ခဲ့

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**
နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ ပြည်နှင် လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ် မြဝတီမြို့ ဝန်းကျင်ရှိ ဆိုဒ်များအတွင်းသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် တရုတ်နိုင်ငံသား ၁၅ ဦး၊ ဘူရွန်ဒီနိုင်ငံသား နှစ်ဦး၊ အိန္ဒိယနိုင်ငံသား နှစ်ဦး၊ ရဝမ်ဒါနိုင်ငံသား တစ်ဦး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား တစ်ဦးနှင့် ယူဂန္ဒာနိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၂၂ ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။



အဆိုပါ ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၂၀၀ ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ယင်းတို့အနက်မှ ၁၃၁၁၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံး လုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၀၈၃ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ယင်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

စစ်ဆေးပြီးစီးသည့် ပြည်ပနိုင်ငံသားများအနက် အိန္ဒိယနိုင်ငံသားတစ်ဦးနှင့် နီပေါနိုင်ငံသား တစ်ဦးတို့သည် ပြည်ဝင်ခွင့်ဗီဇာ စည်းကမ်းဖောက်ဖျက်ခဲ့သည့်အတွက် ၁၉၄၇ ခုနှစ်၊ မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော) ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁) အရ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် တရားစွဲဆိုလျက်ရှိကြောင်းနှင့် အခြား အိန္ဒိယနိုင်ငံသားငါးဦးသည် အွန်လိုင်းလိမ်လည်မှုလုပ်ငန်း ကျူးလွန်ခဲ့သည့်အတွက် ပထမအကြိမ် ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ပြီး အမည်မဲစာရင်း ရေးသွင်းထားစဉ်ကာလအတွင်း မြန်မာနိုင်ငံအတွင်းသို့ ဒုတိယအကြိမ်ပြန်လည်ဝင်ရောက်ခဲ့သည့်အတွက် ၂၀၂၅ ခုနှစ် အောက်တိုဘာ ၆ ရက်တွင် အမှုဖွင့်တိုင်ကြားခဲ့ပြီး ပြစ်မှုထင်ရှားသဖြင့် လူဝင်မှုကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၄(၂)/ ၁၃ (၁)အရ အလုပ်နှင့် ထောင်ဒဏ် ငါးနှစ်အားလည်းကောင်း၊ ၁၅(၂)အရ အလုပ်နှင့် ထောင်ဒဏ် သုံးနှစ်အားလည်းကောင်း သီးခြားစီ ကျခံစေရန် ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်တွင် အမိန့်ချမှတ်ထားပြီးဖြစ်သည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာ နိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ ကြက်၊ ဘဲ၊ ငုံးခြံများတွင် အဆိုပါရောဂါ ကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ဇီဝလုံခြုံမှုကို စနစ်တကျ မြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ကြက်၊ ဘဲ၊ ငုံး မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊

(၂) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(၃) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူနှင့် ယာဉ်အဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊

(၄) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက် ကောင်းမွန်စေရေးဆောင်ရွက်ရန်၊

(၅) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက ပါးစပ်နှင့် နှာခေါင်းစည်း၊ လက်အိတ် စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊

(၆) ကြက်၊ ငှက်များကို ကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံး မွေးမြူရေးခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊

(၇) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊

(၈) ကြက်၊ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**




## ရန်ကုန်-ပြည်လမ်းမှ ကျီးပင်အင်း-သင်တောရိုး ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းသစ်ဖွင့်

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး အစိုးရအဖွဲ့ ဘဏ္ဍာရန်ပုံငွေ/ပြည်ထောင်စု အထွေထွေပိုလျှံရန်ပုံငွေ Quick Win ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော ရန်ကုန်-ပြည်လမ်းမှ ကျီးပင်အင်း-သင်တောရိုးသို့သွားသည့် ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အဆိုပါလမ်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်သည်။



မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက အဆိုပါလမ်း ဆောင်ရွက် ပြီးစီးပြီဖြစ်၍ကျေးရွာ သုံး ရွာ၊ လူဦးရေ ၂၆၀၀ ကျော်နှင့် ယင်းဒေသရှိ လယ်ယာထွက်ကုန် စီးဆင်းမှုများကို များစွာ အထောက်အကူပြုကြောင်း သိရသည်။ **ဝတ်ရည်(ပြန်/ဆက်)**

## မွန်ပြည်နယ်အစိုးရအဖွဲ့က စီမံခန့်ခွဲလျက်ရှိသော ဥပဒေများအား ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေး အပြီးသတ်လုပ်ငန်းညှိနှိုင်းစည်းဝေး

**မော်လမြိုင် ဖော်ဖော်ဝါရီ ၁၁**

မွန်ပြည်နယ် အစိုးရအဖွဲ့က စီမံခန့်ခွဲလျက်ရှိသော ဥပဒေများအား ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေး အပြီးသတ်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က မွန်ပြည်နယ်ဥပဒေချုပ်ရုံး၌ ပြုလုပ်သည်။

အစည်းအဝေးတွင် မွန်ပြည်နယ် ဥပဒေချုပ် ဦးမြင့်အောင်က မွန်ပြည်နယ်အစိုးရအဖွဲ့က စီမံခန့်ခွဲလျက်ရှိသော ဥပဒေများအနက် လတ်တလော ပထမဦးစားပေး ပြင်ဆင်ရန် လိုအပ်သည့် ဥပဒေငါးခုအား ပြင်ဆင်နိုင်ရေးအတွက် အဆင့်ဆင့်ဆောင်ရွက်လျက်ရှိမှုတို့ကို ပြောကြားပြီး အစည်းအဝေးတက်ရောက်လာသူများက ဌာနအလိုက် ကိုင်တွယ်ကျင့်သုံးလျက်ရှိသည့် ဥပဒေများနှင့် စပ်လျဉ်း၍ ပြင်ဆင်ရန် လိုအပ်မှုအခြေအနေများကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဥပဒေချုပ်က သိလိုသည်များကို မေးမြန်း၍ ပြန်လည် ရှင်းလင်းဆွေးနွေးသည်။



အစည်းအဝေးသို့ ဥပဒေများ ပြင်ဆင်ရန်တင်ပြထားသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်နယ်ဥပဒေအရာရှိနှင့် ပြည်နယ်ဥပဒေချုပ်ရုံးမှ ဥပဒေအရာရှိများ တက်ရောက်ကြသည်။ **စည်သူ(ပြန်/ဆက်)**

## စီမံကိန်းသီးနှံ နွေစပါး ပန်းတိုင်အထွက်နှုန်းပြည့်မီစေရေး အသိပညာပေးဆွေးနွေး

**ညောင်ရွှေ ဖေဖော်ဝါရီ ၁၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် အင်းလေးဒေသ သလဲဦးကျေးရွာအုပ်စု သလဲဦး ကျေးရွာ ရောင်နီဦး စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းနှင့် လွယ်မောကျေးရွာ ရွှေမင်းသား လယ်ယာနှင့် အထွေထွေ သမဝါယမအသင်းတို့မှ အသင်းသားတောင်သူများ၏အသင်းသား ပိုင်လယ်မြေများတွင် စီမံကိန်း သီးနှံ နွေစပါးစိုက်ပျိုးခြင်းနှင့် ပတ်သက်၍အသိပညာပေးဆွေးနွေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါသမဝါယမအသင်း ဥက္ကဋ္ဌများ၏နေအိမ်၌ ပြုလုပ်သည်။



ဦးစွာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမြင့်ထွန်းက သွင်းအားစုများ ပံ့ပိုးပေးမည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး ဆုလာဘ်စိုက်ပျိုးရေး တာဝန်ခံ ဦးကျော်ဇင်အောင်က ဆောင်းနေကြာ၊ နွေစပါး အထွက်တိုး အောင်မြင်စေရေး ဆောင်ရွက်သင့်သည့် နည်းလမ်းများ၊ မြေဩဇာ၊ ရွက်ဖျန်းအားဆေးများ အသုံးပြုခြင်းနှင့် ပတ်သက်၍ ဆွေးနွေးခဲ့သည်။ **စိုင်းအယ်ဘဲ**

## တနင်္သာရီတိုင်းဒေသကြီး ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ရွေးချယ်တင်မြှောက်

**ထားဝယ် ဖေဖော်ဝါရီ ၁၁**

တနင်္သာရီတိုင်းဒေသကြီး ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်း (၂၀၂၅-၂၀၂၈) သက်တမ်း ရွေးချယ်တင်မြှောက်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၉ နာရီခွဲက ထားဝယ်မြို့ ထားဝယ်ဟိုတယ် မင်္ဂလာခန်းမ၌ ကျင်းပသည်။

ဦးစွာ တနင်္သာရီတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သိန်းဇော်မြင့်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ၊ တနင်္သာရီတိုင်းဒေသကြီး ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ရွေးချယ်တင်မြှောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးငွေးမိုးက မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ လေ့လာစောင့်ကြည့် သုတေသနလုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားကာ တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးစိုးဦးက တိုင်းဒေသကြီးအတွင်း စားအုန်းဆီ တင်သွင်းဖြန့်ဖြူး လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။

**ရွေးချယ်ဖွဲ့စည်းခဲ့**

ထို့နောက် တနင်္သာရီတိုင်းဒေသကြီး ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းအတွက် စီမံခန့်ခွဲမှု ကော်မတီဝင်များ၊ အလုပ်အမှုဆောင်၊ ဗဟိုအလုပ်အမှုဆောင်များအား ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြကြောင်း သိရသည်။ **ကျော်ဆန်းမြင့်**

## ကွန်အော်ရေတံခွန်သွားလမ်း ကတ္တရာလမ်းသစ်ဖွင့်

**ကွန်ဟိန်း ဖေဖော်ဝါရီ ၁၁**

(၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့နယ် မြို့မကျေးရွာအုပ်စု ကွန်အော်ရေတံခွန်သွားလမ်း (၀/၂.၅)မိုင် ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက အဆိုပါ လမ်းသစ်အဝင်မုခ်ဦး၌ ကျင်းပရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်က တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ ကွန်အော်ရေတံခွန်သွားလမ်း(၀/၂.၅)မိုင် ကတ္တရာလမ်းသစ်ကို ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၁၃၂ ဒသမ ၂၃၇ သန်းဖြင့် အရှည် (၀/၂.၅)မိုင်၊ အကျယ် ၁၂ ပေဖြစ်ပြီး မြင့်မြတ်ခြယ် ကုမ္ပဏီက တာဝန်ယူ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးခြင်းဖြစ်ကြောင်း သိရသည်။ **ခွန်ရဲထွေး**



## ရေနည်းသတိပေးမှတ် ၁၀၀ စင်တီမီတာအောက်သို့ ရောက်ရှိနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ချင်းတွင်းမြစ်ရေသည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ မုံရွာမြို့တွင် ၁၀၅ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက် သုံးရက်အတွင်း ယင်းမြို့၏ ရေနည်းသတိပေးမှတ် ၁၀၀ စင်တီမီတာအောက်သို့ ရောက်ရှိနိုင်သည်။

**မိုး/ဇလ**



ငဖဲမြို့မ စည်ပင်သာယာဈေးကြီးတွင် မီးဘေးလုံခြုံရေး စစ်ဆေးခြင်းကို ဖေဖော်ဝါရီ ၁၁ ရက်က မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးကျော်စိုး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မော်မော်လွင်နှင့်ဝန်ထမ်းများ၊ စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးနိုင်လင်းဦး၊ မြို့နယ်လျှပ်စစ်မှူး ဦးအောင်ကျော်မင်းနှင့် ပူးပေါင်းအဖွဲ့က မြို့မဈေးအတွင်း ဆိုင်ခန်းများအား မီးဘေးလုံခြုံရေး အသိပညာပေးပြီး မီးငြိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြလေ့ကျင့်စဉ်။ မြို့နယ်(ပြန်/ဆက်)



## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၁၄)
## ပြည်ထောင်စုတရားလွှတ်တော်ချုပ်
## ၂၀၂၅ ခုနှစ်၊ တရားမအယူခံမှုအမှတ်-၁၀၁၄

ITD Cemenatation India Limited Myanmar Branch (၎င်း၏တာဝန်ပေးအပ်ခြင်းခံရသူ Mr.Dibakar Ray) နှင့် ၁။ CEA Projects Co.,Ltd (တာဝန်ပေးအပ်ခြင်းခံရသူ ဦးသန်းနိုင်)
၂။ HSL MYANMAR LIMITED

အယူခံတရားလို — အယူခံတရားပြိုင်များ

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ ၂၀၂၃ ခုနှစ်၊ တရားမပထမ အယူခံမှုအမှတ် ၄၃၉ ၏ ၂၀၂၅ ခုနှစ်၊ ဇူလိုင် လ ၂၅ ရက်စွဲပါ ဒီကရီကို အယူခံမှု။

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ကမ္ဘာအေးဘုရားလမ်း၊ ပုလဲကွန်ဒို၊ တိုက်-ဘီ၊ မြေညီထပ်၊ အမှတ် (G-18) နေ အမှတ်(၁) အယူခံတရားပြိုင် CEA Projects Co;Ltd (တာဝန်ပေးအပ်ခြင်းခံရသူ ဦးသန်းနိုင်) နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း) (၁၈/က)ရပ်ကွက်၊ အောင်ဇေယျလမ်း၊ အမှတ် (၁၇၁) နေ အမှတ် (၂) အယူခံတရားပြိုင် HSL MYANMAR LIMITED (ယခုလိပ်စာမသိသူများ) သိစေရမည်။

ယခုအမှုတွင် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က ချပေးသည့် ဒီကရီကို အထက်အမည်ပါ အယူခံတရားလိုက အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၆ ခုနှစ်၊ မတ်လ ၃ ရက် (၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ချိန်းဆိုထားသည့်အချိန်အတွင်း သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာ တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နန်းဇင်မင်းထက်)
လက်ထောက်ညွှန်ကြားရေးမှူး
တရားမတရားစီရင်ရေးဌာန
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

## ဖခင်အမည်မှန်

တာချီလိတ်မြို့၊ ပညာပန်းခိုင် ကိုယ်ပိုင်မူလတန်းကျောင်း Grade - 5 (C) မှ မယမင်းရွှေစင်ထက်၏ ဖခင်အမည်မှန်မှာ ဦးစိုးမြင့်ထွန်း ၁၂/ဥကတ(နိုင်)၁၅၈၈၈၆ ဖြစ်ပါကြောင်း။ **ဦးစိုးမြင့်ထွန်း**

## ဖခင်အမည်မှန်

ရမည်းသင်းမြို့၊ ရွှေစည်းခုံရပ်ကွက်မှ ဦးစိုးမြင့် ၉/တကန(နိုင်) ၀၀၉၉၈၆၏ ဖခင်အမည်မှန်မှာ ဦးယုံ(ခ) ဦးရုံ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၅)၊ လှူနေရပ်ကွက်အမှတ် (၂၅)၊ ရွှေနှင်းဆီ(၆)လမ်း၊ မြေကွက်အမှတ် (၃၁၄)၊ မြေကွက်အမှတ် (၃၁၄)၊ အမှတ် (၂၉)၊ အကျယ်အဝန်း( ပေ၄၀x ပေ ၆၀)၊ စတုရန်းပေ(၂၄၀၀)၊ ကေ(၀.၀၅၅) ရှိ ဒေါ်ခင်သန်းနွဲ့ (AA-049024)အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်အနက်မှ မြေကွက်အမှတ် (၃၁၃)နှင့် ကပ်လျက်ရှိပြီး တရားဝင်မခွဲမစိတ်ရသေးသော အကျယ်အဝန်း(ပေ၂၀x ပေ၆၀)ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

အထက်ပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဖော်ပြပါအမည်ပေါက်သူထံမှ ဦးညဏ်ဝင်း(၁၂/တတန(နိုင်) ၀၁၆၄၈၄)က ဝယ်ယူခဲ့ပြီး ၎င်းကွယ်လွန်၍ဇနီးဖြစ်သူ ဒေါ်ရီရီငွေ(၁၂/တတန (နိုင်)၀၁၆၄၈၅)ကမိမိတစ်ဦးတည်းဆက်ခံပိုင်ခွင့်ရှိပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်မာကြည် (၉/နထက(နိုင်)၀၈၈၈၀၄)က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်း များဖြင့် ယနေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်မာကြည်၏ လွှဲအပ်ညွှန်ကြားချက်အရ -
ဦးတင်ကိုလှိုင်
တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၉၆၀၉) (LL.B, DIPL)
အမှတ် (၄၄၈/ခ)၊ မင်းခေါင်လမ်း၊ (၇၀) ရပ်ကွက်၊
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း - ၀၉- ၂၅၀ ၉၇၁၇၂၉၊ ၀၉- ၇၅၈၁၄၉၉၇၃

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့နယ်၊ ဥဿာ (၈) ရပ်ကွက်၊ မြေတိုင်းအမှတ် (၂၃^A)၊ မြေကွက်အမှတ် (၁၅၈၅)၊ မြေရေိယာ (၀ဒသမ၁၈၄) ကေရှိ မြေအား ဗိုလ်မှူးကြီးမျိုးမင်းမှ အသစ် မြေငှားဂရန် လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ပဲခူးမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက် လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေး
ဦးစီးဌာန၊ ပဲခူးမြို့

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့နယ်၊ ဥဿာ (၇) ရပ်ကွက်၊ မြေတိုင်းအမှတ် (၂)၊ မြေကွက်အမှတ် (A၄၇+A၄၈+A၄၉+A၅၀)၊ မြေရေိယာ (၀ဒသမ၂၂၀)ကေရှိ မြေအား ဦးငြိမ်းချမ်းအောင်မှ အသစ် မြေငှားဂရန် လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း) များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ပဲခူးမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေး
ဦးစီးဌာန၊ ပဲခူးမြို့

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ အမှတ် (၈) ရပ်ကွက်၊ မြေတိုင်းအမှတ် (၂၄)၊ မြေကွက်အမှတ် (၆၅)၊ မြေရေိယာ (၀ဒသမ၀၅၅) ကေရှိ မြေအား ဒေါ်ဝင်းကြည် (ဦးတင်ကြိုင် (ခ) ဦးရဲဘော်ကွယ်လွန်၏သမီး)မှ မြေငှားဂရန်အသစ် လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား (မူရင်း) များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ပဲခူးမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန်အသစ် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ပဲခူးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဇေယျာသီရိခရိုင်၊ ဇေယျာသီရိမြို့နယ်၊ နန်းသြကျေးရွာအုပ်စု၊ ကွင်းအမှတ် (၁၅၄၇)၊ (နန်းသြမြောက်ကွင်း)၊ ဦးပိုင်အမှတ် (၅၁/၁)ရှိ "စက်သုံးဆီအရောင်းဆိုင်မြေနေရာ”အဖြစ် အသုံးပြုရန်အတွက် နေပြည်တော်ကောင်စီ မှ(၁၉-၁၁-၂၀၁၃)ရက်စွဲပါစာအမှတ်၊၂/၂-၂၈/ဦး ၁(၅၁၆၉)ဖြင့် လယ-၃၀(ခ)ခွင့်ပြုမိန့်ရရှိပြီးသော မြေရေိယာ(၁.၀၀)ကေအား စက်မှု/စီးပွားမြေငှားဂရန် ခွင့်ပြုချထားပေးနိုင်ပါရန် ဦးသက်လွင်(ဘ)ဦးစိန်မောင် ၇/ဝမန(နိုင်)၁၀၅၈၃၂မှ လျှောက်ထားမှုနှင့် ပတ်သက်၍ ကြေညာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် လာရောက်ကန့်ကွက်လာမှုမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်သည်။

**ဇေယျာသီရိမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ဘောဂဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက် အမှတ် (၄၅၄၈)၊ ရေိယာ(၀.၀၅၅)ကေရှိ ဦးကြည်ဆောင် အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်နီနီခိုင် ၁၂/မဂဒ(နိုင်) ၁၂၆၁၅၄ မှ အရောင်းအဝယ်စာချုပ်၊ ပိုင်ဆိုင်ကြောင်းကျမ်းကျိန်ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး အဆောက်အအုံ ဆောက်လုပ်ခွင့်တင်ပြရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ အောင်ဇေယျရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၀/သတိုးမင်းစော၊ ဦးပိုင်အမှတ်(၁၀၃)၊ ရေိယာ(၀ဒသမ၁၂၆) ကေအား ဒေါ်ယွန်းပြည့်အောင်အောင် (ဘ)ဦးတင်အောင်ကျော် ၉/တကန (နိုင်)၂၃၂၇၀၇ မှ တပ်ကုန်းမြို့နယ် မြေစာရင်းဦးစီးဌာနထောက်ခံချက်၊ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ် (၂၅၃၁/၂၀၂၅)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စု လူဦးရေစာရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ (၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၂/မန္တဟာ၊ ဦးပိုင်အမှတ် (၂၇)၊ ရေိယာ (၀.၁၈၉)ကေအနက်မှ ရေိယာ (၀.၀၈၆)ကေအား ဦးအောင်မျိုးလှိုင်၊ ဒေါ်ခင်မျိုးထက် (ဘ)ဦးလှဟန်၊ ဦးညွန့်မောင် ၉/တကန(နိုင်)၀၃၂၉၈၅၊ ၉/တကန(နိုင်)၁၂၈၅၃၈မှ တပ်ကုန်းမြို့နယ် မြေစာရင်းအင်းဦးစီးဌာန ထောက်ခံချက်၊ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ အမှတ် (၁၆၂၄/၂၀၂၅)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း များတင်ပြပြီး ဦးပိုင်ခွဲမြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့် ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ် ကာလအတွင်း ကန့်ကွက်မှုမရှိပါကဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဦးပိုင်ခွဲ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/မန္တဟာ၊ ဦးပိုင်အမှတ် (၂၇)၊ ရေိယာ(၀ဒသမ၁၈၉)ကေအနက်မှ ရေိယာ (၀ဒသမ၁၀၃) အား ဒေါ်ဖြိုးဖြိုးအောင် ၉/တကန(နိုင်) ၀၈၄၀၇၀၊ ဒေါ်မိုးမိုးအေး ၉/တကန(နိုင်)၂၀၃၇၉၀၊ ဒေါ်နီနီအေး၉/တကန (နိုင်) ၂၁၃၉၂၉ (ဘ)ဦးကျော်ဆွေတို့မှ တပ်ကုန်းမြို့နယ် မြေစာရင်းအင်းဦးစီးဌာန ထောက်ခံချက်၊ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ် (၁၆၂၃/၂၀၂၅)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းများတင်ပြပြီး ဦးပိုင်ခွဲမြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဦးပိုင်ခွဲမြေငှားစာချုပ် လျှောက် ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၄၈၁၃၄ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၂ဟ/၃၆၉၂ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ မင်္ဂလာသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/သီရိရတနာရှိ ဦးစိန်ဝင်း (ဘ) ဦးဘွန်ကွန်း(ခ)ဦးမြင့်ထွန်း ၁၂/တမန(နိုင်) ၀၇၆၂၃၅ အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ် မြေကွက်အမှတ်(၁၂၈)၊ ရေိယာ (၀.၄၅၉) ကေအား အမည်ပေါက်သူမှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဦးဇာနည်အောင်မျိုးထွေး(ခ)အောင်မျိုးဟိန်း (ဘ) ဦးသိန်းလှ ၉/မနမ(နိုင်)၀၀၆၀၃၀ နှင့် မှတ်ပုံတင်အရောင်း အဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် အသိပေးကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်အုပ်စု၊ ပန်းခင်းလမ်းပေါ်တွင် ဖွင့်လှစ်ထားသော “ဦးသာရ- ဒေါ်စန်းရီ” သမီး "SHWE" Gold & Jewellery Shop ၏ ပိုင်ရှင်များဖြစ်သူ ဒေါ်ကြည်သာရီ ၉/ပမန(နိုင်)၁၉၈၀၄၉ နှင့် ဒေါ်မြတ်ဝေလွင် ၉/ပမန(နိုင်)၁၈၅၅၀၅ တို့၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ကြည်သာရီနှင့် ဒေါ်မြတ်ဝေလွင်တို့သည် အထက်ဖော်ပြပါလိပ်စာတွင် “ဦးသာရ-ဒေါ်စန်းရီ” သမီး ” SHWE" Gold & Jewellery Shop အား (၂၀၂၂)ခုနှစ် ခန့်ကတည်းက တရားဝင်လိုင်စင် ပြုလုပ်၍ ဖွင့်လှစ်ရောင်းချနေသည်မှာ ယနေ့အချိန်ထိဖြစ်ပါသည်။ “ဦးသာရ-ဒေါ်စန်းရီ” သမီး " SHWE" Gold & Jewellery Shop အား ဆိုရှယ်မီဒီယာများနှင့် လူမှုကွန်ရက်ပေါ်တွင် ဂုဏ်သိက္ခာများ ထိခိုက်စေရန်ရည်ရွယ်၍ ပြောဆိုရေးသားမှုများရှိခဲ့ရာ ကျွန်ုပ်တို့မိတ်ဆွေများအနေဖြင့် ဂုဏ်သိက္ခာများ ထိခိုက်ကျဆင်းမှု ရှိခဲ့ပါသည်။

တရားပြိုင် ဗိုလ်ကြီးသန်းထွန်း သင့်အပေါ်၌ တရားလို ဒေါ်အေးငြိမ်းငြိမ်းသန်းက မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ် (ဠ-၁၅)၊ ဦးပိုင်အမှတ်(၇၂)၊ ဧရိယာ(၀.၀၅၅၁)ဧကအကျယ်အဝန်းရှိ ဗိုလ်ကြီး သန်းထွန်း အမည်ပေါက်ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်း အဝယ်စာချုပ်ချုပ်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက် (၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဂျူးဂျူးစံ )**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁)၊ ကွင်း/အကွက်အမှတ်(၁၂/ညံတောအနောက်)၊ ဦးပိုင်အမှတ် (၅၅)၊ မြေဧရိယာ (၀ ဒသမ ဝ၆၂)ကေရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း၊ သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဒေါ်ရွှယ်တောင်မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၈)၊ ကွင်း/အကွက်အမှတ် (အ-၁/ ပဒေသာ)၊ ဦးပိုင်အမှတ် (၁၀၉ - က / ၁၁၀ - က)၊ မြေဧရိယာ (၀ ဒသမ ၀၅၅) ကေရှိမြေကွက်အား မြေငှားဂရန် (ဦးပိုင်ခွဲ၊ အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးအားရှိဖာမှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည် ။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1J/7654 ISUZU D.MAX TFR 86, Pick up(4x2)R Open Cab ယာဉ်လက်ဝယ်ရှိသူ ဦးအောင်စံ ၁၃/လရန(နိုင်)၀၈၅၇၁၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 36W/36382 Honda Scoopyi 110 ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းဦး ၉/မနတ(နိုင်)၀၇၂၄၈၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာ(၇)ရပ်ကွက်၊ မြေတိုင်းအမှတ်(၂) မြေကွက်အမှတ် (A၂၀+A၂၄+A၂၁+A၂၆)၊ မြေဧရိယာ (၀ ဒသမ ၂၂၀) ကေရှိမြေအား ဦးတင်မျိုးအောင်မှ အသစ်မြေငှားဂရန် လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ပဲခူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန**
**ပဲခူးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့နယ်၊ ဥဿာ (၇) ရပ်ကွက်၊ မြေတိုင်း အမှတ်(၂)၊ မြေကွက်အမှတ် (A၅၁)၊ မြေဧရိယာ (၀ ဒသမ ၀၅၅) ဧကရှိ မြေအား ဦးငြိမ်းချမ်းအောင်မှ အသစ် မြေငှားဂရန် လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား (မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန**
**ပဲခူးမြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၀)၊ ကွင်း/အကွက်အမှတ် (၃/ပဒေသာ)၊ ဦးပိုင်အမှတ် (၂၀၅)၊ မြေဧရိယာ (၀ ဒသမ ၁၁၀) ကေရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးခင်မောင်သိန်းမှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက် နိုင်ပါကြောင်း ကြေညာအပ်ပါသည် ။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁)၊ ကွင်း/အကွက်အမှတ် (၁၁/တံတားဦးအရှေ့)၊ ဦးပိုင်အမှတ် (၂၁-ဃ )၊ မြေဧရိယာ (၀ ဒသမ ၁၁၀) ကေရှိ မြေကွက်အား မြေငှားဂရန် (ဦးပိုင်ခွဲ၊ အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးကံရှား(ခ) ပူရ်နားဗဟာဒူးမှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၂)၊ ကွင်း/အကွက်အမှတ် (၂၈/ သုမင်္ဂလာရပ်)၊ ဦးပိုင်အမှတ် (၁၆-က )၊ မြေဧရိယာ (၀ ဒသမ ၁၀၅) ကေရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း၊ သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဦးစိုင်းလှမှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည် ။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၈)၊ ကွင်း/အကွက်အမှတ် (အ-၁/ပဒေသာ)၊ ဦးပိုင်အမှတ် (၁၀၉-ခ၊ ၁၁၀-ခ)၊ မြေဧရိယာ(၀ ဒသမ ၀၅၅)ကေရှိ မြေကွက်အား မြေငှားဂရန် (ဦးပိုင်ခွဲ ၊ အမည်ပြောင်း ) လျှောက်ထားနိုင်ရေး ဦးကျော်စိုးသိန်း မှ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့် ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၆)၊ ကွင်း/အကွက်အမှတ် ( RA - VI / ကွက်ပြင်-၆ ) ၊ ဦးပိုင်အမှတ် (၆ က/၁၁၀) ၊ မြေဧရိယာ(၀ ဒသမ ၁၁၀) ကေရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်ဝင်းဝင်းအေးမှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူ များရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ပါသည်

မန္တလေးတိုင်းဒေသကြီး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ရောင်းချသော၊ မြရည်နန္ဒာအိမ်ရာမှ၊ အကွက်အမှတ် (မမ-၁၆)၊ တိုက်အမှတ် (၁၇)၊ အခန်း (၂၀၂)၊ ဒုတိယထပ်ရှိ ဒေါ်ဝေလွင်အောင် ၇/ညလပ(နိုင်)၁၈၁၁၈၇ အမည်ပေါက် တိုက်ခန်းအား ကျွန်ုပ်၏မိတ်ဆွေဒေါ်နန်းမြင့် (ဘ)အောင်သန်း ၉/မရတ (နိုင်)၀၅၃၃၆၅ မှ အထွေထွေကိုယ်စားလှယ်လွှဲစာ၊ အရောင်းအဝယ်စာချုပ်တို့ဖြင့် အပြီးအပိုင်ဝယ်ယူခဲ့ပြီး ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးဘဏ်(မန္တလေးဘဏ်ခွဲ) သို့ တိုက်ခန်းတန်ဖိုးငွေများအားလုံးကို ကျွန်ုပ်၏ မိတ်ဆွေမှ အပြေအကျေပေးဆပ်ခဲ့ပြီးဖြစ်ပါသဖြင့် အဆိုပါ တိုက်အခန်း၏ အမည်ပေါက် စာအုပ်မူရင်းအားထုတ်ယူရန်အတွက် မန္တလေးမြို့၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသို့ လျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဌာနသို့ဖြစ်စေ၊ ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု မရှိပါက ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နန်းမြင့်၏လွှဲအပ်ချက်အရ-**
**ဒေါ်ဝေဝေအောင်(LL.B)**
**(တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၀၇၂)**
**ဖဖ-၃/၄၀၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း-၀၉-၇၇၂၃၄၅၉၉၁**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၄၉၁၄၇ Honda Wave 110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မေသဇင်စိုး ၆/ထဝန(နိုင်)၁၀၀၇၃၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ယ/၂၆၃၀၈ Honda Dream 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်နွမ် ၆/ထဝန(နိုင်)၀၃၁၁၀၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

## ကချင်ပြည်နယ်၊ ဗန်းမော်မြို့နယ်ရှိ မြို့နယ်သမဝါယမအသင်းစုမှ လေလံလျှောက်လွှာခေါ်ယူခြင်း

ကချင်ပြည်နယ်၊ ဗန်းမော်မြို့နယ်ရှိ မြို့နယ်သမဝါယမအသင်းစု၏ ဗန်းမော်မြို့နယ်၊ မင်းကုန်းရပ်ကွက်၊ ဦးပိုင်အမှတ် (၁၃၇/၁၄၃) ရှိ မြေဧရိယာ (၀ ဒသမ ၁၃၂) ကေ၊ ဦးပိုင်အမှတ်(၁၃၇/၁၄၄)ရှိ မြေဧရိယာ (၀ ဒသမ ၁၈၇) ကေ၊ စုစုပေါင်းမြေဧရိယာ (၀ ဒသမ ၃၁၉) ကေအား အောက်ဖော်ပြပါအစီအစဉ်အတိုင်း လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-

| | |
|---|---|
| **လေလံလျှောက်လွှာရောင်းချမည့်ရက်** | - ၁၂-၂-၂၀၂၆ ရက်မှ ၁၈-၂-၂၀၂၆ ရက်ထိ နံနက်(၀၉:၀၀)နာရီမှ ညနေ(၁၆:၀၀)နာရီထိ |
| **လေလံလျှောက်လွှာပိတ်သိမ်းရက်** | - ၁၈-၂-၂၀၂၆ ရက် ညနေ(၁၆:၀၀)နာရီထိ |
| **လေလံတင်ရောင်းချမည့်ရက်** | - ၁၉-၂-၂၀၂၆ ရက် နံနက်(၁၀:၀၀)နာရီ |
| **လေလံလျှောက်လွှာများရောင်းချမည့် နေရာ** | - ကချင်ပြည်နယ်သမဝါယမအသင်းစုချုပ်ရုံး၊ မြန်မာ့လေကြောင်းဘေး၊ ရောရပ်ကွက်တွင် ဝယ်ယူနိုင်ပါသည်။ |
| **ဆက်သွယ်ရန်ဖုန်းနံပါတ်** | - ၀၉-၂၆၄၅၉၄၂၂၉၊ ၀၉-၄၀၂၁၀၀၅၉၄ |

**လေလံတင်ထုခွဲရောင်းချရေးအဖွဲ့**
**မြို့နယ်သမဝါယမအသင်းစု**
**ဗန်းမော်မြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## ( တရားမကျင့်ထုံးဥပဒေ အမိန့် -၅၊ နည်းဥပဒေ - ၂၀ )
## ကျောက်တန်းမြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၇

ဦးရဲလင်းနိုင် **နှင့်** ဒေါ်သူဇာဝင်း
**( တရားလို )** **( တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ညောင်ဝိုင်းကျေးရွာနေ တရားပြိုင် ဖြစ်သော ဒေါ်သူဇာဝင်း (ယခု နေရပ်လိပ်စာ မသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှုနှင့် လက်ထပ်ပွား ပစ္စည်းအားလုံးရလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်ဆက်စပ်၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် ဆက်စပ်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်(၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်) မွန်းမတည့်မီ နံနက် (၁၀:၀၀) နာရီတွင် အထက်အမည်ပါ ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန်ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ယင်းငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုရန်လိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင်ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄) ရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**( သက်ထားဆု )**
**မြို့နယ်တရားသူကြီး**
**ကျောက်တန်းမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ လောဓမ္မရပ်ကွက်၊ ပြည်ထောင်စုလမ်းမကြီး၊ အိမ်အမှတ် ၃၁၊ မြေပေအကျယ်(၇၀' x ၆၀')နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထား အမည်ပေါက်ပိုင်ဆိုင်သူမှာ ဦးတိုးချစ်ဖြစ်ပြီး (ဦးတိုးချစ်) ကွယ်လွန်ပြီးနောက် ၎င်း၏တရားဝင်ဇနီး ဖြစ်သူ ဒေါ်ခင်ပြုံးမြင့် ၁/မမန(နိုင်)၀၂၉၄၅၄ မှ ဆက်ခံရရှိလက်ရှိထားနေထိုင်လျက်ရှိပါသည်။ ကွယ်လွန်သူ (ဦးတိုးချစ်) အမည်ပေါက်မှ တရားဝင်ဇနီးဖြစ်သူ ဒေါ်ခင်ပြုံးမြင့် အမည်ပေါက်ပြောင်းလဲမည်ဖြစ်သောကြောင့် ကန့်ကွက်လိုသူရှိက ဤကြေညာစာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သက်မှတ်ရက်ကျော်လွန်ပြီး ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်ပြုံးမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိအိခိုင် (LLB) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၁၉၃)**
**ခကန-၃၁၃(က)၊ (၄)လမ်း၊ နမ့်ကွတ်ရပ်ကွက်**
**လွိုင်ကော်မြို့၊ ဖုန်း-၀၉-၆၈၀၇၀၂၃၄၅**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5W/63337 Jialing ယာဉ်လက်ဝယ်ရှိသူ ဦးမြတ်ကိုကို ၉/အမဇ(နိုင်)၀၃၁၉၅၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/21363 Canda-125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သူဇာ ၉/ခမစ(နိုင်)၀၁၇၆၃၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## မိဘအမည်မှန်

မြစ်ကြီးနားမြို့၊ အမက(၈)၊ Grade-5 မှ မကွာဆာရာ၏ မိဘအမည်မှန်မှာ ဦးကယ်ဆီးအု ၁/ဆလန(နိုင်)၀၀၁၄၄၉ နှင့် ဒေါ်အားချာ ၁/ဆလန(နိုင်)၀၀၁၄၄၇ ဖြစ်ပါသည်။

## မိဘအမည်မှန်

မချမ်းဘောမြို့နယ်၊ နမ်ဆဘွမ် ကျေးရွာနေ မနောမာဆဲ ၁/မခဘ (နိုင်)၀၁၃၄၀၃ ၏ မိဘအမည်မှန်မှာ ဦးဖူရဲဒွေ့ ၁/မခဘ(နိုင်) ၀၀၇၃၅၅ နှင့် ဒေါ်ငွါးဆာရာ ၁/နမန (နိုင်)၀၀၃၉၂၉ ဖြစ်ပါသည်။

## အမည်မှန်

ဦးစိုးမိုးအောင်၏သမီး မြစ်ကြီးနားမြို့၊ ရာပြည့်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-3 မှ မမိုးဝသန်၏ အမည်မှန်မှာ မသဇင် ဖြစ်ပါသည်။

## အမည်ပြောင်း

ဦးဇော်ဇော်အောင်၏ သမီး ဝိုင်းမော်မြို့နယ်၊ အထက (မိုင်းနား)၊ Grade-2 မှ မဇေရီဇော်အား မသိမ့်ရွှေစင်ဖြိုးဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၂ဟ/၃၇၁၄ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1U/9487 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာ(၄)ရပ်ကွက်၊ မြေတိုင်းအမှတ်(၁၃)၊ မြေကွက်အမှတ်(၁၄၉)၊ မြေဧရိယာ (၀ ဒသမ ၀၆၂) ကေရှိ မြေအား ဒေါ်ဆုပွင့်ဖြူမိုးမှ ဂရန်အမည်ပြောင်း၊ သက်တမ်းတိုး မြေငှားဂရန် လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင် ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက ဒေါ်ဆုပွင့်ဖြူမိုး မြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန**
**ပဲခူးမြို့**

## လှိုက်လှဲစွာ ကျေးဇူးအထူးတင်ရှိပါကြောင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကံဘဲ့စည်ပင်အိမ်ရာ၊ အခန်း (၀၀၁) နေ ဗိုလ်ကြီးမြင့်သိန်း(ငြိမ်း) (၇၂) နှစ် ဒုတိယဌာနမှူး(ငြိမ်း) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ၃-၂-၂၀၂၆ ရက် (အင်္ဂါနေ့) ည (၉:၃၀) နာရီတွင် နေအိမ်၌ (၉၆) ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် နာရေးကိစ္စအဝဝကို အဘက်ဘက်မှ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြသော ရပ်နီးရပ်ဝေးမှ မိတ်ဆွေ သင်္ဂဟအပေါင်းတို့အား လှိုက်လှဲစွာ ကျေးဇူးအထူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးသန်းလှိုင်(ခ)ဦးသန်းနိုင်
## မိဘမေတ္တာ သံပန်း၊ သံတံခါး
## အသက်(၅၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်၊ ညောင်လန်းကုန်းကျေးရွာနေ၊ (ဦးကျော်မြင့်-ဒေါ်သန်းနု)တို့၏သားကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ညဘာလမ်း၊ အမှတ်(၇၀)နေ ဦးထွန်းနိုင်-ဒေါ်ငွေငွေဝင်း၊ ဦးငယ်လေး-ဒေါ်ခင်ဝင်း၊ ဦးဇော်ဝင်း-ဒေါ်ဝင်းဝင်းမော်တို့၏ အစ်ကိုကြီး၊ မောင်သုတဇော်၊ မောင်ထက်အောင်ရှိုင်း တို့၏ ဖခင်၊ ဒေါ်မြတ်မြတ်ထွေး၏ ချစ်လှစွာသော ခင်ပွန်း ဦးသန်းလှိုင် (ခ)ဦးသန်းနိုင် သည် ၁၀-၂-၂၀၂၆ရက် (အင်္ဂါနေ့) နံနက် ၉:၂၈နာရီတွင် ကွယ်လွန်သွားပါ၍ ကြွင်းကျန်သော ရုပ်ကလာပ်ကို ၁၂-၂-၂၀၂၆ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင် သင်္ဂြိုဟ်မည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၁၃/ချမ်းအေးအရှေ့၊ဦးပိုင်အမှတ်(၃၉ᵉ)၊ ဧရိယာ(၀ဒသမ၂၉)ဧကရှိ ဒေါ်ခင်စန်းကြွယ် (ပါ )၃-ဦး အမည်ပေါက် ဘိုးဘပိုင် မြေကွက်အား ဦးခင်မောင်လှ(ဘ)ဦးလှရွှေ ၉/ပမန(နိုင်)၀၃၂၃၆၉၊ ဒေါ်ယမုံကောင်းသာ (ဘ)ဦးခင်မောင်လှ ၉/ပမန(နိုင်) ၂၄၇၂၄၂ တို့မှ မိသားစုစီမံမှုကတိစာချုပ်၊ အရောင်းအဝယ်စာချုပ်၊ ဝယ်ယူပိုင်ဆိုင်ကြောင်း ကတိသစ္စာပြုလွှာ၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး အဆောက်အအုံ ဆောက်လုပ်ခွင့် တင်ပြရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက် လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက် အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ (၁၅)ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4Q/8152 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ကညန(ရွာသာကြီး)**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်အိမ်ရာစီမံကိန်းအတွင်းရှိ Estella Townhouse၊ တိုက်အမှတ် ( ETH-104 (B))၊ လမ်းအမှတ် (Lane-3)၊ မြေအကျယ် (၁၂၁၀) စတုရန်းပေ မြေကွက်နှင့် ယင်းမြေပေါ်တွင် တည်ဆောက်ထားသော အဆောက်အအုံ အိမ်အကျယ်အဝန်း (၁၂၇၇) စတုရန်းပေနှင့် ယင်းအိမ်အဆောက်အအုံတွင် တပ်ဆင်ထားသော လျှပ်စစ်ပစ္စည်းများ၊ ပိုင်ဆိုင်ခွင့်၊ သုံးစွဲခွင့်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့် ရှိသည်ဟု ဝန်ခံသူဖြစ်သည့် ဒေါ်ယွန်းမြတ်သီရိ (၁၄/ဟသတ(နိုင်)၂၄၆၅၀၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အထိ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ**
**ဒေါ်မြညွန့်, B.A (Law), LL.B တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၂၀)**
**အမှတ်-၁၇/၂၁၊ မြေညီ၊ ၃၅-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း - ၀၉-၄၄၃၀၆၀၂၁၆**

## ကြော်ငြာစာ
## ( အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ )
## အောင်မြေသာစံခရိုင်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် - ၁၃

**ကွယ်လွန်သူ ဦးသိန်းမောင်-ဒေါ်ငွေကြွယ်၏ ကျန်ရစ်သော ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ အုန်းချောကျေးရွာ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးသိန်းမောင်-ဒေါ်ငွေကြွယ်၏ ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့် အကြောင်းနှင့် ဒေါ်တင်မာငွေ က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက် (၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း၊ ၁၁ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးသိန်းမောင်-ဒေါ်ငွေကြွယ်၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက် (၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်)၌ မိမိတို့ ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ် မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်တင်မာငွေ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည် ဖြစ်သည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **(ကေခိုင်မြင့်)**

**ဒုတိယခရိုင်တရားသူကြီး(၂)**
**အောင်မြေသာစံခရိုင်တရားရုံး**

## အများသိစေရန် ကြေညာခြင်း

ဒေါ်ဇင်မိုးသူ ၃/မဝတ(နိုင်)၀၂၃၉၇၀၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။ ဒေါ်ဇင်မိုးသူ၏ ဂုဏ်သိက္ခာကျဆင်းစေရန်၊ အကျိုးစီးပွားများ နစ်နာဆုံးရှုံးစေရန်ရည်ရွယ်၍ မည်သူ တစ်ဦး တစ်ယောက်ကမျှ မှန်ကန်ခြင်းမရှိသော အကြောင်းအရာများကို အခြားသူများထံ ဖြန့်ဝေပြောဆိုခြင်းနှင့် လူမှုကွန်ယက်စာမျက်နှာများ ပေါ်တွင် ဓာတ်ပုံများယူသုံးခြင်း၊ ဂုဏ်သိက္ခာကျဆင်း နစ်နာစေမည့်စကားလုံးများ ပြောဆိုရေးသားခြင်း၊ တစ်ဆင့်ပြန်လည်မျှဝေခြင်း၊ မှတ်ချက်(Comment)များ ဝင်ရောက် ရေးသားခြင်း၊ ပူးပေါင်းပါဝင်ခြင်း၊ ဖြန့်ဝေခြင်းများ လုံးဝ မပြုလုပ်ကြရန်နှင့် ယခုအသိပေးကြေညာချက်အတိုင်း လိုက်နာဆောင်ရွက်ခြင်းမရှိပါက ဥပဒေနှင့် အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဇင်မိုးသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြနှင်းဖြူ အထက်တန်းရှေ့နေ(စဉ်-၅၃၃၀၆)**
**ဖုန်း-၀၉-၆၆၈၇၄၁၅၆၂**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4H/7998 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန (ရွာသာကြီး)**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ မြိတ်တောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂၃၈) တဖက္ကာကွင်း၊ မြေကွက်အမှတ် (၂၀/၃၄၈)၊ မြေဧရိယာ ၀ ဒသမ ၀၂၈ ဧကအား မြေငှားဂရန်အမှုတွဲအမှတ် ၁၃၈/၂၀၂၄-၂၀၂၅ အရ ဒေါ်မွန်မွန်နိုင် အမည်ဖြင့် ရရှိခဲ့ပြီး မူလဂရန်အမည်ပေါက်သူထံမှ အရောင်းအဝယ်စာချုပ် အမှတ်(၂၂၄/၂၀၂၅)ဖြင့် ဦးစိုးမိုးနိုင်၊ ဒေါ်ဇင်မာသက်တို့မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်အား (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးစိုးမိုးနိုင် ၆/မမန(နိုင်) ၁၄၄၈၈၈၊ ဒေါ်ဇင်မာသက် ၆/ရဖန(ပြု)၀၀၀၀၀၅ တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများ ရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့် ရက်မှစ၍ ရက် ၃၀ အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ပျောက်ဆုံးကြောင်း

ဦးရဲဝဏ္ဏအောင် (၁၂/ဥကတ(နိုင်)၁၅၇၇၈၃) သင်္ဘောသားမှတ်ပုံတင်အမှတ် (၇၃၂၄၄) ကိုင်ဆောင်သော (Result Sheet) စာရွက် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း - ၀၉-၇၇၁၀၄၆၆၄၄**

## မူးယစ်ကိုပစ်
## ပန်းတိုင်သစ်
## စိတ်သစ် လူသစ်
## ဘဝသစ်

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၆ယ/၉၈၇၆ဝ ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းထွန်း ၁၀/မလမ(နိုင်) ၂၄၇၂၃၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ကလွင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်-၂၄၁(က) စုံခေါင်းကော်ပတ်တောကွင်း၊ ဦးပိုင်အမှတ် ၁/၂-၃၃(က)၊ မြေဧရိယာ ၀ ဒသမ ၂၁၁ ဧကအား မြေငှာဂရန်အမှုတွဲအမှတ် ၂၈/၂၀၀၀-၂၀၀၁ အရ ဦးကျော်စိုး၊ ဒေါ်နီလာမျိုး အမည်ဖြင့် ရရှိခဲ့ပြီး ၎င်းဧရိယာအနက်မှ မြေဧရိယာ ၀ ဒသမ ၀၅၇ ဧကရှိ မြေကွက်အား မူလဂရန်အမည်ပေါက်သူတို့၏ အထူးကိုယ်စားလှယ်ရရှိသူ ဒေါ်စန်းစန်းယုထံမှ အရောင်းအဝယ်စာချုပ် အမှတ်(၁၅၈/၂၀၂၅)ဖြင့် ဦးမင်းမြတ်၊ ဒေါ်ဆန်းစုယဉ်တို့မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါမြေဧရိယာ ၀ ဒသမ ၂၁၁ ဧကအနက် (၁) အမှတ်ပြမြေဧရိယာ ၀ ဒသမ ၁၅၄ ဧကအား (ခွဲစိတ်) လျှောက်ထားနိုင်ရေး ဦးကျော်စိုး ၆/မအရ(နိုင်)၀၅၅၆၂၈၊ ဒေါ်နီလာမျိုး ၆/မအရ(နိုင်)၀၂၅၆၂၉ တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ရက် ၃၀ အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၇၂၊ မြေကွက်အမှတ်-၅၈၅/ခ၊ ဦးဇော်မင်း အမည်ပေါက် ပါမစ်မြေ အမျိုးအစား ပေ (၂၀x၆၀) ပေါ်ရှိ အမှတ်(၅၈၅/ခ)၊ ရတနာပုံလမ်း၊ (၇၂) ရပ်ကွက် ပေါ်ရှိ မြေကွက်လွတ်အား စာချုပ်အစပ်အဆက်ဖြင့် ပိုင်ဆိုင်ထားသူ ဒေါ်ချယ်ရီစန်း ၆/မအရ(နိုင်)၀၅၅၆၈၂ မှ အရှုပ်အရှင်းကင်းပြီး၊ တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ ဝန်ခံပြောဆိုလာသဖြင့် ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် အဆိုပါမြေကွက်ကို ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှု အထောက် အထားမူရင်းအခိုင်အလုံဖြင့် ကျွန်ုပ်ထံသို့ (၇) ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် အကယ်၍ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အေးအေးငြိမ်း LL.B, D.B.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၄၃၁/၁၂)**
**အမှတ်(၁၅၃/က)၊ ဝေပုလ္လ(၄)လမ်း၊ (ဃ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- ၀၉-၄၃၀၆၇၄၈၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ အ. စ. လမှတ်ပုံတင်လက်မှတ် - အစ ၉ (၃၀၀၉၈) ဖြင့် “ဘိုဂီ ရှယ်ပဲ - ငပိရည်ကျိုလုပ်ငန်း”အား ဦးညီညီအမည်ဖြင့် စားသောက်ရေးဆိုင်ရာလုပ်ငန်း လက်မှတ်ရရှိထားပါသည်။ အဆိုပါ လုပ်ငန်းအား ဦးညီညီမှ ဒေါ်လှလှ နွယ် ထံသို့ (၁၀- ၃- ၂၀၂၅) ရက်စွဲပါ နှစ်ဦးသဘောတူ လုပ်ငန်းလွှဲပြောင်းအပ်နှံခြင်း ကတိစာချုပ်ဖြင့် လည်းကောင်း၊ ဒေါ်လှလှနွယ်မှ ဒေါ်အေးအေးဇော်ထံသို့ (၂၂- ၁-၂၀၂၆) ရက်စွဲပါ နှစ်ဦးသဘောတူ လုပ်ငန်းနှင့်လုပ်ငန်း လိုင်စင်လွှဲပြောင်း ပေးအပ်ခြင်း ကတိစာချုပ်ဖြင့် လွှဲပြောင်းပေးအပ်ခဲ့ပြီး ဖြစ်သည့်အတွက် ယခင် **“ဘိုဂီ ရှယ်ပဲ - ငပိရည်ကျိုလုပ်ငန်း”**အစား **“ဘိုဂီ ရှယ်ပဲ - စားသောက် ကုန်လုပ်ငန်း”**အဖြစ် ကျွန်မဒေါ်အေးအေးဇော်မှ ပြောင်းလဲလုပ်ကိုင်ဆောင်ရွက်မည်ဖြစ်၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄) ရက်အတွင်း ကျွန်မထံ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါလုပ်ငန်း ပြောင်းလဲခြင်းအား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးအေးဇော် ၁၂/မဂဒ (နိုင်) ၁၀၄၄၆၈**
**အမှတ် (၂၅)၊ နွယ်သာကီလမ်း၊ (၂၉) ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 74W/21839 ယာဉ်အမည်ပေါက်သူ Aung Khaing Soe Moe Co.,Ltd က ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြင်းခြံ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/96588, Canda-125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန်းသန်းမြင့် ၉/ပသက (နိုင်)၁၅၇၆၂၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄၀)၊ ဥသဖရားလမ်း၊ မြေကွက်အမှတ် (၅၃၇/က)၊ အကျယ်အဝန်း (၂၀ပေ × ၆၀ပေ)ရှိ ဦးချစ်မောင် (၁၂/တမန (နိုင်) ၀၄၁၉၉၈) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးစန်းနိုင် (၁၂/လကန (နိုင်) ၀၇၀၃၃၁) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။**

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးဇော်ထွန်းအောင်** | **ဦးကျော်စိုးဦး** |
| **LL.B, D.B.L, D.M.L.,** | **LL.B,** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၃၅)** | **အထက်တန်းရှေ့နေ(စဉ်-၅၄၁၈၉)** |

**ဖုန်း- ၀၉ ၇၇၇ ၇၁၁ ၃၀၈၊ ၀၉ ၄၂၅ ၃၀၇ ၂၇၃**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3G/7109 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/18195 ယာဉ်လက်ဝယ်ရှိသူ ဦးကြည်ဝင်း ၇/ရတရ (နိုင်)၁၁၅၇၅၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (တောင်ငူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 28W/53292 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးနိုင်ဦး ၇/တငန (နိုင်)၁၂၇၅၈၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (တောင်ငူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 63W/54812 Wanqiang 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးလှရွှေ ၉/မရမ(နိုင်)၀၇၅၄၂၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 35W/59071, Ve Ve Bo-125 ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းလင်း ၉/ပသက(နိုင်) ၁၇၁၇၁၄က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 61W/31280, New Aibo-125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဇေယျာလင်း ၉/မရမ(နိုင်)၀၈၉၂၂၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 56W/53706, Adixin ယာဉ်လက်ဝယ်ရှိသူ ဦးစိုးထိုက်ဦး ၅/ရတန(နိုင်) ၁၄၃၃၄၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 60W/87856, Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဦးခွန်ဇော်ဇော် ၁၃/တကန (နိုင်)၀၅၆၃၇၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ရှမ်းပြည်နယ်ရုံး(တောင်ကြီး)**

❖ မျက်မှောက်ခေတ်တိုင်အောင် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ပိုင်ဆိုင်ခွင့်ရရှိနေသည်မှာ မြန်မာ့သမိုင်းစဉ်တစ်လျှောက် ဖြတ်သန်းလာခဲ့ကြသည့် မိမိတို့၏ မြန်မာ့ဘိုးစဉ်ဘောင်ဆက်များက ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ပြီး လက်ဆင့်ကမ်းခဲ့ကြသည့် ကျေးဇူးများကြောင့်ပင်ဖြစ်...

❖ ရှေးအစဉ်အလာကောင်းများကို အတုယူပြီး မြန်မာတို့၏ကိုယ်ပိုင်ယဉ်ကျေးမှုအရင်းအမြစ်များ၊ တန်ဖိုးထားမှုစံနှုန်းများ မှေးမှိန်ကျဆင်းမသွားအောင် ဆက်လက်ထိန်းသိမ်းမြှင့်တင်ရန်မှာ မိမိတို့ အမွေခံမျိုးဆက်သစ်များ၏ အမျိုးသားရေးတာဝန်နှင့် ဝတ္တရားပင်ဖြစ်...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့တွင် ပြုလုပ်သော (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# စစ်ဆင်ရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့ပြီး ရှုပ်ရှုပ်ချချတိုက်ပွဲဝင်ခဲ့သော အောင်ပွဲအလီလီရ ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို



နေပြည်တော် ဖေဖော်ဝါရီ ၁၁

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ဒေသတစ်ဝိုက်ရှိ AA လက်နက်ကိုင် အကြမ်းဖက်အဖွဲ့များနှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များအား ရှုပ်ရှုပ်ချချတိုက်ပွဲဝင်၍ အောင်ပွဲအလီလီရယူနိုင်ခဲ့သော ရှေ့တန်း ပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် အင်းတိုင်ကျေးရွာရှိ နယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ပြည့်စုံလင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသား/ ကျောင်းသူများ၊ အနုပညာရှင်များနှင့် ဒေသခံပြည်သူများ ပါဝင်တက်ရောက် ဂုဏ်ပြုကြိုဆိုကြသည်။ *စာမျက်နှာ ၁၂ ကော်လံ ၁* ❑

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အဖွဲ့ဝင် အမျိုးသား ၁၆ ဦးတို့ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၁၁

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်လျက် ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် PDF အဖွဲ့မှ အမျိုးသား ၁၆ ဦးတို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ယနေ့တွင် ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည်။

*စာမျက်နှာ ၁၇ ကော်လံ ၁* ❖



## ယနေ့ သတင်းအညွှန်း

တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော်သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် အမည်စာရင်းကြေညာ

ပြည်တွင်းသတင်း စာ ၆

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် (နေပြည်တော်) ကို ဖေဖော်ဝါရီ ၁၄ ရက်အထိ ကျင်းပသွားမည်

ပြည်တွင်းသတင်း စာ ၈



သဃ်န်းကျွန်းမြို့နယ်နှင့် တာမွေမြို့နယ်တို့၌ ငွေကျပ်သိန်း ၂၀၅၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

ပြည်တွင်းသတင်း စာ ၁၇

# မန်ယူက ဝက်စ်ဟမ်းကို သရေကျခဲ့သောကြောင့် နိုင်ပွဲဆက်မှု ရပ်တန့်

ပရီမီယာလိဂ်ပွဲစဉ်(၂၆)မှ ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၂ နာရီ ၄၅ မိနစ်က London Stadium ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် ဝက်စ်ဟမ်းနှင့် မန်ယူအသင်းပွဲစဉ်တွင် ရှက်ကို၏ နောက်ကျချေပဂိုးကြောင့် တစ်ဖက်တစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။

အိမ်ကွင်းအားသာချက်ရှိသည့် ဝက်စ်ဟမ်းအသင်းသည် မန်ယူအသင်းကို ဖိအားပေးကစားနိုင်ခဲ့သော်လည်း ပထမပိုင်းတွင် ဂိုးမရှိသရေရလဒ်ဖြင့် အဆုံးသတ်ခဲ့သည်။ ဒုတိယပိုင်း မိနစ် ၅၀ တွင် ဘိုဝင်၏ ဖန်တီးမှုမှ ဆူးချက်က ဝက်စ်ဟမ်းအသင်းအတွက် ဦးဆောင်ဂိုး သွင်းယူပေးခဲ့သည်။

ပွဲကစားချိန် ၆၃ မိနစ်တွင် ကွင်းလယ်ကစားသမား ကက်စမီရိုက မန်ယူအသင်းအတွက် ချေပဂိုးသွင်းယူပေးနိုင်ခဲ့သော်လည်း ဗွီအေအာရ်က ပယ်ဖျက်ခဲ့သည့်အတွက် နစ်နာခဲ့ရသည်။ ဝက်စ်ဟမ်းအသင်းသည် ဆူးချက်၏ သွင်းဂိုးဖြင့် မန်ယူအသင်းကို နိုင်ပွဲရရှိရန်နီးစပ်ခဲ့သော်လည်း ပွဲချိန်ပြည့်ခါနီးတွင် လူစားဝင်တိုက်စစ်ကစားသမား ရှက်ကို၏ ချေပဂိုး ပြန်လည်ခွင့်ပြုပေးခဲ့ရသည့်အတွက် တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့ခြင်းဖြစ်သည်။

ယခုပွဲစဉ် သရေကျမှုကြောင့် မန်ယူအသင်းက နိုင်ပွဲဆက်ရရှိမှုမှတ်တမ်း ရပ်တန့်ခဲ့သော်လည်း ရမှတ် ၄၅ မှတ်ဖြင့် အဆင့်(၄)တွင် ဆက်လက်ရပ်တည်နေသည်။ *စာမျက်နှာ ၁၂ ကော်လံ ၁* ❍

မြန်မာ့အလင်း

၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁၂ ရက်၊ ကြာသပတေးနေ့





( ၇၉ ) နှစ်မြောက်

# ပြည်ထောင်စုနေ့ကို

ဂုဏ်ပြုပါ၏။



*အချပ်ပို (ဃ) မှ*

ဘယ်လိုကြိုးစားကြမလဲ၊ ကိုယ်လုပ်နေသည့် ကောင်းရာကောင်းကျိုး အလုပ်များ၌ ကိုယ်စီတာဝန်ကျေပွန်အောင် ထမ်းရွက်ကြရန်ပင် ဖြစ်သည်။

မိမိတို့ ကျရာတာဝန်များနှင့်အတူ ရည်မှန်းချက်များ အောင်မြင်ပြီးမြောက်နေလျှင် မိမိကော လူ့အဖွဲ့အစည်းပါ တိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်ပြီး ဖော်ပြခဲ့သော တရားများလည်း လိုက်ပါထွန်းကားလာမည်မှာ သေချာပါသည်။ သို့ဖြစ်၍ လောကပါလတရားကို အခြေခံ၍သာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုနှင့် ထာဝရငြိမ်းချမ်းရေးကို ကျွဲကူးရေပါ ရရှိလာမည်ဟု အလေးအနက် ယုံကြည်ထားခြင်း ဖြစ်ပါသည်။ ထို့ကြောင့်လည်း ၂၀၂၆ ခုနှစ် (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များတွင် လောကပါလတရားနှင့် ထာဝရငြိမ်းချမ်းရေးကို ဆက်စပ်ထားခြင်းမှာ အလွန်လေးနက်သည်ဟု ဆိုရပါမည်။

ပို၍အရေးကြီးသည်မှာ လောကပါလတရားများ တိုးတက်အောင် ဆောင်ရွက်နေစဉ်မှာပင် တစ်ဖက်ကလည်း ထိုတရားများကို ဟန့်တားနှောင့်ယှက်နေသည့် အခြေအနေဆိုးများကို ဖန်တီးခွင့်မပေးရန် ဖြစ်ပါသည်။ အပြုသဘောကို ဆန့်ကျင်နေသည့် အဖျက်တရားများနှင့် အကောင်းနှင့် ဒွန်တွဲပါလာတတ်သည့် အဆိုးသဘောများကို မျက်ခြည်ပြတ်မခံဘဲ သတိ၊ ဝီရိယ၊ ပညာဖြင့် ကာကွယ်ဟန့်တားနေရန် လိုအပ်မည်ဖြစ်ပါသည်။ သို့ဆိုလျှင် အဖျက်နှင့် အဆိုးသဘောများဆိုသည်ကို ဆန်းစစ်ရပါမည်။ လွတ်လပ်ခြင်းကို မလိုလားသူတွေရှိသည်၊ လိုလားသူတွေရှိသည်။ မလိုလားသူတို့ကား လက်နက်အားကိုးပြီး အကြောက်တရားဖြင့် ဖိနှိပ်ကြိုးစိုးရာ နယ်မြေကွက်ကွက်လေးတွင် မတရားရယူထားသမျှ အာဏာနှင့် စည်းစိမ်ဥစ္စာကို အာသာငမ်းငမ်း ဖက်တွယ်၍ မိမိတို့လူမျိုးများ၏ စားဝတ်နေရေးနှင့် ပညာရေး၊ ကျန်းမာရေး လူမှုစီးပွားဘဝများအားလုံးကို ချုပ်ကိုင်ထားကြသည်။ သူတို့ကြောင့်ပင် ဒေသခံတိုင်းရင်းသားများ ဆင်းရဲတွင်းနက်ကြရပြီး ငြိမ်းချမ်းသော ဒေသနှင့် မငြိမ်းချမ်းသောဒေသများအကြား တိုင်းရင်းသားတွေခမျာ ဆင်းရဲချမ်းသာနှင့် ဖွံ့ဖြိုးမှု မဖွံ့ဖြိုးမှု ကွာဟချက်ကို ဆိုးဆိုးရွားရွား ခံစားကြရသည်။

သူတို့၏ မဟုတ်မမှန် ဝါဒဖြန့်ချိမှုများ၊ အဖျက်အမှောင့်၊ အနှောင့်အယှက်များအောက်တွင် တိုင်းရင်းသားများ၏ မှန်ကန်သော အသိအမြင်များ ပျောက်ကွယ်နေရပြီး ပကတိအခြေအနေမှန်များနှင့်လည်း ကင်းကွာလျက်ရှိကြသည်။ အတွေးအမြင်မမှန်သည့်အတွက် အသိလည်းမမှန်နိုင်၊ မိမိတို့ပြုမူဆောင်ရွက်ချက်မှန်သမျှ မှန်ကန်သောလမ်းကြောင်းပေါ်တွင် မရှိကြတော့ဘဲ အစွန်းတစ်ဖက် ဆိုက်ရောက်သွားသည့် အစွန်းရောက် အကြမ်းဖက်များသာ

**အရှက်၊ အကြောက်ဟူသော အခြေခံတရား ကင်းမဲ့သရွေ့ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသည့် မြင့်မြတ်သောတရားများ ထားနိုင်ကြမည် မဟုတ်တော့ဘဲ သူတစ်ပါး၏ လူမှုဘဝများကို မတရားချနင်းရန် ဝန်မလေးတော့သည်အထိ ဆိုးရွားစွာ ပြုမူလာကြသည်။ အတ္တဖက်၍ ကိုယ်ကျိုးစီးပွားကို အလွန်အကြူး အာရုံစိုက်လာကြခြင်းက အဓိကဖြစ်ပြီး လူ့အဖွဲ့အစည်းအတွင်း အမုန်းပွားပြီး အငြိုးအာဃာတများသာ ကြီးထွားလာရတော့သည်။ ထိုအခြေအနေမျိုးတွင် လွတ်လပ်ခြင်း၏ အရသာကို ပြည်သူအားလုံး ကောင်းစွာခံစား၍ ရနိုင်ပါမည်လား။ ညီညွတ်မှုကော ရနိုင်ပါ့မလား။ တရားမျှတမှုကော ရှိနိုင်ပါတော့မလား။**

ဖြစ်ကြရတော့သည်။ ထိုကဲ့သို့ အခြေအနေတွင် တန်းတူညီမျှမှုဆိုသည်မှာ တစ်ပြေးတည်းမဖြစ်နိုင်တော့ပေ။ ထို့ကြောင့် တိုင်းရင်းသားအချင်းချင်း၊ နိုင်ငံသား အချင်းချင်းကြား စည်းလုံးညီညွတ်မှုရရှိရန် ခဲယဉ်းနေရခြင်းဖြစ်သည်။

**ညီညွတ်မှုအခြေခံသည့်**
**အမျိုးသားရေး ဦးတည်ချက်များဖြင့်**

လူသားတစ်ဦးအနေဖြင့် မိမိကိုယ်မိမိ လွတ်လပ်မှုမရှိ၊ မျှတသည်ဟု မခံစားရလျှင် တစ်ဦးအပေါ်တစ်ဦး နားလည်ပေးနိုင်မှု၊ ထားသင့်သည့် ယုံကြည်မှုများနှင့် အချင်းချင်းကြားက ချစ်ကြည်ရင်းနှီးမှုများ ပျောက်ဆုံးသွားနိုင်ပါသည်။ ထိုအချက်များကို အခြေခံ၍သာ ညီညွတ်မှုစိတ်ဓာတ်ကို တည်ဆောက်ရမည် မဟုတ်ပါလား။ ထို့ကြောင့်လည်း နိုင်ငံတော်က ထိုညီညွတ်မှုစိတ်ဓာတ်ကို ရနိုင်သမျှ အခြေခံ၍ ပါတီစုံဒီမိုကရေစီလမ်းကြောင်းအတိုင်း လျှောက်လှမ်းနေခြင်းဖြစ်သည်။ ထိုလမ်းကြောင်းပေါ်မှာ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်မည်ဟု ခံယူထား၍ ဖြစ်သည်။

ထိုခံယူချက်အတိုင်းလည်း နိုင်ငံတော်က တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ကြိုးစားတည်ဆောက်လျက်ရှိပါသည်။ ပါတီစုံဒီမိုကရေစီ၊ ဖက်ဒရယ်နှင့် ပြည်ထောင်စုဆိုသည့် အနှစ်သာရသည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ လိုလားချက်ဖြစ်၍လည်း နိုင်ငံတော်အစိုးရနှင့် တပ်မတော်က ကြိုးစားတည်ဆောက်ပေးနေခြင်းဖြစ်သည်။

ထိုလိုလားချက်များ ပြည့်မီရန်မှာ တိုင်းပြည်အေးချမ်းသာယာရေးသည် အဓိကကျသဖြင့် တရားဥပဒေစိုးမိုးရေးကို အသက်သွေးချွေး အရင်းအနှီးများစွာပေးဆပ်၍ တည်ဆောက်နေခြင်းဖြစ်သည်။ ဘယ်လောက်ဝေးဝေးဖြစ်ပါစေ၊ မည်သို့သော အဟန့်အတား အနှောင့်အယှက်မျိုးရှိရှိ ဆက်လျှောက်နိုင်အောင်၊ ဆက်လက်တည်ဆောက်နိုင်အောင် တစ်မျိုးသားလုံး၏ သန္နိဋ္ဌာန်ကို ခိုင်မာအောင် ကြိုးစားတည်ဆောက်ရမည်သာ ဖြစ်ပါသည်။

နိုင်ငံတော်သည် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေး ရည်မှန်းချက်များအဖြစ်သတ်မှတ်၍ ကြိုးပမ်းဆောင်ရွက်နေသည်။ တိုင်းရင်းသားပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဝိုင်းဝန်းဖော်ဆောင်ပေးနေပါသည်။ အရေးကြီးသော အမျိုးသားရေးဦးတည်ချက်များလည်း ဖြစ်နေသည်။ သို့သော် မည်သည့်ရည်မှန်းချက်၊ မည်သည့်ဦးတည်ချက်မဆို ပြည်သူတစ်ရပ်လုံးပါဝင်မှသာ အောင်မြင်မည်ဖြစ်သည်။ ပြည်သူတို့၏ စုစည်းညီညွတ်မှုအားမပါဘဲ အောင်မြင်နိုင်မည်မဟုတ်ပါ။ ထိုညီညွတ်မှုအားကိုလည်း စိတ်ဓာတ်နှင့် ခံယူချက်ကောင်းသော တစ်နည်းအားဖြင့် အရည်အသွေးပြည့်သော လူ့စွမ်းအားအရင်းအမြစ်ဖြင့်သာ တည်ဆောက်နိုင်မည်ဟု ခံယူထားပါသည်။

**ပြည်ထောင်စုစိတ်ဓာတ်မှ တစ်ဆင့်**

စိတ်ဓာတ်နှင့် ခံယူချက်ကောင်းခြင်းကို တိုင်းပြည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု၏ အရည်အသွေးတစ်ခုအဖြစ် တန်ဖိုးထားပါသည်။ ရေရှည်ဖွံ့ဖြိုးရေးတိုးတက်ရေးကို အစိုးရတစ်ရပ်တည်း၊ လွှတ်တော်တစ်ရပ်တည်း၏ အင်အားနှင့် တည်ဆောက်၍ မရနိုင်ပါ။ အစိုးရ၊ တပ်မတော် Institutions များ အပါအဝင် ပြည်သူလူထုအလွှာအားလုံး၏ စိတ်ဓာတ်အင်အား၊ ခံယူချက်ကောင်းတို့ဖြင့် တည်ဆောက်ထားသော စုစည်းညီညွတ်မှုအင်အားများ လိုအပ်လှသည်။

**သို့မှသာ ထာဝရမြဲမြံသော စည်းလုံးညီညွတ်မှုကို ရရှိမည်ဖြစ်သည်။ သို့ဆိုက တည်ဆောက်ယူရမည့် စိတ်ဓာတ်ဟူသည် အဘယ်နည်း။ တစ်စိတ်တစ်ဝမ်းတည်း ကျောသားရင်သား မခွဲခြား၊ တစ်အူထုံ့ဆင်း ညီရင်းအစ်ကိုပမာ မိသားစုစိတ်ဓာတ်၊ ကိုယ့်လူမျိုးကို အထိပါးမခံ၊ ကူညီစောင့်ရှောက်တတ်သည့် ပြည်ထောင်စုစိတ်ဓာတ်၊ ၁၃၅ မျိုးသော တိုင်းရင်းသားအားလုံး ကိုယ်ပိုင်ဘာသာသာသနာနှင့် ကိုယ်ပိုင်ယဉ်ကျေးမှု အစဉ်အလာကောင်းများနှင့် ပြည့်စုံသည့် မြန်မာနိုင်ငံသားအားလုံး ပိုင်ဆိုင်သည့် မြန်မာဆိုသည့် စိတ်ဓာတ်မျိုးကို ဆိုလိုပါသည်။**

*အချပ်ပို (ဂ) သို့*



(၇၈)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပစဉ်။



*အချုပ်ပို (ခ) မှ*

ထိုစိတ်ဓာတ်ကပင် မျိုးချစ်စိတ်ကို မွေးဖွားပေးပါသည်။ ဤမြေ၊ ဤရေ၊ ဤဒေသ ဟူ၍ အစွန်းမရောက်သော မိမိလူမျိုးချစ်စိတ်နှင့်တကွ နိုင်ငံချစ်စိတ်ကိုပါ ဖြစ်ထွန်းစေပါသည်။ ထိုသို့သော အမျိုးသားရေးစရိုက်လက္ခဏာများ ကိန်းအောင်းနေမည်ဆိုက တိုင်းပြည်ကို ဖွံ့ဖြိုးတိုးတက်အောင် ကောင်းစွာတည်ဆောက်နိုင်ပါသည်။ တိုင်းပြည်အရေး၊ ပြည်တွင်းပြည်ပ ဖိအားနှင့် မည်သည့်စိန်ခေါ်မှုမဆို ဖြေရှင်းနိုင်မည်ဖြစ်ပါသည်။ ဘယ်အရေးမဆို ရင်ဆိုင်ကျော်လွှားနိုင်ပါသည်။ အမှောင့်ပယောဂမျိုးစုံကို ပုဂ္ဂိုလ်စွဲ၊ လူမျိုးစွဲ၊ ဒေသစွဲမထားဘဲ ချေဖျက်နိုင်ပါသည်။ သို့ဖြစ်၍ ထိုမျှ အရေးကြီးသော ပြည်ထောင်စုစိတ်ဓာတ်ကို မိမိတို့ ဘယ်လိုတည်ဆောက်ယူကြမလဲ ဆိုသည်မှာ အခြေအနေအရ အရေးကြီးလာပါသည်။

မလိုမုန်းတီး၊ ရန်လိုမှုမှန်သမျှသည် စည်းလုံးညီညွတ်မှုနှင့် ပြဒါးတစ်လမ်း သံတစ်လမ်း ဖြစ်ပါသည်။ ထို့ကြောင့် မေတ္တာ၊ စေတနာထား၍ တစ်ဦးနှင့်တစ်ဦး ရှင်သန်ရပ်တည်နိုင်စွမ်းကို အပြန်အလှန် အာမခံချက်ပေးခြင်းဖြင့်သာ ပြည်ထောင်စုစိတ်ဓာတ်ကို ရရှိစေမည်ဖြစ်သည်ဟု ယုံကြည်ပါသည်။ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီညွတ်ခြင်းတို့ အခြေခံထားသော လူမျိုးတစ်မျိုး၊ ဒေသတစ်ခု၏ အကျိုးစီးပွားကို အပြန်အလှန် အသိအမှတ်ပြု ကူညီထောက်ကူခြင်းဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကို ခိုင်မြဲစေမည်ဖြစ်သည်ဟု ခံယူပါသည်။ ထိုမှတစ်ဆင့် တစ်နိုင်ငံလုံး၏ ဘုံအမျိုးသားအကျိုးစီးပွား (National Interest) ဖြစ်သော ဒို့တာဝန်အရေးသုံးပါးကို ဖော်ဆောင်ကြရပါမည်။

ယခုလက်ရှိ ကမ္ဘာ့ပထဝီနိုင်ငံရေး၊ စီးပွားရေး အပြောင်းအလဲများနှင့် မြန်မာဖြစ်ရပ်များကို လေ့လာ၍ မြန်မာတို့၏ အမျိုးသားရေးအဆောက်အအုံဖြစ်သော ဒို့တာဝန်အရေးသုံးပါးသည် ထာဝရ ခိုင်မြဲနေရမည်ဟု မျှော်လင့်ပါသည်။ လက်ရှိအခြေအနေက အတိမ်းအစောင်း မခံ၊ အမှားမခံသည့် အနေအထားတွင် ရှိနေသောကြောင့်ဖြစ်သည်။ ထို့ကြောင့် မိမိတို့၏ ကိုယ်ပိုင်ရပ်တည်ချက် မပြောင်းကြရန် လိုသည်။ အမျိုးသားရေး ပုံဖျက်မခံရရန် အရေးကြီးပါသည်။ ထို့ကြောင့်လည်း အနာဂတ်မျိုးဆက်များမှာ ပညာရေး၊ ဘာသာရေး၊ ယဉ်ကျေးမှု၊ အားကစား စသည့်ကဏ္ဍစုံ ဘက်စုံဖြင့် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားအောင် နိုင်ငံတော်မှ ကြိုးပမ်းဆောင်ရွက်ပေးနေသည်ကို တွေ့ရမည်ဖြစ်သည်။

တစ်ပါးနိုင်ငံ၏ အစေခံ၊ လက်ဝေခံဖြစ်ချင်သူတွေ၊ ကျွန်စိတ်ပေါက်နေသူများကြောင့်လည်း တိုင်းပြည်ကို မယိမ်းယိုင်၊ မပြိုလဲ (Fail State) ဖြစ်မသွားရန် မျက်ခြည်မပြတ် ကာကွယ်စောင့်ရှောက်နေရသည်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး ဦးတည်နေသည့် ပါတီစုံဒီမိုကရေစီနှင့် ဖက်ဒရယ်မြင်ကွင်းသစ်ကို ဖျက်လိုဖျက်ဆီးလုပ်နေသူများ၏ရန်မှ ကာကွယ်ရန် တာဝန်များလည်း ရှိနေသည်။ ထို့ကြောင့် တည်တည်ငြိမ်ငြိမ်ဖြင့် မှန်ကန်တည့်မတ်နေရန် အရေးကြီးပြီး ဘေးချော်ထွက်မသွားရန် သတိထားကြရမည့် အခြေအနေဖြစ်ပါသည်။ မြန်မာနိုင်ငံတော်ကြီး ပြိုကွဲအောင် ချိုးဖဲ့နေသူများထဲ ကိုယ်မပါမိအောင် သတိထားရပါမည်။ လက်ရှိအခင်းအကျင်းများအရ ကျွန်ုပ်တို့အားလုံး လမ်းကြောင်းမှန်ပေါ်တွင် လျှောက်လှမ်းနေကြပြီဖြစ်၍ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် အရာရာ မပေါ့ဆဘဲ အမျိုးသားအကျိုးစီးပွား အစဉ်ရှင်သန်ရေး အလေးထား ကြိုးစားဆောင်ရွက်သွားကြဖို့ တိုက်တွန်းရေးသား တင်ပြလိုက်ရပါသည်။ ။

“ မိမိတို့ ကျရာတာဝန်များနှင့်အတူ ရည်မှန်းချက်များ အောင်မြင်ပြီးမြောက်နေလျှင် မိမိကော လူ့အဖွဲ့အစည်းပါ တိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်ပြီး ဖော်ပြခဲ့သောတရားများလည်း လိုက်ပါထွန်းကားလာမည်မှာ သေချာပါသည်။ သို့ဖြစ်၍ လောကပါလတရားကို အခြေခံ၍သာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုနှင့် ထာဝရငြိမ်းချမ်းရေးကို ကျွဲကူးရေပါ ရရှိလာမည်ဟု အလေးအနက် ယုံကြည်ထားခြင်းဖြစ်ပါသည်။ ထို့ကြောင့်လည်း ၂၀၂၆ ခုနှစ် (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များတွင် လောကပါလတရားနှင့် ထာဝရငြိမ်းချမ်းရေးကို ဆက်စပ်ထားခြင်းမှာ အလွန်လေးနက်သည်ဟု ဆိုရပါမည်။ ”




၂၀၂၂ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနား ကျင်းပစဉ်။



၂၀၂၂ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနား နေပြည်တော်၌ ကျင်းပစဉ်။

# ပြည်ထောင်စုစိတ်ဓာတ်ဖြင့် အမျိုးသားအကျိုးစီးပွားကို ရှင်သန်စေမည်

မိုးမြင့်

လောကကြီး ငြိမ်းချမ်းသာယာရေးအတွက် လောကကို စောင့်ရှောက်သော တရားနှစ်ပါးရှိသည်။ မကောင်းမှုလုပ်ရမှာကို ရှက်တတ်၊ ကြောက်တတ်ခြင်းဖြင့် လောကကြီးကို စောင့်ရှောက်ပေးသည့် ဟီရိ၊ ဩတ္တပ္ပတရားဟူ၍ နှစ်ပါးဖြစ်ပါသည်။ ထိုအရှက်၊ အကြောက် အခြေခံတရားမျှ မရှိကြခြင်းကြောင့် မလုပ်သင့်မလုပ်ထိုက်၊ မပြောသင့်မပြောထိုက်သည်များကို နောက်ပိုင်းဖြစ်လာမည့် အကျိုးဆက်ကို မမြင်နိုင်လောက်အောင်ပင် ပြောဆိုလုပ်ကိုင်လာကြသည်။ မကောင်းသည်ကို မရှက်၊ မကြောက် ၊ ရဲရဲတင်းတင်း လုပ်ရဲ၊ ပြောရဲလာသည့်အခါ လောကလူသားတို့မှာ မည်သို့မှ မငြိမ်းချမ်းနိုင်တော့သည်သာ။

**အခြေခံ လောကပါလတရားမရှိကြ၍**

လောကပါလတရား ရှိမှု / မရှိမှုအပေါ်တည်၍ သူကောင်းနှင့် သူယုတ်ဟူ၍ ကွဲပြားသွားသည်။ အရှက်၊ အကြောက်ရှိ၍ ကောင်းတာလုပ်သူသည် သူကောင်း၊ အရှက်အကြောက်ကင်းပြီး မဟုတ်တာလုပ်သူသည် သူယုတ်ဆိုပြီး ခွဲခြားနိုင်သည်။ သူယုတ်တို့၏ ဒုစရိုက်အမှုများကြောင့် လူတို့တွင် ဆင်းရဲပူလောင်ရသည်။ သူတို့ကြောင့် တရားမဲ့ဖြစ်ပြီး လောကကြီး ပျက်စီးရသည်။ လောကပါလတရား မသိသည့် ဤလူများက ငြိမ်းချမ်းခြင်းဆိုသည်ကို အမှန်သိပါ့မလား၊ ငြိမ်းချမ်းရေးကိုကော ကာကွယ်စောင့်ရှောက်နိုင်ပါ့မလား။ စောင့်ရှောက်နိုင်မည်မဟုတ်သည့်အပြင် အဆိုးဘက်သို့သာ တွန်းပို့နေကြသည်ကို တွေ့နေရသည်။ လောကပါလဆိုသည့် အခြေခံအသိတရားကိုမျှ အလေးမထား၊ မသိ၊ နားမလည်ကြသည့်အတွက် လူ့အဖွဲ့အစည်းအတွင်း ပြဿနာများ ဖြစ်လာရခြင်းဖြစ်သည်။ ပဋိပက္ခများ ကြီးထွားလာရခြင်းဖြစ်သည်။

အရှက်၊ အကြောက်ဟူသော အခြေခံတရားကင်းမဲ့သဖြင့် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသည့် မြင့်မြတ်သောတရားများ ထားနိုင်ကြမည်မဟုတ်တော့ဘဲ သူတစ်ပါး၏ လူမှုဘဝများကို မတရားချနင်းရန် ဝန်မလေးတော့သည်အထိ ဆိုးရွားစွာပြုမူလာကြသည်။ အတ္တဖက်၍ ကိုယ်ကျိုးစီးပွားကို အလွန်အကြူး အာရုံစိုက်လာကြခြင်းက အဓိကဖြစ်ပြီး လူ့အဖွဲ့အစည်းအတွင်း အမုန်းပွားပြီး အငြိုးအာဃာတများသာ ကြီးထွားလာရတော့သည်။ ထိုအခြေအနေမျိုးတွင် လွတ်လပ်ခြင်း၏ အရသာကို ပြည်သူအားလုံး ကောင်းစွာ ခံစား၍ရနိုင်ပါမည်လား။ ညီညွတ်မှုကော ရနိုင်ပါ့မလား။ တရားမျှတမှုကော ရှိနိုင်ပါတော့မလား။

**လွတ်လပ်ခြင်း၊ တရားမျှတခြင်းနှင့် ညီညွတ်မှုရှိရန်လိုအပ်နေ**

ထို့ကြောင့် တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီညွတ်ခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားရန် လိုအပ်ခြင်းဖြစ်ပါသည်။ လောကကြီးအတွက် စဉ်းစားပြီး တစ်ဦးတစ်ယောက်ချင်းစီတွင် ထိုအခြေခံတရားများ ထွန်းကားနေအောင် ကြိုးစားအားထုတ်ရပါမည်။

*အချပ်ပို (ခ) သို့*

## သွေးစည်းစို့

❖ နောင်ညီဆွေ ပြည်ထောင်ဖွား
တိုင်းရင်းသားစုံအညီ၊
မကွေ့မယိုင်
ယနေ့တိုင် ခေတ်သမိုင်းထိ
ရိုင်းပင်းချစ်ကြည်၊
ရေပြင်မှာ ဘယ်လိုသား
အကြားလည်း မထင်ပြီ
အစဉ်တည် မေတ္တာများ၊
ကျူးကျော်သူ ရန်ခပင်းကို
တွဲလက်ညီ ဆုပ်လက်တင်း
ခွင်းခဲ့တကား။

❖ ကိုလိုနီ ဟိုတစ်ခေတ်
ယုတ်ညစ်သည့် မျက်နှာဖြူ၊
တိုင်းရင်းဆွေ ညီနောင်ထဲ
သွေးကွဲစေသူ၊
ညီနောင်ချင်း အတူတူ
တစ်မူစီခွဲခြား၊
တို့ပြည်ထောင် သမိုင်းခဏ
ရိုင်းရတကား။

❖ ကိုလိုနီ လက်သစ်နည်း
ခေတ်ရေစီး ရှိဆဲပင်၊
နယ်ပယ်စုံ စိမ့်ဝင်ရိုး
ကြိုးကိုင်ကြအင်၊
ညီညွတ်မှု အပျက်တွင်
အသက်ငင် နိုင်ငံ့အား၊
အသိ...ဉာဏ်ယှဉ်
သတိ...တစ်ဖန်ဝင်လို့
ပြည်ထောင်ခွင် လုံခြုံအေးအောင်
နောင်ညီဆွေ စေ့စေ့တွေးလို့ရယ်
သွေးစည်းစို့လား......။ ။

မောင်စိမ်းနောင်(လယ်ဝေး)